www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# သမုဒယသူ့ရဲ့ကောင်း

ရှင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com

31 AUG 2013


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်သန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ညွန့်(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရှင် (မြ-၁၀၀၉၈)
(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃

ရှင်မြတ်နိုး
သမုဒယသူရဲကောင်း/ရှင်မြတ်နိုး။ ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၃။
(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) သမုဒယသူရဲကောင်း


BURMESE CLASSIC .com

အခန်း ( ၁ )

"ကျွန်မ ဘာမှမသိတော့ဘူး ... စဉ်းစားလို့လည်း မရတော့ဘူး၊ ကျွန်မ ဘယ်ကိုရောက်နေတာလဲ ... ရှင် ... ရှင် ဘယ်သူလဲ"

"ကိုယ့်ကားနဲ့မင်းကို တိုက်မိတာပဲ မိန်းကလေး ... မင်းက ကိုယ့်ကားရှေ့မှာ ချော်လဲတာလေ ... ကိုယ်အရှိန်သပ်လိုက်နိုင်လို့ပေါ့၊ မင်းခေါင်းတော့ နည်းနည်းထိထားတယ်ထင်တယ်"

"ဟင် ... "

"ဟုတ်လား ... "

"မင်းနာမည် မှတ်မိလား"

"ရှင် ... "

"အင်း ... မှတ်မိတယ် ငွေခရ ... "

"ငွေခရ"

"အင်း"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်မှာနေလဲ … ညအချိန်ကြီး ဘာဖြစ်လို့လမ်းပေါ်မှာ ပြေးနေရတာလဲ"

သူမ သတိရပါပြီ။

ညအချိန်မတော် လမ်းမပေါ်ပြေးရတာက ပထွေးကြောင့်။

အမေ့ကိုလည်း ရိုက်နှက်ပြီး ငွေခရကိုပါ စော်ကားဖို့ ကြံစည်၍ သူမ ရုန်းကန်ထွက်ပြေးလာခြင်း ဖြစ်သည်။

အခု သူမ ရောက်နေတာက သူမအထင် သူဌေးကားနဲ့တိုက်မိတာပဲ ဖြစ်နိုင်သည်။

"ဘုရားရေ … ခရက်ကောင်းတာပဲ၊ သူဌေးကားနဲ့မှ တိုက်မိတယ်၊ ငါ အတိတ်မေ့ချင်ယောင်ဆောင်လိုက်ရင် ကောင်းမလားပဲ၊ နေစရာလည်း မရှိဘူး … အိမ်ပြန်ရင်လည်း ပထွေးလက်စာမိလိမ့်မယ်၊ ဟုတ်တယ် … ငါအတိတ်မေ့ပစ်ရမယ်၊ ဒါမှ ငါ့ဘဝ လုံခြုံမှာပါ"

ခရ ဆုံးဖြတ်လိုက်သည်။

သူမဘဝမှာ မှီခိုအားထားရာ မရှိပေ။ အရက်သမားပထွေးရဲ့လက်တွင်းမှ လွတ်မြောက်အောင် အမြဲတမ်း အထိတ်တလန့် ရှောင်ကွင်းနေခဲ့ရသည်။ မထူးတော့ပါဘူး။ ဒီမှာ အိမ်ဖော်အဖြစ်ပဲ နေရနေရ ငွေခရနေဖို့ပဲ ဖြစ်သည်။

"ငွေခရ"

"ရှင်"





"တခြား ဘာမှတ်မိသေးလဲ … မင်းမိဘတွေ မင်းနေတဲ့နေရာ …"

"ဟင့်အင်း … ဘာမှမမှတ်မိတော့ဘူး၊ ကျွန်မ ဘယ်မှာနေတာလဲ … အမလေး ဒုက္ခပါပဲ … ကျွန်မ စဉ်းစားလို့ တကယ်မရတော့တာပါ"

"အင်းလေ … မင်းက ခေါင်းထိထားတော့ လောလောဆယ် ဘာမှမစဉ်းစားဘဲ အနားယူလိုက်ပါ ငွေခရ … ကိုယ့်နာမည်က မြတ်သုတ …"

"ဟုတ်ကဲ့"

BURMESE CLASSIC .com

"မင်း ဘာမှစိတ်မပူနဲ့နော် ငွေခရ … ဒီတိုက်ကြီးက ကိုယ်ပိုင်တာပဲ … ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ မင်းကိုစောင့်ရှောက်ပေးထားပါ့မယ် … မင်းမှာ တခြားဒဏ်ရာရော ရထားတာရှိလား"

"ဟင့်အင်း … ခေါင်းပဲထိတာပါ"

"အား … ကျွတ် ကျွတ်၊ ခေါင်းတွေတအားမူးတာပဲ … ခရ အိပ်လို့ရမလားဟင်"

"အိပ်လေ … ရတာပဲ၊ မင်း ဒီမှာနေလို့ရပါတယ်၊ ကိုယ့်မှာ အစ်မတစ်ယောက်ပဲ ရှိတယ်လေ … မမသွင်သွင်သော်တဲ့ … အခု အနွယ်လေးမှာ …"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ကိုမြတ်သုတကို ကြည့်ရတာ ရိုးသားဖြူစင်သူဟု ထင်သည်။

ခရ မှားသွားပြီလား။

အမှန်အတိုင်းလည်း ပြောမပြရဲ။

သူမကို ပြန်ဆိုလျှင် ပြန်စရာမှမရှိတာ။

ရ ပထွေးက အရက်သမား လူယုတ်မာ။

အမေ့ကို အကြောင်းမရှိ အကြောင်းရှာ ရိုက်နှက်တတ်သည်။ ပထွေးက ခရကို ကြံစည်ဖို့ အမြဲကြိုးစားနေတာပါ။

"ငွေခရ ... မင်းဘာတွေစဉ်းစားနေတာလဲကွာ၊ အသာလေး မှိန်းနေလိုက်ပါ၊ တဖြည်းဖြည်းမှ စဉ်းစားနော် ... "

"ဟုတ်ကဲ့"

"ကိုယ်သွားပြီ ... မင်းကို နှောက်ယှက်မယ့်သူ တစ်ယောက်မှမရှိဘူး၊ စိတ်မပူပါနဲ့ ... အိပ်တော့နော် ... "

"ဟုတ်ကဲ့ ... "

ကိုမြတ်သုတက ယုံလွယ်တာပဲ။ သူမက လိမ်ညာပြောလိုက်ရတာ စိတ်ထဲမှာ မလုံမိ။

ဘယ်လိုလုပ်ရမလဲ။

ခရမှာ တခြား ယုတ်မာကောက်ကျစ်တဲ့ ဆန္ဒတွေ မရှိပါဘူး ကိုမြတ်သုတရယ်။ နားခိုခွင့်လေး ရရုံပါ။ သူမ အိပ်စက်ဖို့ ကြိုးစား





သည်။

အိပ်မရ။

မျက်လုံးတွေက ကြောင်စီစီ ဖြစ်နေသည်။

"ငွေခရ လာပြီး နင်းပေးစမ်း ... ဦးလေးညို ခြေသလုံးတွေ တောင့်နေလို့ ... "

"ဟုတ်ကဲ့ ... "

ပထွေးက အပျိုမလေး ငွေခရအား အနင်းအနှိပ် ခိုင်းနေတာ အမေက နည်းနည်းလေးမျှပင် ဟန့်တားနိုင်ခြင်း မရှိခဲ့။

ငွေခရက မလုပ်ပေးချင်။

အမေကိုပြောတော့ ...

"လုပ်ပေးလိုက်ပါ ရရယ် ... ပထွေးလည်း ညည်းအဖေပဲဟာ လုပ်ပေးလိုက် ... "

"အရက်တွေက နံနေတာပဲ၊ သမီးကြောက်တယ် ... သမီး လေ မြို့တက်ပြီး အလုပ်သွားလုပ်ပါရစေ အမေရယ် ... သမီး ဆယ်တန်းဖြေထားပြီးပြီပဲ ... "

"နေပါဦးအေ ... "

"သမီးပထွေးနဲ့တော့ လုံးဝမနေနိုင်တော့ဘူး အမေ"

"မဖြစ်ဘူးထင်တယ်အေ ... ညည်းအဖေက သမီးကိုစိတ်မချလို့ ဘယ်သူ့နောက်မှ မထည့်ရဘူးတဲ့ ... ထည့်လိုက်ရင် အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



သတ်လိမ့်မယ်"

"ဘာဆိုင်လို့လဲ အမေရာ ..."

"ခက်တာပဲ ... သူကလည်း သမီးကိုစောင့်ရှောက်ပေးမယ်လို့ ပြောနေတယ်"

ခရုကတော့ ပထွေးဖြစ်သူကို မယုံပေ။

သူမအား စော်ကားဖို့ ကြံစည်နေသည်ဟုထင်သည်။

ထွက်ပြေးချင်မိ၏။

ပြေးစရာက မြေမရှိ။

အမေကလွဲပြီး အားကိုးရာမဲ့နေသည်။

"နင့်သမီး အပျိုလေးကို ဘယ်သူ့ဆီထည့်မှာလဲ ညိုမြ ... ဘာလဲ ငါ့ကို မယုံလို့လား"

"မဟုတ်ပါဘူးတော် ... သမီးက အလုပ်သွားလုပ်ချင်တယ် ပြောလို့ပါ ... အဖော်ကလည်း ကောင်းတယ် မဟုတ်လား"

"မထည့်ရဘူး ... ငွေခရု ပျောက်သွားရင် နင်တို့သားအမိ သတ်ပြစ်မယ် ကြားလား ..."

"ဟုတ်ကဲ့ ..."

"ရွှေနှစ် ..."

"ရှင်"

"နင်တို့သားအမိ အကြံကို ငါမသိဘဲနေမလား၊ ငါ့ကို မယုံ





တာဘဲ ..."

"အဲဒီလို မဟုတ်ပါဘူးလို့ ကျွန်မ ပြောထားသားပဲ၊ သမီးလည်း ဘယ်မှမသွားစေရပါဘူး"

ပထွေးညိုမြက ကြောက်စရာကောင်းလောက်အောင် ရက်စက်သူ။

အမေလည်း ငွေခရု ငယ်စဉ်လေးထဲက အဖေဆုံးသွားတာနောက်ထပ်အိမ်ထောင်မပြုဘဲ အသက်ကြီးမှ နောက်အိမ်ထောင်ပြုခဲ့သည်။

"ငွေခရုကို မျက်စိကျလို့နေမှာပေါ့၊ မမြင်ခင် မစဉ်းစားမဆင်ခြင်ဘူး"

အမေက အိမ်ရှိသည်၊ စီးပွားရှာတတ်၍ ဝင်ငွေကောင်းသည်။

ပထွေးက အရက်သမား၊ အလုပ်လည်း မယ်မယ်ရရ မလုပ်။

အမေ့ကို ခရု တားခဲ့ပေမယ့် ပထွေးက အတင်း အိမ်ပေါ်တက်လာသည်။

"အမေ"

"ဟင်"

"ပထွေးနဲ့သမီးပျိုလေး နေထိုင်ဖို့ မသင့်ဘူးလေ အမေ အရွယ်ရှိစဉ်ကတောင် ယောကျာ်းမယူခဲ့တာ အမေရယ် ... ခရု



www.burmeseclassic.com

www.burmeseclassic.com



တော့ သေပစ်ချင်တယ်"

"အဲဒါ ကံကြမ္မာပဲ မှတ်တော့ သမီးရယ် ... အမေလည်း အသက်ကြီးမှ ဘယ်လိုဖြစ်သွားရလဲ မသိတော့ဘူး၊ ဒင်းကို ချစ်မိသွားတယ် ... စွဲလမ်းနေတယ်လေ"

"အမေ"

"ခရ"

"ဟင်"

"သမီးလေး လွတ်ရာကို ထွက်သွားဖို့ အမေစီစဉ်ပေးမယ်၊ ပိုက်ဆံလည်း အမေစုပြီး ပေးလိုက်မယ် ... ပြေးတော့ ... "

"အမေ့ကို သတ်ပစ်မှာလေ ... "

"သတ် ... သတ် ... "

"အမေ"

"ညည်းကို စိတ်မချဘူး၊ ဒင်းက ကြံစည်လိမ့်မယ် ... သမီးလေး မနက်ဖြန် ထွက်သွားတော့၊ အမေ အိတ်ပြင်ပေးထားမယ် မနက်စောစော ထွက်သွားနော်"

"အမေ့ကို စိတ်မချဘူး၊ ပြီးတော့ ... သမီးက ဘယ်ကိုသွားနေရမှာလဲ အမေ"

"ရန်ကုန်မှာ အမေ့အသိရှိတယ် ... သူတို့ဆီသွားနေ၊ အမေ လိပ်စာရော စာရော ရေးပေးထားတယ် ... ညည်းအဝတ်အိတ်ထဲ





မှာ ထည့်ပေးထားတယ်"

အမေက ခရအား ထွက်ပြေးနိုင်ရန် အစီအစဉ်တွေလုပ်ပေးထားသည်။

မနက်စောစော ကားဂိတ်ကို ထသွားပြီး ပြေးတဲ့။

"အမေ့အတွက် ဘာမှမပူနဲ့ ခရ ... စိတ်ချ၊ သေလည်း ဘာဖြစ်လဲ၊ သမီးဘဝကိုသာ တိုးတက်အောင် ကြိုးစားပါ ... အမေ သေပျော်တယ်၊ နောက်ကြောင်းတော့ လုံးဝပြန်မလှည့်လာနဲ့နော် ခရ ... သမီး အပျိုအရွယ်လေးရှိနေတာကို နောက်အိမ်ထောင်ပြုမိတဲ့ အမေ့အပြစ်တွေပါကွယ်"

"အမေရယ်"

အမေက ခရကိုဖက်ပြီး တစ်ညလုံးငိုသည်။ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ထွက်ပြေးသွားဖို့ ပြောထားခဲ့၏။

ခရလည်း အမေ့ကို မငဲ့ကွက်နိုင်တော့ပါဘူး။

ပထွေး လက်ထဲကနေ ခရ ထွက်ပြေးဖို့ ကြံစည်နေစဉ် ပထွေးက ရိပ်မိသွားပြီး ခရအား ကြံစည်သည်။

"ရလေးရယ် ... ဦးလေးက ချစ်လို့ပါ၊ ရလေးအမေကို ချစ်လို့ယူတာမဟုတ်ပါဘူး၊ ရလေးကို ချစ်လို့ယူတာ"

"လူယုတ်မာကြီး ... လွှတ်ပါ ... ကျွန်မအော်လိုက်မှာနော်၊ အမေရေ ... ရကို ကယ်ပါဦး ... "



www.burmeseclassic.com

www.burmeseclassic.com



အမေ မနိုးပေ။

ပထွေးက အမေ့ကို အိပ်ဆေးထည့်တိုက်ထားသည်ဟု ပြောသည်။

"နင့်အမေကို အကူအညီမတောင်းနဲ့၊ အိပ်ဆေးတိုက်ထားတယ် … နင်တို့အကြံ ငါမသိဘဲနေမလား၊ ငါ့ကိုကျော်လို့ရမလား ငွေခရ … "

"လွှတ်နော် … လွှတ် … လူယုတ်မာကြီး၊ ကျွန်မ အသက်ပဲ အသေခံပစ်လိုက်မှာ"

"သေလေ … နင် ငါ့လက်ထဲကနေ မလွတ်တော့ဘူး။ နင်ထွက်ပြေးလည်း နင့်အမေကို သတ်ပစ်မယ်"

သူမ ဘယ်လိုမှငြိမ်သက်သည်းခံနိုင်စွမ်း မရှိတော့ဘဲ ပထွေးညီုမြခေါင်းကို ရိုက်၍ ထွက်ပြေးလာခဲ့သည်။

"အမေရေ … ရေကိုကယ်ပါဦး၊ သမီးကြောက်တယ် … ပြေးစရာလည်း မြေမရှိတော့ပါဘူး၊ အမှောင်ထဲမှာ သမီးခြေဦးတည့်ရာ ပြေးနေရတယ်"

မျက်ရည်တွေက သူမမျက်ဝန်းလေးတွေထဲမှ ပြွတ်ကျလာသည်။ အမှောင်ထုထဲမှာ ခြေဦးတည့်ရာ ပြေးနေမိ၏။

ဦးညိုမြကြီး သေပြီလား။

ဒဏ်ရာကတော့ သိပ်မပြင်းထန်တာတော့သိသည်။





"တီ … တီ … "

"တီ … "

မီးရောင်က လင်းခနဲ လက်လာတော့ ပိုပြီးကြောက်ကာ နောက်သို့ လှည့်မကြည့်တော့ဘဲ ကားကြီးရှေ့ ဖြတ်ပြေးမိသွားသည်။

"ကျွီ … "

"အား … "

"ကျွီ … ကျွီ … "

ဘရိတ်အုပ်သံတွေ ကတ္တရာလမ်းပေါ်တွင် ဘီးနှင့်ပွတ်သပ်သံတွေ ဆူညံသွားကာ သူမလည်း ကြောက်လန့်တကြား အော်ဟစ်ပြီး သတိလစ်သွားသည်။

"မင်း ဘယ်သူလဲ … ဟေ့ … မင်း သတိရပြီလား ကောင်မလေး … "

ထိုအသံကြောင့်ပင် သူမ သတိရလာတော့ အလွန်လှပခမ်းနားတဲ့ အိပ်ခန်းကြီးအတွင်း ရောက်နေသည်။

သူမ စဉ်းစားမိသွားကာ လမ်းပေါ်မှာ တိုက်မိတဲ့ကား ဖြစ်နိုင်သည်။

မဖြစ်တော့ဘူး။

သူမမှာ ထွက်သွားစရာမှ နေရာမရှိတာ။



www.burmeseclassic.com

www.burmeseclassic.com



ပထွေးရဲ့ရန်ကလည်း ရှိနေသေးသည်။

"ငါ အတိတ်မေ့ချင်ယောင်ဆောင်ပြီး ဒီမှာနေမယ် … ငါ အိမ်ဖော်ပဲဖြစ်ဖြစ် လုပ်မယ်"

သူမ တွေးနေတုန်းမှာပင် သူကမေးသည်။

အရမ်းချမ်းသာတဲ့ လူတစ်ယောက်ပဲ။ သန့်ပြီး ခန့်လွန်း၏။ ယောကျ်ားပီသလိုက်တာ။

ဒါပေမဲ့ …

သူမလိမ်ပြောလိုက်ရသဖြင့် စိတ်က မလုံ။

ကြောက်သည်။

"ခရု လိမ်ညာပြောရတာကို ခွင့်လွှတ်ပေးပါ ကိုမြတ်သုတရယ် … တောင်းပန်ပါတယ်နော် … ခရုလေ ယုတ်မာကောက်ကျစ်တဲ့အကြံအစည် လုံးဝမရှိပါဘူးနော် … နားခိုယုံလေးပါ"

ကိုမြတ်သုတအား သူမစိတ်ထဲကနေ အနူးအညွတ် တောင်းပန်နေမိသည်။

အခန်းကြီးက ကောင်းလိုက်တာ။ အရမ်းချမ်းသာမယ့်ပုံပဲ။

အိမ်ရှင်မတော့ မရှိဘူးထင်တယ်။

သူတစ်ယောက်ထဲ နေတာတဲ့။

ခရုလေ … ကိုမြတ်သုတကို လုံးဝ ဒုက္ခမပေးပါဘူး ယုံပါနော်။





"အမေရော … အဏ္ဏရာယ်ကင်းရဲ့လားဟင် …မပီသသေါ်ငြင့် အမေ အနှိပ်စက်ခံရတော့မယ်"

မိးမကြီး

အမေ့ကိုလည်း ပထွေးလက်ထဲကနေ ကယ်တင်၍

"အမေ ရေးပေးလိုက်တဲ့လိပ်စာက အိတ်ထဲမှာကျန်ခဲ့တယ်၊ အဝတ်အစားတွေလည်း ဝတ်စရာမရှိ … ခရု အရမ်းကြောက်နေမိတယ် အမေ"

အမေ့ကို သတိရတမ်းတမိသည်။

ခရုမှာ အဝတ်အစားလည်း မပါဘူး။

အစုတ်တွေပဲ ဝတ်ရ ဝတ်ရ … ခရု ကျေနပ်ပါတယ်။

ဒီနေရာလေးက လုံခြုံမှုရှိသည်ဟု ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂ )

"ငွေခရ"

"ရှင်"

"မင်း ဘယ်လိုလဲ ... အရင်က ဖြစ်ခဲ့တာတွေရော စဉ်းစားလို့ရပြီလားကွာ"

"ခရ အားနာပါတယ် ကိုမြတ်သုတ ... တကယ်ပဲ ခရလေ အတိတ်ကို စဉ်းစားလို့မရဘူး ... ဘယ်လိုလုပ်ရမလဲ"

ငွေခရဆိုတဲ့ ကောင်မလေးကို လိမ်ညာပြောဆိုခြင်းမဟုတ်ဟု သုတ ထင်မှတ်ထားမိသည်။

မျက်ဝန်းတွေထဲမှာ ဖြူစင်မှုရှိတယ်။

သုတ သေသေချာချာကြည့်တော့မှ ကောင်မလေးက ချောမောတဲ့သူပဲ။

ယဉ်ရှယ်နုပျိုမှုလည်း ရှိနေ၏။





နံနက် ဝေလီဝေလင်း အလင်းရောင်တောက်ပ မပီသသေး။

ကောင်မလေးတစ်ယောက်ထဲ ဘာဖြစ်လို့များ လမ်းမကြီး [illegible]မှာ ရှိနေရတာလဲ။

သူ့ကားရှေ့မှ ဖြတ်ပြေးတာတော့ သေချာသည်။

"ခရ ခေါင်းတွေ တအားမူးနေပါတယ် ... ခေါင်းပေါက်သွား[illegible] နာနေတယ်၊ ခရကို တမျိုးမထင်ပါနဲ့၊ နေကောင်းသွားတာနဲ့ [illegible]နေ ထွက်သွားမှာပါ ... ကျေးဇူးရှင်ကို မကောင်းတဲ့အကြံအစည် [illegible] မကြံပါဘူး ယုံကြည်ပေးပါနော် ... "

သူမကို ကြည့်နေတဲ့ သူ့အကြည့်တွေက သံသယတွေ ယှက်[illegible]နေသည်။

သူမ နဂိုထဲက စိတ်မလုံရတဲ့အထဲ။

ဒါပေမဲ့လည်း ခရမှာ ရွေးချယ်စရာလည်း မရှိပေ။

ခဏလောက်တော့ နေထိုင်ပြီး ခရအဖြစ်မှန်တွေကို ပြောပြ[illegible]။

ခေါင်းတွေမူးလာ၏။

သူ့အကြည့်တွေအောက်မှာ သူမ အတော်လေး ထိန်းချုပ်[illegible]သည်။

"ကောင်းပြီလေ ... မင်းသိပ်ပြီး မစဉ်းစားတာ ကောင်းပါ[illegible] ... နားနေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူက သူမခုတင်ပေါ် တက်ထိုင်လိုက်တော့ သူမ အထိတ်တလန့်နှင့် နောက်သို့ ဆုတ်လိုက်မိသည်။

ရှင်ကြီး ... ခရုကိုတော့ အထင်မသေးနဲ့နော်။

လူသာ အသေခံသွားမယ်။

ဒုက္ခပါပဲ ...

သူမ မျက်စိပျက်မျက်နှာပျက်နှင့် နောက်ဆုတ်မိတော့ သူက ပြုံးသည်။

"မင်းကြောက်နေတာလား ... ဘာဖြစ်လို့လဲကွ၊ ကိုယ်က မင်းကို စော်ကားမှာစိုးလို့လား"

"ဟို ... ဟို မထင်ပါဘူး၊ ရုတ်တရက် ခရုကြောက်သွားမိလို့ပါ၊ ဒါပေမဲ့ ... ခရုကို စော်ကားမယ်ဆိုရင်လည်း လက်မခံနိုင်ပါဘူး။ ခရု ဒီကနေ ထွက်သွားပါတော့မယ်"

ခရုကို သူအထင်သေးနေတာလား မယုံလို့ စမ်းသပ်တဲ့ သဘောလား။

ခရုကို အထင်သေးပြီး စော်ကားမယ်ဆိုရင်တော့ သူမ မျက်ဝန်းလေးက တင်းသွားသည်။

"အား ... ကျွတ် ... ကျွတ် ... "

"ဟော့ ... မထနဲ့ဦးလေ၊ မင်း ... နေမကောင်းသေးဘူး





မဟုတ်လား"

"ကျွန်မ ထွက်သွားပါ့မယ်၊ ကျွန်မက ကိုမြတ်သုတထင်သလို တော့ မဟုတ်ပါဘူး ... ကျွန်မ မိန်းမကောင်းပါ၊ လမ်းပေါ်က ဖေယား မဟုတ်ဘူး"

"ပြန်ထိုင်စမ်းပါ ငွေခရု ... "

"ဟိုလေ ... အားတော့နာပါတယ်၊ ဖြစ်နိုင်ရင်လေ ကိုမြတ်သုတ ထပေးပါ ... "

"ဘာဖြစ်လို့လဲ"

"ဒီလိုကြီးလေ အတူတူ ခုတင်ပေါ်ထိုင်နေတာ မသင့်တော်လို့ပါ"

"မင်းကများ ကိုယ့်ကိုအထင်သေးနေတာလား ငွေခရု၊ မင်းကိုသာ စော်ကားချင်ရင် ညထဲက ပွဲပြတ်သွားပြီ"

"အမလေး ... ဘုရားရေ ... "

"မင်းက ကိုယ့်ညီမလေးအရွယ်ပါကွာ၊ မင်းဘယ်လိုပဲ အတိတ်ကဖြစ်ခဲ့ပါစေ ... မင်းကိုတော့ နေကောင်းတဲ့အထိ စောင့်ရှောက်ပေးရမယ်လေ ... ကိုယ့်ကားနဲ့တိုက်မိတာ မဟုတ်လား"

ဒီကောင်မလေး မူယာမာယာတွေ များနေတာလား။

ဒါပေ မဲ့ ... မျက်ဝန်းလေးတွေက အမှန်တကယ် ကြောက် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နိတျာတျာ နှုတ်ခမ်းလေး တဆတ်ဆတ်တုန်ယင်နေ၏

သုတ စမ်းကြည့်လိုက်တာပါ။

"ငွေခရ ... "

"ရှင်"

"မင်းအဖြစ်သည်းမနေစမ်းပါနဲ့ကွာ ... ကိုယ့်မှာချစ်သူရှိတယ် မကြာခင် လက်ထပ်မှာပါ ... "

"ဟုတ်ကဲ့ ... ကောင်းလိုက်တာ"

"ဟုတ်တယ် ... နာမည်က ပန်းရောင်သွေးတဲ့"

"အို ... လှလိုက်တဲ့နာမည်လေး။ အရမ်းလည်းချမ်းသာမယ် ထင်တယ်နော်"

"အရမ်းချမ်းသာတယ်၊ ရုပ်လည်းချောတယ်၊ ပညာလည်း တတ်တယ် ... စိတ်သဘောထားလည်း ပြည့်ဝတယ်"

သူများ သားသမီးတွေများ ကံကောင်းလိုက်တာနော်။

ပြည့်စုံတယ်။

ခရာဘဝကတော့ မပြည့်စုံခြင်းတွေပဲ ပြည့်စုံနေတယ်။

ငယ်စဉ်လေးထဲက အဖမဲ့။

အရွယ်ရောက်လာတော့ ပတွေးရဲ့အစော်ကားတောင် ခံရ တော့မလို့ပါ"

"ဟော့ ... "





"ရှင်"

"မင်း ဘာတွေတွေးနေတာလဲ ငွေခရ"

"ပန်းရောင်သွေးဆိုတဲ့ အစ်မရဲ့ဘဝကို အားကျလို့ပါ'

"မင်းလည်း သူဌေးသမီး ပညာတတ်လေး ဖြစ်ချင်ဖြစ်နေမှာ လေ"

"ဟင့်အင်း ... မဖြစ်နိုင်ပါဘူး၊ ကျွန်မကို မနက်မိုးမလင်းခင် လမ်းပေါ်မှာတွေ့ခဲ့တာဆို ... ကျွန်မဘဝ ပြည့်စုံချမ်းသာမှုတော့ မရှိနိုင်ပါဘူး"

ခရာဘဝက ငယ်စဉ်လေးကတော့ အရမ်းအချမ်းသာကြီး မဟုတ်ရင်တောင်မှ ပျော်ရွှင်စရာကောင်းခဲ့သည်။

အဖေ မရှိပေမယ့်လည်း အမေက စီးပွားရှာတတ်၍ အဖေ ကျန်ရစ်ခဲ့တဲ့ ငွေကြေးနှင့် သားအမိနှစ်ယောက် တင့်တင့်တယ် တယ် နေနိုင်ခဲ့၏။

ဒါပေမဲ့ ...

အမေ နောက်အိမ်ထောင်ပြုလိုက်တဲ့အချိန်ကစပြီး သားအမိ နှစ်ယောက် ဒုက္ခတွေ သောကတွေ ကြုံတွေ့ခဲ့ရသည်။

"ခရတောင်းပန်ပါတယ်ရှင် ... ကိုမြတ်သုတလို တာဝန်ကြေ တဲ့လူတစ်ယောက်ကိုမှ သံသယမကင်းဖြစ်မိတယ်၊ တောင်းပန်ပါ တယ်နော် ... "



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး ... မင်းလည်း အားမနာပါနဲ့၊ ဒီမှာနေလို့ရတယ်

ကိုယ်က တစ်ယောက်ထဲနေတာလေ ... ကိုယ့်မှာ အဒေါ်ငယ်ဆိုတဲ့ အဒေါ်တစ်ယောက်ရှိတယ် ... အခု နိုင်ငံခြားကို ခဏအလည်အပတ် ထွက်နေတယ်လေ ... တစ်နှစ်လောက်ကြာမယ်"

သူတို့များ နိုင်ငံခြားကိုတောင် အလည်အပတ်သွားနိုင်သည်

ကောင်းလိုက်တာနော် ...

လောလောဆယ်တော့ ပထွေးနှင့်လွတ် ကင်းနိုင်တဲ့နေရာ မှာ နေထိုင်နိုင်ဖို့ပဲ ဖြစ်၏။

သူမမျက်ဝန်းလေးကို ပြန်မှိတ်ထားမိသည်။

"ကိုယ်သတင်းစာကြော်ငြာတွေ ဘာတွေဖတ်နေတယ်၊

စခန်းတွေရောပဲ ... မင်းကို ဘယ်သူကမှ တိုင်ချက်မဖွင့်ထားဘူး"

ခရုပထွေး ဦးညိုမြမှာ အဲဒီလောက်အထိ အစွမ်းအစတွေ မရှိပါဘူး။

ခရုတို့နေထိုင်ရာ ရပ်ကွက်လေးနှင့်လည်း ဝေးသွားပြီ ဖြစ် သည်။

"ကိုမြတ်သုတ"

"ပြော"

"ကျွန်မလေ ... ဒီတိုက်ကြီးထဲမှာ ဘယ်လိုပဲဖြစ်ဖြစ်နေခွင့် ပေးပါနော် ... အိမ်ဖော်အလုပ်လည်း ဖြစ်ပါတယ်"





"ရှေ့ဆက်ရမယ့်ကိစ္စက နောက်မှပြောစမ်းပါ ... မင်း အတိတ်ကိုပြန်သတိ မရမချင်း နေနိုင်တယ် ... အိမ်ဖော်အဖြစ် မလုပ်ပါနဲ့၊ မင်းတစ်ယောက်စာကိုတော့ ကိုယ်ကျွေးမွေးစောင့် ရှောက်ထားလို့ ရပါတယ်"

"ကျေးဇူးတင်လိုက်တာ ကိုမြတ်သုတရယ် ... အဲ ... ခရု လေ ကိုကြီးလို့ခေါ်မယ်နော်၊ ခရုနဲ့ပတ်သက်ပြီး ကိုကြီးစိတ်ထဲမှာ ဘာသံသယမှ မရှိပါနဲ့၊ ခရုက ကိုကြီးကို ဘယ်လိုအကြောင်းနဲ့မှ ဒုက္ခမပေးပါဘူးနော်"

"ကောင်းပါပြီ ... ခရုလေး၊ ကိုကြီးလည်း ညီမလေးတစ် ယောက် ကောက်ရတာပေါ့ကွာ"

ကိုကြီး ပြန်ထွက်သွားသည်။

ခရု သူတော်ကောင်းနဲ့တွေ့ရတာပါပဲ။

ခရု မှီခိုနေရုံလေးပါ ကိုကြီးရယ်။

အမေပြောတဲ့ သူငယ်ချင်းအိမ်လိပ်စာလည်း ပါမလာတော့ အမေပြင်ပေးထားတဲ့ အဝတ်အိတ်ထဲမှာ ကျန်ခဲ့သည်။

"အမေ သူငယ်ချင်းနာမည်လည်း မသိဘူး ... အမေက ပထွေးမသိအောင် အထုတ်ပိုးပြင်ဆင်ပေးရတာ"

အမေ့ကို သတိရမိတော့ ခရု မျက်ရည်တွေပြည့်ဝိုင်းသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထေးက နှိပ်စက်နေပြီလား။

ခရု ပန်းအိုးလေးနှင့်ခေါင်းကို ရိုက်ပစ်ခဲ့ပေမယ့် မသေနိုင်။ အမေ့ကို ကယ်တင်ချင်ပါတယ်။

"အမေ့ကို ဂရုမစိုက်နဲ့သမီး၊ အရေးကြီးတာက သမီးဘဝ လွတ်မြောက်ဖို့ပဲ ... အမေ ဆုံးဖြတ်ထားတယ်၊ အမေ့ဘဝကိုပဲ စတေးခံတော့မယ်"

သူမ ငိုပစ်သည်။

တစ်ယောက်ထဲ သူများအိမ်မှာ အလိမ်အညာတွေနှင့် နေထိုင်ရတာ စိတ်မသက်မသာပေ။

စိတ်မလုံ။

ခရု ဘယ်သူ့ကိုမှ လိမ်ညာမပြောခဲ့။

ကိုကြီးကို ကျေးဇူးတင်ပါတယ်။

ခရုမှာလည်း အစ်ကိုအစ်မတွေ မရှိပါဘူး။

ကိုကြီး ဒုက္ခရောက်အောင် ဘယ်လိုအကြောင်းနဲ့မှ ခရု မလုပ်ပါဘူးနော်။

"မိန်းကလေး ငွေခရု ဝင်လာမယ်နော် ... "

"ဟုတ်ကဲ့"

သူမ အခန်းထဲ အိမ်ဖော်မကြီး ဒေါ်ကျော့က မနက်စာ ထမင်းဟင်း လာပို့ပေးသဖြင့် အားနာမိသည်။





"သြော် ... အားနာစရာကြီးရှင် ... ခရု ကောင်းနေပါပြီ၊ အောက်ထပ် ဆင်းလာစားပါ့မယ်"

"မောင်သုတက ပို့ပေးတာပါကွယ် ... မိန်းကလေးကို စောင့်ရှောက်ဖို့လည်း ပြောထားတယ် အားမနာပါနဲ့"

"အဒေါ်"

"ပြော"

"ခရုလည်း အောက်ဆင်းပြီး အဒေါ်နဲ့ဝိုင်းကူပါရစေ"

"အမလေးတော် မလုပ်ပါနဲ့ ... မောင်သုတက သဘောတူညီမှု မရဘဲနဲ့ ဘာမှမလုပ်ပါနဲ့"

"ကိုကြီးကို ခရုပြောမှာပါ"

"မိန်းကလေး သက်သာသလိုနေပါ၊ ကျန်းမာရေးမှမကောင်းသေးတာဘဲ"

"ဒဏ်ရာကတော့ နည်းနည်းလေးနာနေသေးတယ်၊ နောက်ဆို ထမင်းဟင်းတွေ လာမပို့ပါနဲ့နော် ... ဆင်းပြီး စားနိုင်ပါတယ်"

"ကောင်းပါပြီကွယ် ... အခန်းထဲမှာပဲနေတော့ စိတ်ပင်ပန်းတယ်လေ"

ကိုကြီးတို့ အိမ်ကအလုပ်သမားတွေကလည်း သဘောကောင်းကြသည်။

ခရုကို ကြင်ကြင်နာနာနှင့် စောင့်ရှောက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခရု ကံကောင်းတာပဲလေ။

မနက်စာ စားပြီး ခရုပန်းကန်တွေ သိမ်း၍ အောက်ထပ် ဆင်းလာခဲ့သည်။

"ဟင် ... ငွေခရု ... မင်းဘာတွေလုပ်နေတာလဲကွာ၊ မင်း နေမှ မကောင်းသေးတာဘဲ"

"ရပါပြီ ကိုကြီးရဲ့ ... ခရု လုပ်ပေးချင်လို့ပါ"

"မလုပ်ရဘူး ... အနားယူတော့၊ မင်းကဘာအားနာစရာ ရှိလို့လဲ ... ကိုကြီး ညီမလေးဖြစ်သွားပြီလေ"

"ငွေခရုကို ညီမလေးအဖြစ် မွေးစားလိုက်ပြီ၊ မင်းအိမ်မှုကိစ္စ တွေ လုပ်ပေးစရာမလိုဘူး၊ မင်းက အတိတ်မေ့နေတော့ ပညာရေး က ဘာမှန်းမသိဘူး ... ဒီတော့ ... ကိုကြီး ကုမ္ပဏီမှာပဲ အလုပ်ဝင် လုပ်မလား၊ ပြီးတော့ ... သင်တန်းတွေလည်း တက်ရမယ်၊ ဘယ်လို လဲ ... "

"ဟုတ်ကဲ့ ... ကိုကြီးခိုင်းတာတွေအားလုံး ခရုလုပ်ပါ့မယ်၊ လိမ်လိမ်မာမာလည်း နေပါ့မယ် ... ယုံပေးပါ"

"မင်းကိုကြည့်ရတာ လိမ်မာပုံရပါတယ် ... မင်းမျက်ဝန်း လေးတွေက ဖြူစင်နေတယ် ... ကြိုးစားကြည့်ကြတာပေါ့"

"ခရု ကြိုးစားမယ်၊ ကိုကြီး စိတ်မပျက်စေရပါဘူး"

"ကောင်မလေး ... ကိုကြီး ညီမဆိုရင် အိမ်မှုကိစ္စတွေ လုံးဝ





မလုပ်ရဘူးနော်၊ မင်းဒဏ်ရာတွေပျောက်သွားရင် လိုအပ်တဲ့အဝတ် အစား အသုံးအဆောင်တွေ လိုက်ဝယ်ပေးမယ် ... မင်းမှာ အဝတ် အစားတွေတောင် မပါဘူး မဟုတ်လား"

"ဟုတ်ကဲ့"

"မင်းကို အသက်မွေးဝမ်းကြောင်းပညာတွေလည်း သင်ပေး မယ် ... အခုတော့ အပေါ်တက်ပြီး အနားယူလိုက်ပါဦး"

သူ့မှာ ညီမလေးတစ်ယောက် ကောက်ရလိုက်ရာ ပျော်မိ သည်။

ငွေခရုကို လမ်းပေါ်ကနေ တစ်ယောက်ထဲလျှောက်သွား နေတာ ခေါ်လာခဲ့မိပေမယ့် ဒီကောင်မလေးကို သူ ယုံကြည်နေ သည်။

ဘာကြောင့်မှန်းမသိ ဖြူစင်တဲ့ကောင်မလေးဟု သတ်မှတ် ခဲ့မိ၏။

ချက်ချင်းကြီးပင် ညီမလေးတစ်ယောက်ရဲ့ သံယောဇဉ် တွယ်မိသွားသည်။

ငွေခရုက ချောမောသူလေးပါ။

မျက်တောင်ကော့လေးတွေက သဘာဝကော့ညွတ်နေ၏။

နှာတံစင်းစင်းလေးက သူမမျက်နှာလေးကို ပို၍ လှပသွား စေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ညီမလေးတစ်ယောက်လောက် တမ်းတ နေမိတာ။

ငွေခရကို သူ သံယောဇဉ်တွယ်မိနေတာတော့ အမှန်ပဲ ဖြစ်သည်။

န်း ( ၃ )

“ခြယ်”

“ဟင်”

“ခြယ့်ကို ပြောစရာရှိတယ်၊ ကိုယ် ညီမလေးတစ်ယောက် ာက်ရထားတယ်”

“ဟင် ... ဘာပြောတယ်မောင်၊ ဘယ်ကကောင်မလေးလဲ၊ ာက်ရထားတာဆိုတော့ လမ်းပေါ်ကလား”

“ဟုတ်တယ်”

ချစ်သူ ပန်းရောင်ခြယ်အား မဖြစ်မနေပြောပြမှ ဖြစ်သည်။ ရကို ဘယ်လိုနည်းနှင့်မျှ တစ်ယောက်ထဲ လမ်းပေါ်သို့ ချလို့ မဖြစ်သေးပါဘူး။

အတိတ်မေ့နေတဲ့ ကောင်မလေး။

သူတ မရက်စက်နိုင်။

ဝိုးလေပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးနာမည်က ငွေခရုတဲ့ … မောင့်ကားနဲ့တိုက်မိလာတာပါ"

ခြယ့်အား သူနှင့်ငွေခရုတို့ တွေ့ဆုံပုံကို အသေးစိတ်ပြောပြလိုက်သည်။

"အတိတ်ကိုမေ့နေတယ် ဟုတ်လား မောင် … ဆန်းတယ်နော်၊ မောင်က အရမ်းယုံလွယ်ပြီထင်တယ်"

ခြယ့်စိတ်ထဲမှာလည်း တစ်မျိုးကြီးဖြစ်သွားရကာ ငွေခရုဆိုတဲ့ကောင်မလေးကို မယုံသင်္ကာဖြစ်ရသည်။

ဒါပေမဲ့ … မောင့်အမြင်မှာ သဘောထားသေးသိမ်သည်ဟု ထင်မှာကြောက်၍ သဘောကောင်းချင်ယောင် ဆောင်လိုက်ရသည်။

"အင်းလေ … မောင်လည်း ညီမလေး လိုချင်နေတာပဲ၊ ကောင်းပါတယ် … ခြယ်လည်း လိုက်ကြည့်ပေးပါ့မယ်၊ မောင့်ညီမနဲ့ မိတ်ဆက်ပေးနော်"

"မိတ်ဆက်ပေးရမှာပေါ့ ခြယ်နဲ့ အတူတူနေရမှာလေ"

"အင်း"

မောင် စိတ်သဘောထားပြည့်ဝတာတော့ ခြယ်သိသည်။

ရိုးစင်းတဲ့မောင် …

ငွေခရုက ဘယ်လိုကောင်မလေးမျိုးလဲ။

ဆိုးလပြည့်တာပေ



ဘာရည် ရွယ်ချက်တွေနဲ့ မောင့်အနား ချဉ်းကပ်နေရတာလဲ။

ခြယ် မနာလို ဝန်တိုတော့ ဖြစ်နေမိသည်။

"ခြယ် ရုံးဆင်းပြီ မဟုတ်လား … ငွေခရုနဲ့မိတ်ဆက်ပေးရအောင် လိုက်ခဲ့နော်"

"အင်း"

"ခြယ်"

"ဟင်"

"ခြယ့်စိတ်ထဲမှာ ဘာသံသယမှ မဝင်နဲ့နော်၊ မောင်ချစ်တာက ခြယ်ကိုပဲ … မောင်က ငွေခရုကို ညီမလေးအဖြစ် စောင့်ရှောက်ပေးချင်တာပါ၊ မောင် ညီမလေးတစ်ယောက်ရှိနေစေချင်တာလည်း ခြယ် သိပါတယ်"

"မောင်ရယ် … ခြယ်လည်း မောင့်ညီမလေးကို သတ်မှတ်ပေးလို့ရပါတယ် … ဒါပေမဲ့ … လူတွေက သိပ်ပြီးမယုံရဘူးလေ"

"ခြယ်လည်း စောင့်ကြည့်ပေးပါ၊ မောင်က မသိဘူးလေ၊ ငွေခရုမျက်ဝန်းလေးတွေက ရိုးသားပါတယ် … မောင်ပဲ အယုံလွယ်တာလားမသိဘူးနော်"

မောင်ရယ် …

ခြယ်စိတ်ပူရပြီ။

ဆိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ခြယ့်ကြားမှာ ငွေခရုဆိုတဲ့ကောင်မလေးက ဆူးညှောင့်ခလုတ်တစ်ခုများ ဖြစ်နိုင်မလားဘဲ။

ဒါဆို ...

ခြယ် လုံးဝသည်းခံခွင့်လွှတ်မှာ မဟုတ်ဘူးနော်။

မောင့်ကို ဘယ်လိုအကြောင်းနဲ့မှ ခြယ် လက်လွှတ်အဆုံးရှုံးမခံနိုင်လို့ပါ။

ညနေ ရုံးဆင်းတော့ မောင်နှင့်လိုက်လာခဲ့သည်။

ငွေခရုဆိုတဲ့ ကောင်မလေး ရောက်လာခဲ့၏။

ခြယ် တကယ်ပဲ မနာလို ဝန်တိုမှုတွေ ဖြစ်သွားရသည်။

"ထိုင် ခရု ... ဒါက ကိုကြီးချစ်သူ ပန်းရောင်ခြယ်တဲ့"

"ဩော် ... ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်နော်၊ မမနာမည်လေးကြားထဲက အရမ်းလှလို့ ခရု စိတ်ဝင်စားနေတာ၊ နာမည်နဲ့လိုက်ဖက်ပြီး ချောလိုက်တာ ... "

ငွေခရုကတော့ တရိုတသေ တလေးတစား ပြောနေသည်။

ခြယ့်စိတ်ထဲမှာ ဘဝင်မကျမိ။

ငွေခရုက ငယ်ရွယ်နုပျိုပြီး ချောမောလှပနေ၏။

မိန်းကလေးချင်းတောင် နှစ်ခါပြန်ကြည့်ရမယ့်သူလေး။

ခြယ် စိတ်မချနိုင်။

ဘယ်လိုလုပ်ရမလဲ ...





တဖြည်းဖြည်းချင်း ဖယ်ရှားပစ်ရမယ်ဟု တွေးမိနေသည်။

"ခရုက အတိတ်တွေမေ့နေတာဆို ... ဆရာဝန်ကြီးတစ်သောက်နဲ့ ပြသင့်တယ်နော် ... "

"အတိတ်တွေ ပြန်ပြီး သတိမရတာကလွဲပြီး ခရုနေကောင်းပါတယ် ... ကိုကြီး သဘောပါပဲလေ"

"ခြယ်ကတော့ ငွေခရုကို ဦးနှောက်နဲ့ အာရုံကြောဆရာဝန်ကြီးကို ပြသင့်တယ်ထင်တယ်"

"မောင်ကတော့ ဆရာဝန်ပြစရာမလိုဘူးထင်တယ် ... တစ်နေ့နေ့ သတိပြန်ရမှာပါ၊ စိတ်ပူစရာတော့ မရှိဘူးထင်တယ်"

သုတကလဲ ငွေခရုလေး သတိပြန်ရသွားမှာ စိုးရိမ်မိနေသည်။

ဆေးရုံကို မပို့ချင်။

သတင်းစာကိုပင် ရဲရဲတင်းတင်း မဖတ်ရဲတော့။

လူပျောက်ကြော်ငြာများ ပါမလားလို့။

"မောင်ရယ် ... ဒီအတိုင်းထားရင် ငွေခရုဘဝက ထိခိုက်နစ်နာမှုတွေ အများကြီးရှိနိုင်တယ် ... သေသေချာချာ ဆေးကုသမှုခံယူသင့်တယ်"

ငွေခရု လိမ်ညာဟန်ဆောင်နေသည်ဟုပဲ ခြယ်ထင်သည်။

"ခြယ်ရယ် ... လောလောဆယ်တော့ ခရုကို ဘာမှအပြော



www.burmeseclassic.com

www.burmeseclassic.com



မပွားစေချင်သေးဘူး၊ မောင်တို့ ညစာအတူစားကြမယ် ... ခရုကို လည်း အဝတ်အစားတွေ ဝယ်ပေးရဦးမယ်"

"မောင်ရယ် ... ခြယ်မှာ အဝတ်အစားအဟောင်းတွေ ရှိပါ တယ်၊ အများကြီးပဲ ... ခရုအတွက် ပေးမယ် ... အကောင်းစားတွေ ကြီးပဲနော်"

"ကောင်းပါတယ် မမခြယ် ... ခရုအပြင်လည်း မထွက်ချင် ပါဘူး ... မလိုက်တော့ဘူးနော်"

"အင်းလေ ... ခရုလေးက နေမကောင်းသေးတော့ အပြင် မထွက်သင့်ပါဘူး၊ မင်းလိုအပ်တာတွေပြော ... မမဝယ်ခဲ့မယ်"

"ဘာမှမလိုပါဘူး ... မမခြယ် ပေးချင်တာပဲပေးပါ"

"ခရု"

"ရှင် ကိုကြီး"

"စကားများမနေနဲ့၊ လိုက်ခဲ့ ... မင်းကို အပြင်ဗဟုသုတရ အောင် ကိုကြီးခေါ်တာ ... လိုက်ခဲ့ ... "

ကိုကြီးက ခရုအား အတင်းအကြပ်ခေါ်နေသဖြင့် လိုက်ခဲ့ရ သည်။

မမခြယ်က သဘောကောင်းချင်ယောင်ဆောင်နေခဲ့ပေမယ့် ခရုကိုကြည့်တဲ့ အကြည့်က အတွင်းထဲမှာ မလိုလားတဲ့အရိပ်တွေ ယှက်သန်းနေသည်။





အင်းလေ ...

ချစ်သူက တခြားမိန်းကလေး တစ်ယောက်ကို အရေးတယူ လုပ်နေတာ ဘယ်ကြိုက်ပါ့မလဲ။

ခရု ရှောင်ရမယ်။

"ကျွန်မ ကိုကြီးကို ဘယ်တော့မှ ဒုက္ခမပေးပါဘူးရှင် ... လောလောဆယ်မှာ ကျွန်မနားခိုရာ မရှိလို့ပါ ... တစ်နေ့နေ့မှာ ကျွန်မအဖြစ်မှန်တွေကို ဖွင့်ပြောပြီး တောင်းပန်မှာပါ"

ကိုကြီးနှင့်လိုက်လာခဲ့ရပေမယ့် စိတ်ကမလုံ။

မမခြယ်ရဲ့ အရိပ်အကဲကို ကြည့်ရသေးသည်။

နှုတ်ခမ်းတွေက ပြုံးနေပေမယ့် မျက်ဝန်းတွေက မာထန် ထန်။

ကိုကြီးကတော့ မသိ။

ခရုအား ဂရုတစိုက်နှင့် လိုအပ်တဲ့အဝတ်အစား အသုံး အဆောင်တွေ အများကြီး ဝယ်ပေးနေသဖြင့် ခရုစိတ်ညစ်ရသည်။

"အဝတ်အစားအဟောင်းတွေ ဘာဖြစ်လို့ဝတ်မလဲ ခရုရယ်၊ ကိုကြီးက သူ့ငွေးပါ ... ဒီလောက်လေးက ဘာမှအပန်းမကြီးပါဘူး၊ ခြယ်က အဝတ်အစားအဟောင်းတွေကို လှူနေကျလေ၊ အမျိုးသမီး ဂေဟာကိုပဲ လှူပါ ... "

မောင့်ကိုကြည့်ရတာ ဒီကောင်မလေး ငွေခရုအပေါ် လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



တာထက်ပိုပြီး ကြင်နာနေသည်ဟု ထင်သည်။

ညီမလေးတဲ့။

အပျိုကြီးဖားဖား ချောချောတောင့်တောင့် ကောင်မလေးကိုများ မောင်က တည်ကြည်ပြီးရိုးသားပေမယ့် ကောင်မလေးညွှတ်ကွင်းထဲ သက်ဆင်းသွားနိုင်၏။

ခြယ် လွှတ်ထားလို့တော့ မဖြစ်ဘူး။

မောင်နှင့်လက်ထပ်ဖို့ အမြန်ဆုံးစီစဉ်ရမည် ဖြစ်သည်။

"ညီမလေး လိုချင်တာဝယ်ပါ … မမခြယ်ကလည်း ညီမလေးကို အပေါင်းတွေမပေးချင်ပါဘူးကွယ် … ခရုလေး ဒီအကျီလေးမကောင်းဘူးလား၊ ကြည့်ပါဦး … ဒီဇိုင်းဆန်းလိုက်တာ၊ ခရုအသားလေးက ဖြူဝင်းအိနေတော့ လိုက်ဖက်မယ် … "

မမခြယ်ကိုယ်တိုင်က အကျီတွေရွေးဝယ်ပေးနေတော့ ကိုကြီးက ဝိတိတွေဖြစ်နေသည်။

ကိုကြီးက တကယ်ပဲ ခရုကို ညီမလေးတစ်ယောက်ကဲ့သို့ တွယ်တာနေတာပါ။

"ခြယ် … ခရုကို လက်ဝတ်ရတနာတွေ နည်းနည်းဝယ်ပေးချင်သေးတယ်။ ခြယ် လိုက်ကြည့်ပေးပါဦး … "

"ကောင်းတာယ် မောင် … ခြယ် ရွေးပေးမယ်"

"တော်ပါတော့ ကိုကြီးရယ် … ခရု မလိုချင်တော့ပါဘူး





လက်ဝတ်ရတနာတွေလည်း လိုမှမလိုအပ်တာဘဲ၊ တကယ်ပါ ခရုမလိုချင်ဘူး"

ကိုကြီးက ခရုပေါ်ကောင်းသလောက် ခရုက အလိမ်အညာတွေနဲ့ပါ။

စိတ်ကမလုံ။

မမခြယ်စကားတွေ ရှန်းရှန်းဝေနေသလောက် ခရု ကြောက်လာမိသည်။

"ခရု ပါးစပ်ကို ပိတ်ထားစမ်း … ကိုကြီးက ညီမလေးတစ်ယောက်ကို ပြင်ဆင်ပေးချင်တယ် ကိုကြီးဆန္ဒလေ … "

ဇွတ်အတင်းကြီးပဲ ရတနာဆိုင်ကို ခေါ်သွားပြီး အဖိုးတန်လက်ဝတ်ရတနာတွေ ဝယ်ပေးသည်။

ခရု အိပ်မက်ပဲ မက်နေတာများလား။

အရမ်းဆိုးဝါးခဲ့တဲ့ ကံကြမ္မာတွေက ရုတ်ချည်းပြောင်းလဲသွားရသည်။

အမေ့ကို သတိရမိလာ၏။

အမေ စိတ်ပူနေမှာပဲ။

ခရုက ထွက်ပြေးလာခဲ့လို့လေ။

အမေ့ကို အကြောင်းကြားချင်ပေမယ့် ခရု ငြိမ်ငြိမ်လေးနေဖို့ပဲ ဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရလေးက အရမ်းချောတယ် ... အသားအရည်ကအစ ဖြူနုဝင်းဖန့်နေတာပဲ၊ နောက်ဆို ငွေခရက ပြိုင်စံမရှိဖြစ်လာလိမ့်မယ်၊ မောင် ညီမရ ကံကောင်းသွားတယ်"

"တကယ့်ကို မထင်မှတ်ဘဲနဲ့ ကိုကြီးနဲ့ခရတို့ ဆုံတွေ့ရတာလေ၊ ကိုကြီး ညီမလေးအဖြစ် နေပေးဖို့ အတိတ်မေ့သွားတာ ဖြစ်ရမယ်"

"ခြယ်တောင် ညီမလေးကို မြင်မြင်ချင်း ချစ်သွားမိတာလေ"

ခရ ပြန်ချင်နေပါပြီ။

သူ့ဌွေးညီမဘဝက နေ့ချင်း ညချင်း ရောက်သွားရတာ ခရ ကံကောင်းခြင်းပဲလား။

ခရ ကားအကောင်းစားကြီးရဲ့နောက်မှာ ဇိမ်ကျကျထိုင်နေရပေမယ့် အူတူတူကြီး။

ခရ လက်ချောင်းလေးမှာ စိန်လက်စွပ်ဝတ်ထားရတာ အိပ်မက်လား။

အမေ့ကို မြင်စေချင်တယ်။

အမေ အရမ်းဝမ်းသာမယ်ဆိုတာ ခရ သိပါတယ်။

"ညစာ စားရအောင် ... ခရ ဆာနေပြီလား"

"ဟင့်အင်း"





"မောင်ကလဲကွာ ... ခရလေးက ဆာတယ်ပြောပါ့မလား၊ ဆိုင်အကောင်းဆုံးပဲ ရွေးလေ"

မမခြယ်ကတော့ တကယ့်ကို လိုက်လိုက်လှဲလှဲပဲ။

ခရ ကြောက်တောင်လာတယ်။

ကိုကြီးက ထမင်းစားတာ တယုတယနှင့် ခရ ပန်းကန်ထဲ ဟင်းတွေ ခတ်ထည့်ပေးနေသည်။

"ညီမလေးက ကြောက်နေမှာပါ ... အားနာစရာမလိုဘူးနော် စား ... "

"ဟုတ်တယ် ခရလေး ... ရဲရဲတင်းတင်း စားစမ်းပါ၊ ချစ်စရာကောင်းတဲ့ ညီမလေးတစ်ယောက် ရထားလို့ အရမ်းပျော်နေကြတာ ... အတိတ်ကိုလည်း တွေးမနေနဲ့တော့ ပျော်ပျော်နေပါကွာနော် ... ခရလေး ... "

"ဟုတ်ကဲ့"

ငွေခရ နင်ဘယ်လိုကောင်မလေးမျိုးပဲဖြစ်ဖြစ် ငါ့ရည်းစားကိုတော့ လုယူမယ် မကြံနဲ့နော်။

မောင့်ကိုလည်း လွှတ်ထားလို့ မဖြစ်တော့ဘူး။

စောင့်ကြည့်ရမယ်။

မောင် လွန်တယ် ...

ခြယ့်ရှေ့မှာတောင် ခရ ... ခရနဲ့ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြယ် ဒေါသတွေပေါက်ကွဲ ထွက်မလာစေရန် မျိုသိပ်ထားရသည်။

"ညီမလေး ပျော်ပျော်နေပါ ... ဘာမှစိုးရိမ်ကြောင့်ကြမှုတွေမရှိပါနဲ့၊ အတိတ်ကို ပြန်သတိရတော့လည်း ညီမလေးဆုံးဖြတ်တဲ့အတိုင်း ဖြစ်စေရပါ့မယ်"

"ဟုတ်ကဲ့"

"ကိုကြီး အရမ်းပျော်တယ် ... ကိုကြီးက မောင်နှမသားချင်းလည်းမရှိဘူးလေ ... ခရုလေးကိုကောက်ရတာ ကိုကြီးဆန္ဒတွေပြည့်ဝတာပါပဲ"

"ဟုတ်ကဲ့"

"ကောင်မလေး ဟုတ်ကဲ့ပဲပြောတတ်လား ... စကားတွေအများကြီးပြောတတ်တဲ့ ညီမလေးဖြစ်စေချင်တယ်"

မောင် ...

ရှင်လွန်လာပြီထင်တယ် ...

ခြယ့်ရှေ့မှာ ဒီလောက်အထိ အကြင်နာတွေပေးနေတာ ညီမလေးလိုမှ ဟုတ်ရဲ့လားဟင်။

ပြီးတော့ ...

တစ်တိုက်ထဲမှာ ဗိုနဲ့မ။

ခြယ့်ရင်တွေ ပွပန်ကြောင်းကျနေသည်။





ငွေခရုဆိုတဲ့ ကောင်မလေးကလဲ ချောချောလေး။

အရပ် ရှည်ရှည်လေးနှင့် တောင့်တောင့်ဖြောင့်ဖြောင့်။

မောင်နဲ့လမ်းပေါ်မှာ တွေ့ကြတာတဲ့။

ဘာဖြစ်လို့ လမ်းပေါ်ထွက်လာရတာလဲ။

ခြယ်တော့ နည်းနည်းလေးမှ ဘဝင်မကျမိ။

သဘောကောင်းချင်ယောင် ဆောင်ပြနေရတာပဲ စိတ်မောတယ်။

ငွေခရုကို မောင့်အနားကနေ ဘယ်လိုဖယ်ထုတ်ပစ်ရမလဲ ဆိုတာပဲ စဉ်းစားကြံစည်ရတော့မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

"မိရွှေနှစ် ... နင့်သမီး ငါ့ကိုရိုက်ပြီး ထွက်ပြေးသွားတယ်၊ အမလေး ... မသေတာကံကောင်းဘဲ ထစမ်း ... "

ဦးညိုမြ ခေါင်းမူးသွားပြီး တော်တော်လေးကြာအောင် သတိလစ်သွားသည်။

ဒဏ်ရာတော့ မရခဲ့။

ဒီကောင်မလေး ဘယ်ထွက်သွားပြီလဲ။

ဒင်းအမေ ရွှေနှစ်ကို အိပ်ဆေးတိုက်ထားသည်။

"ရွှေနှစ် ... ထစမ်း ... "

"ဟင်"

ရွှေနှစ်ကို ကန်ကြောက်နှိုးတော့မှ ထလာသည်။

"ကိုညိုမြ ဘာဖြစ်လို့လဲ ... ကျွန်မ အရမ်းအိပ်ချင်သွားတယ် နေတောင်အတော်မြင့်နေပြီပဲ"





"မင်းသမီး ထွက်ပြေးသွားပြီ၊ အခု မရှိတော့ဘူး ... မင်းလည်း ကြံရာပါ မဟုတ်လား"

"ရှင် ... သမီး ထွက်ပြေးသွားပြီ ဟုတ်လား ... ဘယ်တုန်းကလဲ ... ဟုတ်ရဲ့လားရှင်"

"နင် မူယာမာယာတွေ လာလုပ်ပြမနေနဲ့ ရွှေနှစ် ... နင်ကိုယ်တိုင် စီစဉ်ပေးခဲ့တာလေ ... နင့်သမီး ရှောင်နေဖို့ နင်ကိုယ်တိုင် သူငယ်ချင်းဆီစာရေးခဲ့တာ၊ ဒီမှာ ... အဝတ်အိတ်နဲ့စာ ... "

"ရှင်"

"ဘာရှင်လဲ"

"ဖြန်း"

"အမလေး"

"ဖြန်း"

"ရှင် ... ရှင်ဘာဖြစ်လို့ ကျွန်မကိုနှိပ်စက်နေရတာလဲ ... ဟုတ်တယ် ... ကျွန်မ စီစဉ်ပေးတာလေ၊ အခု သမီးလေး အဝတ်အိတ်တောင်ယူမသွားနိုင်ဘူးဆိုတော့ ရှင် ကျွန်မသမီးကို ကြံစည်ဘာမဟုတ်လား ... ကျွန်မကိုလည်း အိပ်ဆေးခတ်တယ်၊ ရှင့်ကို သက်ဆိုင်ရာသွားတိုင်မှဖြစ်မယ်"

သမီးလေးကို ဒင်းကြံစည်ခဲ့တာပဲ။

အဝတ်အိတ်တောင် မယူဘဲ ထွက်ပြေးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ စိတ်ပူလိုက်တာ သမီးလေးရယ်။ ပြေးစရာမြေမရှိ။ ဘဝအတွေ့အကြုံလည်း မရှိတဲ့ နုနုနယ်နယ် သမီးလေး ငွေခရေ။

"နင့်သမီးကို ငါဘာလုပ်လို့လဲ ... နင့်မှာသက်သေရှိလို့လား ရွှေနှစ် ... နင့်ရဲ့တလွှာတစ်မိုက် ဥာဏ်လေးနဲ့မျှား ငါ့ကိုလာစမ်း သေးတယ်၊ နင့်သမီးပဲ အရှုက်ကွဲမှာနော်"

လူယုတ်မာကြီး။

အရက်သောက်ရုံတင် မကဘူး ... ကိုယ်ကျင့်တရားကလဲ မကောင်းပေ။

မိမိကိုလည်း နှိပ်စက်နေသေးသည်။

"နင်လည်း သတိထားနေ၊ ငါက အိမ်ကိုမီးရှို့ပြီး နင့်ကိုပါ သတ်မှာနော် ... "

ဒေါ်ရွှေနှစ် ဘဝက ဝဋ်ကြွေးပဲဟု မှတ်ပြီး သည်းခံရတော့ မှာပဲဖြစ်သည်။

ကိုညိုမြက ကြောက်စရာကောင်းလွန်း၏။

ရက်စက် ယုတ်မာသည်။

"သမီးလေးလွတ်မြောက်သွားပေမယ့် အန္တရာယ်မှကင်းရဲ့ လားပဲ ... အဝတ်အိတ်ရော လိပ်စာရောက ကျန်ရစ်ခဲ့တယ်၊ သမီး က သူတော်ကောင်းလေးပါ၊ အဆင်ပြေပြီး ကူညီမယ့်သူပေါ်ပါစေ"

ဒေါ်ရွှေနှစ် စိတ်ထဲကနေ ကြိတ်၍ ဆုတောင်းမိသည်။





"ငါ့ကို ကလန်ကဆန်လုပ်သွားတဲ့ဟာမ မရမက စုံစမ်းပြီး နောက်ယှက်မယ် ... မကောင်းတဲ့အိမ် ပို့ပစ်မယ်"

"လူယုတ်မာကြီး"

"ဖြန်း"

"ပြန်ပြောစမ်း"

"လူယုတ်မာကြီး"

ဒေါ်ရွှေနှစ်အသံကုန်အော်ဟစ်လိုက်သည်။

ကိုညိုမြက ဒေါသဖြစ်ပြီး မိမိလည်ပင်းကို ညှစ်တော့၏။

အိမ်နီးနားချင်းတွေ ပြေးတက်လာကြသည်။

"မဆိုင်တဲ့လူ ဝင်စရာမလိုဘူး ... ထွက်သွားကြစမ်း၊ ငါ သေလိုက်သတ်မှာနော်"

ကိုညိုမြက မုန်ယိုနေတဲ့ ဆင်ကြီးတစ်ယောက်ကဲ့သို့ တွေ့ သည်းသည်းမဲမဲ တိုက်ခိုက်နေသည်။

"အား"

"ခွေးမ"

ကိုညိုမြရဲ့လက်မောင်းကို တအားကုန်းကိုက်ပြီး ပြေးထွက် ခဲ့သည်။

"ခွေးမ ... ရပ်နေစမ်း၊ နင့်ကိုသတ်ပစ်မယ် မိရွှေနှစ်"

ဒေါ်ရွှေနှစ်ကတော့ ရပ်ကွက်လူကြီးအိမ်အထိ ပြေးလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကယ်ပါဦး ဦးကျော်ခေါင် ... ကျွန်မကို သတ်နေပြီ"

မိမိ လူကြီးအိမ်ထဲ ဝင်သွားတော့မှ ကိုညိုမြ ပြန်လှည့်သွားသည်။

"ရွှေနှစ် ... နင်လည်း ဒုက္ခပဲ၊ နင့်ပစ္စည်းနဲ့နင် အနှိပ်စက်ခံနေရတာပါလား"

"ကိုညိုမြကို ကျွန်မ လုံးဝမပေါင်းနိုင်တော့ပါဘူး၊ ကွာဖို့လုပ်ပေးပါဦးကျော်ခေါင်ရယ်"

"နင် တကယ်ကွာမှာလား မြနှစ် ... "

"တကယ်ပါ"

"နင့်အိမ်ကိုတော့ ဒီကောင်က အမိအရချုပ်ကိုင်ထားမှာပဲ၊ ကွာချင်ရင်တောင် ဒီကောင်ကကပ်နေမှာ၊ သူက ကွာမပေးရင်မရဘူး"

"ကျွန်မကို သတ်တော့မယ်"

"နင့်သမီးလေးရော ... "

"ဒင်းရန်ကြောက်ပြီး ထွက်ပြေးသွားတယ်၊ ဘယ်ရောက်နေမှန်းတောင် မသိတော့ပါဘူး"

"ဖြစ်ရလေဟာ ... နင့်အပြစ်ပဲ၊ သမီးအပျိုလေးရှိတာကို နင်က အရက်သမားနဲ့မှ ယူရလား ရွှေနှစ်ရယ် ... "

ဖိုးလပြည့်စာပေ



မိမိအား ဘယ်လိုမှကွာရှင်းမပေးဘူးဆိုတာလည်း သိသည်။ ထွက်ပြေးဖို့ပဲ ဆုံးဖြတ်ထားသည်။

"ညကျရင် ညိုမြကိုခေါ်မယ် ... ဆွေးနွေးမယ်၊ ပြောလို့ဆိုလို့မရရင် ရဲလက်အပ်မယ် ... နင့်သမီးကိုရော ဒင်းစော်ကားသေးသလား"

"မသိပါဘူး ... ကျွန်မ အိမ်ပျော်သွားတာ မနက်မိုးလင်းတော့ သမီး မရှိတော့ဘူး"

"ရဲတိုင်မလား"

"မတိုင်တော့ပါဘူး၊ သမီးလည်း နာမည်ပျက်ပါတယ်၊ သက်သေအထောက်အထားလည်း မရှိဘူးလေ ... ကျွန်မ သမီးအပျိုအရွယ်လေး အမဲစက်စွန်းသွားမှာ စိုးရိမ်တယ်"

"ညိုမြ ... ဒီကောင်တော့ကွာ"

ညကျတော့ ကိုညိုမြအား ရုံးကိုခေါ်သည်။

မိမိအား ခြေသလုံးဖက်မတတ် တောင်းပန်နေ၏။

မကွာပေးနိုင်ဘူးတဲ့ နောက်ထပ် မနှိပ်စက်တော့ပါဘူးတဲ့။

"မင်း ဆင်ခြင်ပါ ညိုမြ ... သူများအိမ်ပေါ်လည်း တက်နေသေးတယ်၊ မင်းက မူးရူးသောင်းကျန်းနေရလား"

"ကျွန်တော် မှားပါတယ် ... နောက် မနှိပ်စက်တော့ပါဘူး၊ အသိပေးပါတယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကတိ ခံဝန်ထိုးပါ"

"ဟုတ်ကဲ့ ... ထိုးပါ့မယ်၊ ရွှေနှစ်ရယ် တောင်းပန်ပါတယ် မနိုပ်စက်တော့ပါဘူးကွာ"

ဒေါ်ရွှေနှစ်ကတော့ ကိုညိုမြအား မလွဲမရှောင်သာ သည်းခံပေါင်းရမှာဖြစ်ပြီး တစ်နေ့နေ့ ရန်ကုန်ကို ထွက်ပြေးသွားဖို့ပဲ ဆုံးဖြတ်ထားသည်။

"ပြန်လိုက်ခဲ့ပါ ရွှေနှစ်ရယ် ... ကိုညိုမြ မှားသွားပါတယ်၊ မင်းဆန္ဒအတိုင်းပဲ နေပါ့မယ် ... ရှိခိုးတောင်းပန်ပါဆိုရင်လည်း တောင်းပန်ပါ့မယ်"

"ကဲ ... ရွှေနှစ်၊ ဒီတစ်ကြိမ်တော့ လိုက်သွားလိုက်ပါ၊ နောက်တစ်ခါဆိုရင်တော့ ဒင်းကို စခန်းပို့မယ်"

ဒေါ်ရွှေနှစ်လည်း မတတ်သာတော့ လူယုတ်မာက သမီးကိုလိုက်ရှာပြီး ဒုက္ခပေးမှာလည်း ကြောက်ရသေးသည်။

လောလောဆယ်တော့ အချိန်သတ်ပြီး ဆက်ဆံရဦးမှာပဲ။

မိမိမှာ ငွေကြေးလည်း မရှိဘူး။

ကိုညိုမြကလည်း အတင်းအကြပ်ကြီးခေါ်နေ၍ ဒေါ်ရွှေနှစ်လိုက်လာခဲ့ရသည်။

"ရွှေနှစ်ရယ် ... ငါမှားသွားပါတယ်ကွာ၊ နောက်ဆို မင်းကိုလုံးဝမနှိပ်စက်တော့ပါဘူး ယုံပါ ... "





ရွှေနှစ်ကို ချော့မော့ပြီး ပြန်ခေါ်လာခဲ့သည်။

စယူထဲက ရွှေနှစ်ကို ကြိုက်လို့မဟုတ်ဘူး။

ငွေခရုကို ကြိုက်လို့ပဲ။

နင်ထွက်ပြေးလို့ လွတ်မယ်ထင်နေလား။

ညိုမြအကြောင်း ကောင်းကောင်းသိစေရမယ်။

ငွေခရုကို လက်လွတ်ဆုံးရှုံးလိုက်ရ၍ ဦးညိုမြ ခံပြင်းနေသည်။

"နင့်ကို မြေလှန်ရှာပစ်မယ် ငွေခရု ... အခုတော့ လွတ်အောင် ပြေးထားဦး"

မိမိနေရတာက ရွှေနှစ်အိမ်ဆိုတော့ ချော့မော့ပေါင်းရမှာပဲဖြစ်သည်။

မိမိကိုလည်း ရဲစခန်းမှာတိုင်တောမှာလဲ ကြောက်နေရသေး၏။

ဦးညိုမြ အလျှော့ပေးလိုက်သည်။

"ရွှေနှစ်ရာ ... နင့်ကိုမကွဲနိုင်ပါဘူး၊ အသက်တွေလည်း ကြီးလာပြီ၊ ငါက မူးရင် သွေးဆိုးတတ်တာ နင်အသိပဲလေ"

"ကိုညိုမြ"

"ပြော"

"ရှင့်စကားတွေကိုတော့ ကျွန်မ လုံးဝမယုံဘူး၊ ဒါပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုသတ်မယ်ဆိုရင်လည်း ရှင်ထောင်ကျမှာလေ၊ သတ်ချင်လည်းသတ်ပဲ ... ဒီတစ်ကြိမ်တော့ ကျွန်မ ခွင့်လွှတ်လိုက်မယ်"

"ရွှေနှစ်ရယ်"

နင်က သမီးလွှတ်မြောက်သွားမှ မာရေကျောရေပါလား ရွှေနှစ်။

ဒီတစ်ကြိမ် ခွင့်လွှတ်မယ်ဟုတ်လား။

ငါက ထောင်ထွက် ညိုမြဟ။

တစ်နေ့နေ့ ရွှေနှစ်နှင့်ငွေခရုတို့ အဆက်အသွယ်လုပ်ကြမှာပဲ။

မိမိကတော့ အခွင့်အရေးကောင်းကို စောင့်နေရမည်ဖြစ်သည်။

"ငါ မှားပါတယ်လို့ တောင်းပန်ပြီးပြီပဲ၊ ကျေနပ်ပါကွာ ... ငါအရက်လည်း လျှော့သောက်ပါ့မယ်၊ နင့်ကို စိတ်ညစ်အောင် လုံးဝမလုပ်တော့ပါဘူး"

ဒေါ်ရွှေနှစ်ကတော့ ကိုညိုမြအား မယုံတော့။

မိမိကို ချွဲချွဲ ပြစ်ပြစ်တွေပြောပြီး အတင်းယူခဲ့သည်။

မိမိဝဋ်ကျွေးပဲလို့ထင်တယ်။

ကိုညိုမြအပေါ် သံယောဇဉ်တွယ်ပြီး ယောကျ်ားအလိုကျနေထိုင်ခဲ့သည်။





"မင်းအနားယူတော့ ရွှေနှစ် ... ငါအပြင်သွားစရာရှိတယ်၊ နောက်ဆို ငါငွေရှာမယ် ... နင့်ကို ရွှေနဲ့ငွေနဲ့ ထားပါ့မယ်"

ကိုညိုမြ ပြန်ထွက်သွားသည်။

ဒင်းကြောင့် ... မိမိ စည်းစိမ်ဥစ္စာတွေ ဆုံးရှုံးသွားရ၏။

အသုံးအဖြုန်း ကြီးလွန်းသည်။

သမီးအဖေအပေါ် မိမိနိုင်ခဲ့သမျှ ဝဋ်တွေ အကြီးအကျယ်လည်တာပဲ ဖြစ်နိုင်၏။

ကိုညိုမြက မိမိကို နိုင်လိုက်တာ။

အမြဲတမ်း ရိုက်နှက်နေတတ်သည်။

အရင်ကတော့ သမီးလေးရှိနေလို့ မိမိသည်းခံပေါင်းသင်းနေခဲ့မိတာပါ။

သမီးအခန်းလေးထဲ ဝင်လာခဲ့မိ၏။

အဝတ်အိတ်လေးက ကျန်ရစ်ခဲ့၏။ ပိုက်ဆံလည်း ပါမသွားဘူး။ လိပ်စာလည်း ကျန်ခဲ့တယ်။

သမီး ဘယ်လိုများဖြစ်နေပြီလဲ။

"အမေ့သမီးလေး အန္တရာယ်မှကင်းရဲ့လားကွယ် ... ဒုက္ခတွေများ ပိုရောက်နေပြီလား"

ကိုညိုမြက မိမိတို့အကြံအစည်ကိုသိပြီး မိမိအား အိပ်ဆေးခတ်လိုက်တာပဲ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့အမှားတွေပါ သမီးလေးရယ် ... သမီးလေးက ချော မောလှပပြီး တန်ဖိုးရှိတဲ့ မိန်းကလေးပါ။ အမေ ဂရုတစိုက် စောင့် ရှောက်ပေးသင့်ပါတယ်ကွယ်"

သမီးအိတ်လေးကိုကြည့်ပြီး ဒေါ်ရွှေနှစ် မျက်ရည်ကျမိသည်။

ကိုညိုမြက သမီးကိုလိုက်ရှာပြီး ဒုက္ခပေးမှာလည်း စိုးရိမ်မိ နေ၏။

အချို့သတ်ထားရမယ်။

တစ်ဖက်ကလည်း သမီးအကြောင်း စုံစမ်းရမည်။

"သမီးလေးကို သနားလိုက်တာ၊ ကံကြမ္မာကြောင့်လားပဲ ထင်တယ် ... ကံဆိုးမလေး ... ထပ်ပြီး ကံဆိုးခြင်းတွေနဲ့ မကြုံတွေ့ ရပါစေနဲ့တော့"

ဒေါ်ရွှေနှစ် မျက်ရည်တွေ တပေါက်ပေါက်လိမ့်ဆင်းလာ သည်။

သမီးမှာ ဆွေမျိုးသားချင်းလည်း မရှိ။

ဘုရား သိကြားတို့ ကယ်မတော်မူပါ။

"အမေ လိုက်လာခဲ့မယ် ... လှူယုတ်မာကြီး အလစ် အမေ ထွက်ပြေးမယ် ... လောလောဆယ်တော့ အမေရင်ကွဲမတတ် ခံစား နေရပါတယ်ကွယ်"

သမီး ငွေခရုကို မိမိ မဖြစ်မနေ ရှာဖွေမည်။





လူယုတ်မာကြီး ညိုမြအလစ်တွင် ထွက်ပြေးရမယ်။

သမီးလေးမရှိမှ ဘယ်လောက်အထိ စိုးရိမ်ပူပန်နေရလဲဆို တာ မိမိသိလာရ၏။

အဝတ်အစားတွေလည်း ပါမသွားဘူး။

မှတ်ပုံတင်ရော ငွေရော အားလုံးကျန်ခဲ့သည်။

ခင်းကြောင့်ပဲ ...

ခင်းမတော်မတရား ကြံစည်တာပဲဖြစ်နိုင်၏။

သမီးလေး အန္တရာယ်ကင်းစေဖို့ ဒေါ်ရွှေနှစ် မျက်ရည် စက်လက်ဖြင့် ဆုတောင်းပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"ခရ"

"ရှင်"

"ကိုကြီး ဝယ်ပေးတဲ့အင်္ကျီတွေ ဝတ်နော် ... ပြီးတော့ ခရ သင်တန်းတွေ တက်ရမယ်"

"ဟုတ်ကဲ့"

"Speaking ရော၊ ကွန်ပျူတာရော တတ်အောင် သင်ရမယ်၊ မင်းရဲ့ပညာရေးက ဘာမှန်းမသိရပေမယ့် မင်းဉာဏ်ကောင်းမှာပါ"

ခရ တက္ကသိုလ်ဝင်တန်းအောင်ထားပြီးပါပြီ။

စာရွက်စာတမ်း အထောက်အထားတွေက ကျန်ခဲ့သည်။

ကိုကြီးကိုလည်း အဖြစ်မှန်တွေ ပြောပြချင်တယ်။

ခရကို ပြန်ခိုင်းမှာလည်း ကြောက်မိနေ၏။

လိမ်ညာလှည့်ဖြားနေတာတွေ တစ်နေ့နေ့တော့ သိသွား





နိုင်သည်။

"ခရလေး အတိတ်အကြောင်းတွေကို တွေးနေတာလား၊ မတွေးပါနဲ့ကွာ ... ကိုကြီးကလေ မင်းအတိတ်ကို ပြန်သတိရသွားမှာတောင် ကြောက်နေမိတယ်၊ ညီမလေးအတိတ်က ဘာတွေပဲဖြစ်နေပါစေ ကိုကြီး ညီမလေးက ညီမလေးပါပဲ"

"တကယ်လားဟင် ကိုကြီး ... "

"တကယ်ပါ"

ခရ အတိတ်တွေကို ပြန်သတိမရချင်။

ပထွေးက မတရား ကျင့်ကြံတာသိသွားရင်လည်း ခရအား အထင်သေးမှာစိုးရိမ်သည်။

"ကိုကြီးရယ် ... ခရတောင်းပန်ပါတယ်နော်၊ ကိုကြီးကို အစ်ကိုအရင်းတစ်ယောက်လိုပဲ ကျွန်မ သံယောဇဉ်တွယ်တာနေမိတာပါ ... ကျွန်မဘဝက အားကိုးရာမဲ့လွန်းပါတယ်"

ကိုကြီးအား သူမစိတ်ထဲကပဲ တောင်းပန်နေမိသည်။

အဖြစ်မှန်တွေ ဖွင့်ပြောဖို့ကလည်း မပြောချင်။

ကိုကြီးအထင်သေးသွားမှာကို အကြောက်ကြီး ကြောက်နေမိ၏။

သူမ နေထိုင်ရတဲ့ဘဝက တကယ့်ကို နတ်ဘုံနတ်နန်းပါပဲ။

"ခရလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘာမှခေါင်းချောက်ခံပြီး စဉ်းစားမနေနဲ့တော့၊ ကိုကြီး ညီမလေးအဖြစ် ပျော်ပျော်နေ ... "

"ဟုတ်ကဲ့"

"ကိုကြီးက ကုမ္ပဏီကို သွားရမယ် ... ခြယ်လာမယ်လေ ညီမလေးကို သင်တန်းတွေ သူအပ်ပေးလိမ့်မယ်"

"ကိုကြီး"

"ပြော"

"မမခြယ်ကို အားနာပါတယ် ... ကျွန်မကို အရမ်းကြီး ဂရု မစိုက်စေချင်ပါဘူး၊ မမခြယ် ဘယ်လောက်ပဲ သဘောထားပြည့် ပြည့် ခံစားရနိုင်တယ်လေ"

"ခရုရယ် ... မင်းလေးက အရမ်းလျှောက်ပြီးတွေးနေတော့ တာပဲ ... ခြယ်က သဘောကောင်းပါတယ်၊ ကိုကြီးနဲ့အပေးအယူ လုပ်ထားပြီးသားပါကွာ ... စိတ်မပူနဲ့ ကောင်မလေး ... ကိုကြီးပြော တဲ့အတိုင်းသာ လုပ်စမ်းပါ"

"ဟုတ်ကဲ့"

"ကိုကြီး ကုမ္ပဏီကိုသွားတော့မယ် ... လိုအပ်တဲ့သင်တန်း တွေတက်ပြီးတာနဲ့ ခရုလေးက ကိုကြီးအတွင်းရေးမှူးအဖြစ် လုပ် ရမယ်"





သူတစ်တိတ်ထဲမှာ ခရုလေးကို သံယောဇဉ်တွယ်မိနေခဲ့ပြီး သူ့ မျက်စိအောက်မှာပဲ ထားချင်သည်။

အတိတ်ဘဝက ရေစက်ပဲလား။

သူလိုချင်တောင်းတနေတဲ့ ညီမလေးအဖြစ် မထင်မှတ်ဘဲ ရောက်ရှိလာခဲ့၏။

ခရု အတိတ်ဘဝကို ပြန်သတိရသွားမှာကိုပင် စိုးရိမ်မှုပန် ရသည်။

"ခြယ်နဲ့လည်း မကြာခင် လက်ထပ်မယ် ... ဘာဖြစ်လို့ လည်းဆိုတော့ ညီမလေးအတွက် မိန်းကလေးအဖော်ရအောင်လေ"

"ကောင်းပါတယ် ကိုကြီး ... အရမ်းဝမ်းသာလိုက်တာ၊ ခရု က မမခြယ်ကို အရမ်းအားနာနေမိတာပါ၊ ကိုကြီးတို့မင်္ဂလာဆောင် ရင် ခရုမင်္ဂလာပန်းကြဲပေးမယ်နော်"

"လုပ်ပေးရမယ်လေ ... ကိုကြီးညီမ ချောချောလေးကို အမြန်ဆုံး ပွဲထုတ်ရမယ်"

မမခြယ် မျက်ဝန်းတွေထဲမှာ မနာလိုဝန်တိုမှုတွေ ယှက် သန်းနေတာ ခရုကိုကြည့်ရင် မျက်မှောင်ကုတ် တင်းမာနေတတ် သည်။

မိန်းမချင်းပဲ ... မမခြယ် သဝန်ကြောင်တာ ခရုခွင့်လွှတ်နို သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရုပဲ အနေအထိုင်ဆင်ခြင်မှ ဖြစ်မှာပါ။

"ကိုကြီး သွားပြီနော် ခရု ... "

"ဟုတ်ကဲ့"

"ပျော်ပျော်ရွှင်ရွှင် သွက်သွက်လက်လက်နေပါ ... စိတ်ပျော်မှ ခရုကျန်းမာရေး ကောင်းမှာလေ"

"ဟုတ်ကဲ့ပါ"

"ရော့ ... "

"ဟင်"

"မင်းအသုံးစရိတ်အတွက် ကိုကြီးက ဘဏ်မှာထည့်ပေးထားတာ၊ ဘဏ်စာအုပ် ယူထားလိုက် ... လိုအပ်ရင် ထုတ်သုံး"

"နေပါစေ ကိုကြီး ... ခရုမှ မလိုအပ်သေးတာ၊ ကိုကြီး သိမ်းထားပါနော်"

"ခရုပဲ သိမ်းထားစမ်းပါ ... မင်းလေး အနာဂတ်အတွက် ကိုကြီး လုပ်ပေးထားတာ၊ ဘယ်သူမှ သိစရာမလိုဘူး"

"ရှင်"

"ဘာရှင်လဲ ... ကိုကြီးစကားကို နားထောင်ပါ၊ အတိတ်ရေ သတိရလို့ မင်းပြန်သွားရင်လည်း မင်းအတွက်ပဲ သိမ်းထားနော်"

"ခရုလေ ... ခရု ... အဲဒီလောက်ကြီး မျှော်မှန်းမထားပါဘူး နေထိုင်စားသောက်ခွင့်ရနေတာကိုပဲ ကျေနပ်ပါတယ်"

ဖိုးလပြည့်စာပေ



"ကောင်မလေး စကားမရှည်နဲ့ ... ကိုကြီးစကားပဲ နားထောင်၊ မင်းက လိမ်မာတဲ့ကလေးပါ"

ကိုကြီးက သူမခေါင်းလေးကို ပုတ်၍ ထွက်သွားသည်။

ခရု လက်ထဲမှာ ဆုပ်ကိုင်ထားပါတဲ့ ဘဏ်စာအုပ်လေးကို ငုံ့ကြည့်ပြီး သူမ မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်။

"ဝိုက်ဆံတွေများလိုက်တာ၊ ခရု အိပ်မက်ထဲတောင် ထည့်မက်နိုင်တဲ့ ငွေကြေးပမာဏတွေပါလား"

ခရု လက်မခံချင်ပါဘူး ကိုကြီးရယ်။

အဲဒီလောက်အထိလည်း မလိုအပ်ပါဘူး။

ခရု နေထိုင်ခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီနော်။

ဘဏ်စာအုပ်လေးကို ကိုင်ထားရတဲ့ သူမလက်လေးတွေ အဆတ်ဆတ် တုန်ရီနေသည်။

"ဒေါက် ... ဒေါက် ... "

"ဟင် ... "

"ဒေါက် ... ဒေါက် ... ခရုလေး ... "

"ရှင်"

မမခြယ်ပဲ ...

ခရု ကပျာကယာဖြင့် ဘဏ်စာအုပ်လေးကို သူမ အဝတ်ကြားထဲ သိမ်းလိုက်သည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခရုလေး ... "

"ရှင်"

သူမ တံခါးကို ဖွင့်ပေးလိုက်သည်။

"ညီမလေးအဝတ်အစားလဲလေ မမခြယ်လာမယ်လို့ မောင်ပြောထားတယ် မဟုတ်လား ... မိန်းကလေးဆိုတာ ဘာကိုပဲလုပ်လုပ် အချိန်ကို လေးစားရတယ် ငွေခရု ... "

"ဟုတ်ကဲ့ ... ကျွန်မ တောင်းပန်ပါတယ် ... ခရု ပြင်ဆင်ပြီး ဆင်းလာခဲ့ပါ့မယ်"

"မြန်မြန်လုပ်"

ငွေခရု ...

နင်က ဘယ်လိုပဲ မပြုံမပြင်ဘဲနေနေ အရမ်းလှနေတယ်။

နင်က ဘယ်လိုကောင်မလေးမျိုးလဲ။

ဒဏ်ရာလေး မဖြစ်စလောက်ရထားတာနဲ့ပဲ အတိတ်ကို မေ့သွားတယ်ဆိုတာကရော အဓိပ္ပာယ်မဲ့လွန်းနေသည်။

မောင်က အလွန်အမင်း အရေးပေးလွန်းနေ၏။

ဘာညီမလဲ ...

သွေးမတော် သားမစပ် တွေ့တာတောင် မကြာသေးတဲ့ကောင်မလေးကိုများ ခြယ် မကျေနပ်။

မောင့်ကိုတောင် လွှတ်ထားလို့မဖြစ်တော့ဘူး။





ငွေခရု အဝတ်အစားလဲပြီး ဆင်းလာတော့ ခြယ်ပင် ငေးမော ကြည့်ရသည်။

"ခရုလေးက အရမ်းလှတာပဲ၊ ချစ်စရာကောင်းလိုက်တာ မောင်နဲ့မမခြယ်တို့ မင်္ဂလာဆောင်ရင် ခရုလေး မင်္ဂလာပန်းကြဲပေးရမယ်နော်"

"ဟုတ်ကဲ့ ... ခရုလည်း ကိုကြီးကိုတောင်းဆိုထားပါတယ်၊ ကိုကြီးနဲ့မမခြယ်တို့ လက်ထပ်ပြီးမှ ခရုလည်း နေထိုင်လို့ကောင်းမှာလေ"

"ခရုလေးရယ် ... မမတို့နှစ်ယောက် လက်ထပ်ပြီးရင် ခရုလေးလည်း ဘာမှစိတ်မပူပါနဲ့၊ မမခြယ် စောင့်ရှောက်ပေးမှာပါ"

ငွေခရု ...

နင့်ကို ငါအချိုသတ်နေတာဟဲ့ သိရဲ့လား။

မောင့် အနားမှာ ညီမအဖြစ်လည်း မနေရဘူး။

နင် ဘယ်လိုအကြံအစည်တွေနဲ့ပဲ ရောက်လာ ရောက်လာ နင်ဘယ်လောက်ပဲ ရိုးသားနေပါစေ မောင့်အနားမှာ မနေရဘူး။

မောင်နှင့်တရားဝင်လက်ထပ်ဖို့ ငွေခရုအပေါ် သဘောကောင်းချင်ယောင် ဆောင်လိုက်သည်။

"သွားကြမယ် ... ညီမလေးကို သင်တန်းအပ်ပေးမလို့ပါ"

မမခြယ် သဘောကောင်းချင်ယောင်ဆောင်နေမှန်း ငွေခရု



www.burmeseclassic.com

www.burmeseclassic.com



သိနေသည်။

မျက်လုံးတွေက လိမ်ညာလို့မှ မရတာ။

ခရုစိတ်တွေ လေးလံနေသည်။

ဖြစ်နိုင်လျှင် ခရု ရင်မဆိုင်ရဲတော့ဘဲ ထွက်ပြေး သွားချင်မိ ၏။

မမခြယ် ကားနှင့် သင်တန်းတွေ အပ်ရသည်။

"ကြိုးစားနော် ခရု ... ညည်းဘဝအတွက်ပဲလေ၊ တစ်နေ့နေ့ အတိတ်ကို သတိရသွားရင် ညည်းလေး လုပ်စားတတ်အောင်ပါ"

"ကျေးဇူးတင်ပါတယ် မမခြယ် ... ခရု ကိုယ့်ဘဝကိုယ် နား လည်ပါတယ် ... ကြိုးစားပါ့မယ်"

မမခြယ်နှင့်သွားလာနေရတာ ခရု အသက်ရှူလို့ပင်မဝ။

ကြောက်နေမိသည်။

စကားလုံးချိုချိုတွေ ပြောနေပေမယ့် အကြင်နာတွေ ကရု ဏာတွေမပါ။

ခရုကျောထဲက စိမ့်အောင် ကြောက်လာသည်။

"မင်း ဘာလိုအပ်သေးလဲ ခရု"

"အားလုံး ပြည့်စုံပါပြီ မမ"

"ညည်းကို မမခြယ် သွန်သင်ဆုံးမစရာရှိတယ်၊ မိန်းကလေး ဆိုတာ အနေအထိုင်ဆင်ခြင်မှ တန်ဖိုးရှိတာနော်၊ ညည်းလေးဘ





ပြောတယ် ... အဝတ်အစား အကောင်းစားတွေဝတ်လိုက်တော့ မိန်းကလေးချင်းတောင် ငေးကြည့်ရတယ်"

"မမကလဲ ... ခရု ရှက်တယ်"

မမခြယ် ဘာကိုရည်ရွယ်ပြီးပြောနေလဲဆိုတာ ခရုသိသည်။

ဟုတ်ပါတယ်လေ ...

မမခြယ် မမှားပါဘူး။

ချစ်သူနဲ့ ဘယ်စိတ်ချပါ့မလဲ။

"ခရု"

"ရှင်"

"မမခြယ် ... နောက်ဆုံးတစ်ခုပြောချင်တာက ညည်းဘဝ အတွက် အကောင်းဆုံးယောကျ်ားတစ်ယောက်ကို ရှာပါ"

"ရှင်"

"ဟဲ့ ... နင့်ကိုပြောလိုက်ရင် တဟင်းဟင်းနဲ့ ဘာတွေနား ထောင်နေတာလဲ ခရုလေးရယ် ... တွေ့ကရာလူကို မကြိုက်နဲ့ ဒီသင် တန်းမှာ ငထောတွေရှိတယ် ... သတိထားဖို့ ကြိုးစားထားပါ"

မမခြယ်ကတော့ ခရုကို ရည်းစားထားဖို့ သွန်သင်ဆုံးမနေ ခြင်းပဲဖြစ်သည်။

နင် ... ရည်းစားထားတော့ မောင့်အနားကပ်မနေနဲ့ ဆိုတဲ့ သဘောပင်။



www.burmeseclassic.com

www.burmeseclassic.com



ခရုအား ပထုတ်ဖို့ ကြံစည်တာပဲ။

ခရုလည်း ထွက်သွားမှာပါ။

ပထွေးရန်က လွတ်မြောက်စေရန် ပုန်းခိုနေမိတာပါ။

"ပြန်ကြမယ်"

"ဟုတ်ကဲ့"

"ခရု"

"ရှင်"

"ညည်း အငှားကားနဲ့ပြန်တော့ ... မမခြယ် မောင့်ဆီဝင်ဦးမယ်"

"ဟုတ်ကဲ့"

ခရုလည်း မမခြယ်ကားပေါ် လိုက်မစီးချင်ပါဘူး။

သဘောကောင်းချင်ယောင် ဆောင်နေတာကြီးက စိတ်ပျက်စရာပင်။

မမခြယ်က ဟန်ဆောင်နေတာပါဟု ကိုကြီးအား ခရု ပြောပိုင်ခွင့်မရှိပေ။

အငှားကားနှင့်ပဲ ပြန်လာခဲ့သည်။

အိမ်ရောက်ရောက်ချင်းပဲ ကိုကြီးက ဖုန်းဆက်နေ၏။

ခရု စိတ်ထဲမှာ ပျော်သွားရပေမယ့် ချက်ချင်းပင် လေးလံသွားရသည်။

ဝိုးလပြည့်တာပေ



"ခရု"

"ရှင်"

"သင်တန်းတွေ အပ်ပြီးပြီလား"

"ဟုတ်ကဲ့"

"ခရု မမခြယ်ရော ... "

"ကိုကြီးဆီလာနေတယ်လေ"

"ဘာပြောတယ် ... ခရုကို တစ်ယောက်ထဲပြန်ခိုင်းလိုက်တာလား ... လိုက်မပို့ဘူးလား"

"ခရုက အငှားကားနဲ့ပဲ ပြန်မယ်လို့ အတင်းအကြပ်ပြောလို့ပါ မမခြယ်က လိုက်ပို့ပေးပါတယ် ... ခရု ခေါင်းနည်းနည်းမူးလာလို့ ကိုကြီးဆီ မဝင်တော့တာပါ"

"ခေါင်းမူးနေတယ် ဟုတ်လား ခရု ... အရမ်းမူးနေလား၊ ဆေးခန်းပြမလား ... ကိုကြီး ပြန်လာခဲ့မယ်လေ"

"မလာပါနဲ့ အရမ်းကြီးမူးနေတာ မဟုတ်ပါဘူး၊ အပြင်ထွက်စရာရှိတဲ့ ထွက်မိလို့ထင်တယ်၊ အခုတောင် တော်တော်လေး ခေါင်းကြည်သွားပါပြီ"

"မကောင်းရင် ကိုကြီးဆီ ဖုန်းဆက်နော် ... အားမနာနဲ့၊ ကြိတ်မှိတ်လည်း ခံစားမနေနဲ့၊ ကိုကြီးစိတ်ပူတတ်တာ သိတယ်နော်"

ဝိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

ကိုကြီးရယ် ...

ခရုကို အဲဒီလောက်ကြီး ဂရုမစိုက်ပါနဲ့။

မမခြယ်လည်း ထောက်ထားညှာတာရပ့ါမယ်။

ကိုကြီးနှင့်အမြန်ဆုံး စကားပြောပြီး ဖုန်းပိတ်ပစ်လိုက်သည်။

ကိုကြီးဆီကို မမခြယ် ရောက်လာတော့မယ်။ ခရုဆီ အဖြစ်သည်းပြီး ဖုန်းဆက်တယ် ဖြစ်ဦးမယ်။

ခရုဘဝ လုံခြုံဖို့ပါ။

အမေကိုလည်း သတိရတယ်။

ခရုအတွက် စိတ်ပူနေရှာမှာပါ။

အဝတ်အစားတွေရော အမေထည့်ပေးလိုက်တဲ့ လိပ်စာရော ပိုက်ဆံရော ကျန်ရစ်ခဲ့၍ဖြစ်သည်။

❀

အခန်း ( ၆ )

ခြယ် ခြေလှမ်းလေးတွေက မောင့်ရုံးခန်းတံခါးကို ဖွင့်တော့ မလို့ပြင်ပြီး မဖွင့်တော့ ရုံးခန်းဝမှာ ရပ်တန့်သွားသည်။

မောင် ...

ခရုဆီကို ဖုန်းဆက်နေတာပဲ။

အဖြစ်သည်းနေလိုက်တာ။

ဒီလောက်တောင် စိတ်ပူနေရင်လည်း မောင်သွားလေရာ ပွေ့ချီခေါ်သွားပါလား။

ညီမလေးတဲ့ ...

ဘယ်ကရောက်လာမှန်းမသိတဲ့ ကောင်မလေးကိုများ။

မောင် ... မဟုတ်တော့ဘူး။

ခြယ် ဟန်မဆောင်နိုင်လောက်အောင်ပင် ဒေါသဖြစ်ရသည်။

"ညီမလေး ဘာပဲဖြစ်ဖြစ် ကြိတ်မှိတ်ခံစားမနေနဲ့ ... ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆီ ဖုန်းဆက်နော်”

သူမ ဆက်ပြီး သည်းခံနားထောင်မနေနိုင်တော့ဘဲ မောင့်ရုံးခန်းထဲဝင်လာခဲ့၏။

မောင်ကလည်း ဖုန်းပိတ်ပြီး ခြယ်အား အပြုံးတွေနှင့် ဆီးကြိုနေသည်။

ဒေါသဖြစ်လိုက်တာ။

ဒါပေမဲ့ ...

ခြယ် ထိန်းပစ်လိုက်၏။ ပေါက်ကွဲရမယ့်အချိန် မဟုတ်သေးဘူးလေ။ မောင်နှင့် တရားဝင် လက်ထပ်ရမယ်။ မပိုင်သေးလို့။

မောင် ... မော့အကြည့်တွင် သူမ နှုတ်ခမ်းလေးပေါ် အပြုံးတွေရောက်သွားသည်။

“ခြယ် ရောက်လာပြီလား ... မောင် အခုပဲ ခရုဆီဖုန်းဆက်လိုက်တာ၊ အဆင်ပြေရဲ့လားလို့လေ”

မောင် ဘာမှမဖြစ်သလိုပါပဲလား။

တကယ့်ကို သွေးရင်းသားရင်း ညီမတစ်ယောက်ကို စောင့်ရှောက်ပေးနေတဲ့ အစ်ကိုတစ်ယောက်ရဲ့ ဖြူစင်မှုဟု ထင်နေရသည်။

“ခြယ်”

“ဟင်”





“မောသွားပြီလားကွာ ... ထိုင်လေ”

မောင့်ကိုတွေ့တော့လည်း ခြယ်မစွန့်ခွာနိုင်။

ချောမောခန့်ညားပြီး ယောကျ်ားပီသသူ။ စည်းစိမ်ဥစ္စာတွေကလဲ ပြည့်စုံလွန်းသည်။

ခြယ် ... မက်မောနေမိ၏။

အချစ်ဆိုတာကိုတော့ ခြယ်က ဦးစားပေး အဆင့်မှာ မထား ပါဘူး။

ခြယ်က မာနကို မိုးထိအောင် လွှင့်နေသူပါ။

“သင်တန်းကိစ္စကတော့ အဆင်ပြေပါတယ်မောင် ... မနက်ဖြန် စတက်ရမယ်လေ၊ ခရုလေးအတွက် လိုအပ်တာတွေ အားလုံးကိုလည်း လုပ်ပေးခဲ့ပါတယ်၊ မောင့်ဆီ မလိုက်တော့ဘူး၊ အနားယူ ယ်ဆိုလို့ ခြယ် အငှားကားပေါ် တင်ပေးလိုက်တယ်”

“ခရု ပြန်ရောက်နေပါပြီ ခြယ် ... စိတ်မပူရတော့ပါဘူး၊ င်းတော့ နည်းနည်းမူးနေတယ်လို့ ပြောတယ် ... စောစောပြန် အောင်ပါ”

“ပြန်လေ ... ခရုလေး မူးနေလို့လား၊ စောစောကတော့ ကို ဘာမှမပြောဘူး၊ ခရုကလဲလေ ... ခရုလေးကို တစ်ယောက် ပြန်မလွှတ်သင့်ဘူး၊ ဖုန်းပြန်ဆက်ကြည့်ပါဦး ... ”

ခြယ်က မကောင်းတတ်လို့ အရေးတကြီးစိတ်ပူဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာကိုပင်။

ဖုန်းဆက်ချင်သည်။

မောင်က အခုပဲ ဖုန်းပိတ်လိုက်တာကို အဖြစ်သည်းပြီး ထပ်ဆက်နေသည်။

"ခြယ်ပြောမယ် မောင်"

"ပြောလိုက်လေ ခြယ်"

မောင်က ခရုလေး ခဏနော်ဟုပြောပြီး သူမထံ ဖုန်းလှမ်းပေးသည်။

"ခရုလေးလား"

"ဟုတ်ကဲ့ပါ မမခြယ်"

"ခရုလေး ... မူးလို့ဆို၊ အခုဘယ်လိုနေသေးလဲ နေကောင်းရဲ့လားကွယ် ... မမခြယ် ပြန်လာရမလား"

"ဘာမှမဖြစ်တော့ပါဘူး မမခြယ် ... နေကောင်းသွားပါပြီ အေးအေးဆေးဆေးပဲ ပြန်လာပါ ... ကိုကြီးနဲ့ညစာရော အေးအေးဆေး စားကြပါ"

"မမခြယ်လည်း အပြင်စားမလို့လေ ... မောင့်ကိုခေါ် ခရုလေးနေမကောင်းဘူးပြောလို့လေ ... ခရု မမပြန်လာခေါ် မလား"

"ဟင့်အင်း ... ခရု ကားတောက်တာထင်တယ်၊ မထွက်





တော့ပါဘူး၊ ပင်ပန်းတယ်လေ"

"ပြီးရောလေ ... ခရုလေးအနားယူနေနော်၊ စိတ်ညစ်စရာတွေ ဘာမှမစဉ်းစားနဲ့"

"ဟုတ်ကဲ့ပါ"

ခြယ် ဖုန်းကို ပိတ်ပစ်လိုက်သည်။

"ခရုလေး နေကောင်းပါတယ်မောင် ... စိတ်ပူစရာမရှိပါဘူး၊ အေးအေးဆေးဆေးမှ ပြန်လာပါတဲ့"

"အင်းလေ ... နေကောင်းရင်လည်း ပြီးတာပါပဲ"

"မောင်"

"ပြော"

"ခြယ်တို့အိမ်သွားကြမယ်၊ မာမီက ညစာကျွေးမလို့တဲ့၊ ဖိတ်နေတယ် မောင့် ... လက်ထပ်ဖို့ကိစ္စလည်း ဆွေးနွေးကြမယ်လေ"

သူ နည်းနည်းတော့ တွေဝေသွားသည်။

စိတ်တွေက ခရုလေးဆီပဲ ရောက်နေ၏။

စိတ်တွေပူပန်နေသလိုပင်။

ခြယ့် စိတ်ကြိုက်လည်းလိုက်ဖို့ လိုအပ်၍ ခြယ့်အိမ်သို့ လိုက်သွားရန်ပဲ ဆုံးဖြတ်လိုက်သည်။

"မောင်သုတကို မာမီကမျှော်နေတာလေ ... သမီးခြယ်က လက်ထပ်ဖို့ကိစ္စတွေ ဆွေးနွေးကြမလို့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မာမီ ... ခြယ်နဲ့အမြန်ဆုံး လက်ထပ်မှာပါ။ မာမီတို့ ခြယ်တို့ဆန္ဒအတိုင်း စီစဉ်ပါ"

"အေးကွယ် ... မင်းတို့လည်း အရွယ်ရောက်ကြပြီပဲ၊ လက်ထပ်သင့်ပါပြီ ... မာမီတို့မှာ သမီးလေးတစ်ယောက်ထဲရှိတာ၊ စိတ်ပူပန်ရတယ်လေ"

"စိတ်မပူပါနဲ့မာမီ ... ခြယ်နဲ့လက်ထပ်မှာပါ၊ မာမီတို့ စီစဉ်စရာရှိတာတွေ စီစဉ်ပါတော့"

"အေးကွယ် ... သားဆီက အဲဒီစကားတွေကိုပဲ မာမီတို့ကြားချင်နေတာပါ ... ကဲ ... မိသားစုတွေ ပျော်ပျော်ပါးပါး စားကြရအောင်ပါ"

"မောင် ... ဒီမှာ မာမီကလေ မောင်ကြိုက်တဲ့ ဟင်းတွေပဲ ရွေးချက်ထားတယ် ... မာမီကတော့ သမက်ကို အရမ်းချစ်နေတယ်ပေါ့လေ"

"ဟုတ်တယ်ကွယ် ... မာမီက သားပဲလိုချင်ခဲ့တာ၊ မောင်သုတလို ထူးချွန်ထက်မြက်တဲ့ သားကို ချစ်ရတယ်လေ"

အရင်ကဆို ခြယ်တို့မိသားစုနှင့် တပျော်တပါး နေထိုင်စားသောက်လာခဲ့တဲ့သူက ဟန်ဆောင်အပြုံးလေးပင် အတော်လေးကြိုးစားလုပ်ယူနေရသည်။

ခရု နေမှကောင်းရဲ့လား။





အတိတ်က အဖြစ်အပျက်တွေကို စဉ်းစားပြီး ခေါင်းတွေနောက်ကျိနေပြီလား။ သနားစရာကောင်းတဲ့ ငွေခရုလေးပါ။

သုတက အတိတ်ကို သတိရမှာပင် ကြောက်ရွံ့စိုးရိမ်နေသည်။

"မောင်"

"ဟင်"

"ငါးပေါင်းလေး စားလေ ... မောင်အကြိုက် မာမီက ပေါင်းထားတာလေ"

"ဟုတ်တယ် သား ... စား ... အားမနာနဲ့နော်"

"ဟုတ်ကဲ့ပါ မာမီ"

လွင့်ထွက်သွားတဲ့ သူ့အတွေးတွေကို အမြန်ဆုံးပြန်၍ စုစည်းသည်။

ခြယ် ရိပ်မိသွားလို့ မဖြစ်ပါဘူး။

သူလက်ထပ်ရမှာက ပန်းရောင်ခြယ်ပဲ။ လူသိရှင်ကြားသူတွေ ဖြစ်ကြသည်။

သုတ ... မင်း ဘာတွေ အတွေးချော်နေရတာလဲ။

ခြယ်က မင်းလက်ထပ်ရမယ့် ချစ်သူ။

ပြဿနာတွေကို ရှုပ်ထွေးသွားအောင် မလုပ်စမ်းပါနဲ့။

ခြယ့် မာမီကလဲ သူ့ကို သား ... သားနှင့် ပါးစပ်ဖျားက



www.burmeseclassic.com

www.burmeseclassic.com



မချပေ။

သူ့စိတ်တွေကို မထိန်းချုပ်နိုင်ရင် ငွေခရုလေး ဒုက္ခ ရော
လိမ့်မယ်။

ခရုလေးက သူ့ညီမလေးပါ။

ညစာ စားရတာပင် အရသာတွေမရှိ၊ ခံစားလို့ မရနိုင်အော
ဖြစ်နေသည်။

"မောင်"

"ဟင်"

"ခြံထဲထွက်ထိုင်ရအောင်"

"ကောင်းတယ် ခြယ် …"

ခြယ်တို့ ခြံကြီးကလဲ အကျယ်ကြီးပါ။ ချမ်းသာကြွယ်
တွေပင်။

ချစ်သူ့သက်တမ်းတောင် နှစ်နှစ်လောက်ရှိနေပြီ။

ခြယ်က သူ့ရဲ့အချစ်ဦးပဲ။

တကယ်ပဲကွာ …

ခရုကိုတွေ့မှ ကိုကြီးစိတ်တွေ အရမ်းလှုပ်ရှားနေတယ်

ကိုကြီး လက်ထပ်ပြီးမှပဲ ခရုလည်း အနေချောင်မှာပါ

"မောင်"

"ပြောလေ ခြယ်"





"ခြယ်တို့ လက်ထပ်ဖို့ အမြန်ဆုံးစီစဉ်ချင်ပြီကွယ်"

ခြယ့်က သူ့ရင်ခွင်တိုးဝင်မှီတွယ်လာသည်။ အရင်ကတော့
သာ စတင်၍ ဖက်ထားခဲ့၏။

ဒါပေမဲ့ … သူ့လက်တွေက အင်အားမဲ့နေသည်။

ခရုကို မတွေ့ခင်က အချစ်ထက် ဦးနှောက်နှင့်သူ စဉ်းစား
သည်။

"ခြယ်လေ … မောင်နဲ့ဝေးရမှာ အရမ်းကြောက်တယ် ခြယ်
— စီးပွားရေး အသိုင်းအဝိုင်းမှာလည်း အဖတ်ဆယ်မရ၊ ဂုဏ်
သာကျရလိမ့်မယ်"

"ခြယ်ရယ် … ဘာတွေပြောနေတာလဲ၊ မောင်တို့လက်ထပ်
စိတ်မပူပါနဲ့ ခြယ်ရယ် … ခရုက မောင့်ညီမလေးပါ၊ မောင်
သာ ခြယ့်ကိုပါ"

သူ … ချော့မော့ နှစ်သိမ့်ရသည်။

ခြယ့်ကိုလည်း စိတ်သောကမရောက်စေလိုပေ။

သူ တာဝန်မဲ့တဲ့ယောကျ်ားတစ်ယောက် အဖြစ်မခံနိုင်။

ခြယ့် ကိုယ်လုံးလေးအား သိုင်းဖက်ထားမိသည်။

"ခြယ်"

"ဟင်"

"မင်းဆန္ဒအတိုင်း လက်ထပ်ပွဲကိုလုပ်ပါ … မောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ပါတယ်"

"ခြယ် ဝမ်းသာလိုက်တာ မောင်ရယ် ... တစ်ခါတလေ တော့လည်း ခြယ်က မိန်းကလေးလေ၊ အသိုင်းအဝန်းကလဲ အား လုံးသိနေတော့ ရှက်တယ်"

"မောင်က တာဝန်မယူတတ်တဲ့ ယောကျ်ားမဟုတ်ပါဘူး ခြယ့်ကို လက်ထပ်မယ် ... ခြယ်စိတ်ကြိုက် စီစဉ်နော်"

ခြယ် အတိအကျ အပြည့်အဝကြီး မပျော်ရွှင်နိုင်ပါဘူး။

ငွေခရုကို မောင်းထုတ်ပစ်ချင်သည်။

မောင့်အနားမှာ မထားနိုင်ပါဘူး။

အရှုပ်ထုတ်မ ... ငယ်ရွယ်နုပျိုတဲ့ မိန်းကလေးက လမ်းမ ကြီးပေါ်မှာ ဘာကြောင့်ရှိနေရတာလဲ။

သံသယဝင်စရာပင်။

မောင်က ယုံလွယ်ပါတယ် ...

မောင်နှင့်တရားဝင် လက်ထပ်ပြီးမှ ငွေခရုကို မောင်းထုတ် ပစ်ရမယ်။

"ခြယ်"

"ဟင်"

"မောင် ပြန်တော့မယ်နော်၊ ခရုလည်း နေမကောင်းဘူး မဟုတ်လား"





"ဟုတ်တယ် ... ပြန်လေ မောင်၊ ခရုလေးလည်း နေမ ကောင်းတာပဲ ပြန်နော် ... "

"စိတ်သဘောထားပြည့်ဝတဲ့ မိန်းကလေးပဲ၊ မောင့်ကို အခု လိုနားလည်ပေးတာ ကျေးဇူးအရမ်းတင်ပါတယ်ကွာ"

ခြယ်ရဲ့ ခန္ဓာကိုယ်လေးကို သိုင်းဖက်၍ ဖွဖွလေးနမ်းမိသည်။

သူ့စိတ်တွေ ပေါ့ပါးသွားရ၏။

ခြယ်က နားလည်မှုအပြည့်ပေးခဲ့လို့လေ။

ခရုလေးကို သူမျက်စိအောက်မှာပဲ ထားချင်တယ်။ စောင့် ရှောက်ပေးချင့်တယ်။

ခရု ဘယ်လို ကောင်မလေးမျိုးပဲဖြစ်ဖြစ် သူကတော့ ယာခဉ် ကြီးမားစွာ တွယ်မိနေသည်။

"မောင် ပြန်မယ်နော် ... မနက်ကျမှတွေ့မယ်"

သူတိုက်ထဲပြန်ဝင်ပြီး ခြယ် မာမီ့ကို နှုတ်ဆက်၍ ပြန်လာခဲ့ သည်။

ခရု နေကောင်းရဲ့လား ...

ခေါင်းထိထားတယ်ဆိုတော့ စိတ်ပူရ၏။

သူကလည်း သူပဲ ...

ခရုကို အပြင်တွေ မထွက်ခိုင်းသင့်သေးဘူး။

ကားကို အမြန်နှုန်းဖြင့် မောင်းဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်သုတ ... ဘာဖြစ်လာလို့လဲ၊ မင်း ကားမောင်းအရှိန်းကြမ်းနေတယ်ထင်တယ်"

ခြံစောင့်ကြီး တံခါးဖွင့်ပေးရင်း စိုးရိမ်တကြီး မေးနေတာကို ပှင် လက်ကာပြပြီး တိုက်ကြီးထဲဝင်ခဲ့သည်။

"ခရ ... ခရလေး ... တံခါးဖွင့်လေ၊ ကိုကြီးပါ"

"ဟင်"

ကိုကြီး အသံကြားလိုက်ရ၍ ခရ အထိတ်တလန့်နှင့် လူးလဲထကာ တံခါးဖွင့်ပေးလိုက်သည်။

ခရက သနပ်ခါးအဖွေးသားနှင့် လန်းဆန်းနေတာတွေ့မှ ကိုကြီးမျက်နှာက အပြုံးတွေနှင့် ဝင်းတောက်သွားသည်။

"အမလေး ... ခရလေးရယ် ... ခေါင်းမူးလို့ဆိုပြီး ကိုကြီး အလောတကြီး ပြန်လာခဲ့တာကွ၊ ဟူး ... တော်ပါသေးရဲ့"

ခရမျက်နှာလေး ကြည်လင်ပြီး သနပ်ခါးလိမ်းထား၍ သုတ စိတ်အေးသွားရသည်။

"ညစာရော စားပြီးပြီလား"

"အင်း"

"ခေါင်းမူးတယ်ဆိုတာရော အခုသက်သာသွားပြီလား"

"ဟုတ်ကဲ့ ... ကောင်းသွားပါပြီ၊ ကားမူးတာပါ ကိုကြီး၊ အခု တော့ ကောင်းသွားပါပြီ"





"ခရလေး ... "

"ရှင်"

"အတိတ်အကြောင်းတွေလည်း စဉ်းစားမနေနဲ့တော့၊ မင်း ဘယ်လိုမိန်းကလေးမျိုးလည်းဆိုတာ ကိုကြီး မသိချင်တော့ဘူး၊ ကိုကြီးရဲ့ညီမလေးအဖြစ်ပဲ ပျော်ပျော်နေစမ်းပါ"

ကိုကြီးက ရုတ်တရက် သူမကို ဖက်ထားလိုက်တော့ သူမ အိပ်ပြာလွင့်မတတ် ထိတ်လန့်သွားရသည်။

ကိုကြီး အရက်တွေလည်း သောက်မလာပါဘူး။

သူမ ရှန်းဖယ်မိသည်။

"ဆောရီး ညီမလေး ... ကိုကြီး အရမ်းစိတ်ပူပြီး မင်းကို ကြည်ကြည်လင်လင်တွေ့ရလို့ အရမ်းပျော်သွားရတာပါ"

"ဟုတ်ကဲ့"

"အိပ်တော့ ညီမလေးရယ် ... ကိုကြီး အနားကနေ ဘယ် တော့မှ ထွက်မသွားပါနဲ့ ခရလေးရယ်နော် ... "

ကိုကြီး ပြန်ထွက်သွားသည်။

ခရမျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ပြည့်တက်လာရ သည်။

ကိုကြီးရယ် ...

ခရက အားကိုးမှီ ခိုရာမဲ့နေသူလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးအရိပ်မှာပဲ နေထိုင်ရတော့မှာပါ။

ကိုကြီးက မောင်းထုတ်ရင်တောင် ခရုမှာ သွားစရာနေရာ မရှိပါဘူးရှင်။

တစ်ယောက်ထဲ ခရု တသိမ့်သိမ့် ရှိုက်ငိုပစ်မိသည်။



ခန်း ( ၇ )

"အမလေး ... ကယ်ကြပါဦး၊ လူယုတ်မာကြီး၊ ခရုကို စော်ကားနေပါပြီ ... အား ... "

ပထွေး ဦးညိုမြက ခရုကို အတင်းဖက်ပြီး အဓမ္မပြုကျင့်ရန် ကြံစည်နေသဖြင့် ခရုကြောက်လန့်တကြားဖြင့် အိပ်ရာပေါ်မှ လူးလဲထ၍ အခန်းအပြင်ဘက်သို့ ထွက်ပြေးလာခဲ့သည်။

"ကယ်ကြပါဦး ... ခရုကြောက်တယ်၊ ပထွေးက ခရုကို စော်ကားနေပါပြီ"

"ခရု ဘာဖြစ်တာလဲ"

"အား"

"ခရု"

"လွှတ် ... လွှတ် ... လူယုတ်မာကြီး၊ ကျွန်မ အရှက်နဲ့ အသက်ကို လဲပစ်လိုက်မှာနော် ... လွှတ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ခရ ... သတိထားပါ၊ ကိုကြီးလေ ဘာဖြစ်လို့လဲ၊ အိပ်မက်ဆိုးတွေ မက်နေတာလား"

"လွှတ် ... လွှတ် ... "

ခရက အတင်းရုန်းဖယ်ပြီး လေ့ကားကနေ အောက်ထပ်သို့ ဆင်းပြေးရန် ကြိုးစားရုန်းကန်နေသည်။

သူက အတင်းဖက်ထားပြီး ထိန်းချုပ်နေရ၏။

သူ့ရင်ခွင်ထဲမှာ ခရကိုယ်လုံးလေးက လူးလွန့်နေသည်။

"ခရ ... ခရလေး ... သတိထားပါဦး၊ ကိုကြီးပါ ... မင်းကို ဘယ်သူစော်ကားလို့လဲ"

ခရကိုယ်လေးအား တင်းတင်းကြပ်ကြပ် ဖက်ထားရင်း ကြောက်လန့်တကြား ရုန်းကန်နေတဲ့ ကောင်မလေးအား ထိန်းချုပ်ရတာ မလွယ်ပေ။

ခရ အကြာကြီး ရုန်းကန်တွန်းဖယ်နေပြီးမှ ငြိမ်သက်သွားသည်။

"ခရလေး ... သတိထားစမ်းပါ၊ မင်းအိပ်မက်ဆိုးတွေ မက်နေတာလား ခရလေး"

"ဟင်"

"ခရလေး သတိထားပါဦးကွာ ... ဇောချွေးတွေတောင် သီးထနေပြီ ခရလေး ... "





"ကိုကြီး"

"သတိရပြီလား"

ခရ သတိရတဲ့အချိန်တွင် ကိုကြီးရင်ခွင်ထဲ ရောက်နေတာကြောင့် အံ့သြတုန်လှုပ်သွားရသည်။

ကိုကြီးရဲ့အပေါ်ထပ် လေ့ကားထစ်မှာ တစ်ယောက်နှင့်တစ်ယောက် တင်းကြပ်စွာ ဖက်ထားရင်း အကြာကြီးရပ်မိနေခဲ့၏။

အရင်ဆုံး သတိရသွားတာက ခရပင်။

"ကိုကြီး ... အမလေး တောင်းပန်ပါတယ်နော်၊ ခရအိပ်မက်မက်နေတာပါ၊ ကြောက်လိုက်တာ ... "

"ခရလေး"

"ရှင်"

"ခရ အိပ်ခန်းထဲကို လိုက်ပို့ပေးမယ်"

"ခရ သတိရသွားပါပြီ ... ပြန်သွားလို့ရပါတယ် ကိုကြီး၊ အားနာလိုက်တာ"

"လာပါ"

ခရ တကယ်တမ်းလည်း ခန္ဓာကိုယ်လေးအား တဆတ်ဆတ်တုန်ယင်နေ၍ ခြေလှမ်းက မရွေ့လျားနိုင်။

နုံးချိချိနှင့် ကိုကြီး သူတကက တွဲ၍ အခန်းထဲပို့ပေးသည်။

"ကျေးဇူးပါပဲ ကိုကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရေသောက်လိုက်ဦး ... ခရ အရမ်းကြောက်သွားပုံပဲ"

ကိုကြီးက ရေအေးအေးလေး တစ်ခွက်ယူပေးသည်။ ခရ ရင်တွေမောပန်းတုန်လှုပ်နေဆဲပင်။

အသက်ရှူ၍ပင် မဝ။

အိပ်မက်ထဲမှာ ပထွေးညီမြကြ ခရအား အတင်းပွေ့ဖက်၍ အဓမ္မကျင့်ကြံရန် ကြိုးစားနေ၏။

ကြောက်လိုက်တာ ...

ကိုကြီးရောက်လာလို့ပေါ့။

ခရ လေ့ကားပေါ်ကနေ ကျသွားနိုင်သည်။

"ခရ စိတ်တွေငြိမ်သက်သွားပြီလားကွာ ... အိပ်ဦးနော် စောသေးပါတယ်"

ကိုကြီးမျက်ဝန်းတွေက စိုးရိမ်ထိတ်လန့်မှုတွေနှင့် ကရုဏာအရိပ်တွေ လွှမ်းနေသည်။

ခရ အဖြစ်မှန်တွေကို ဖွင့်ပြောပြလိုက်ရင် ကောင်းမလားဟု လိမ်ညာဟန်ဆောင်ပြီး မနေချင်တော့ပါဘူး။

ကိုကြီး အထင်သေးသွားမှာလည်း ကြောက်သည်။

"ကိုကြီး သွားတော့မယ် ... အိပ်လိုက်နော် ခရ ... ဒီမနက် သင်တန်းသွားရမယ် မဟုတ်လား ..."

"ဟုတ်ကဲ့"





"အတိတ်အကြောင်းတွေလည်း မစဉ်းစားနဲ့တော့နော် ခရ၊ မင်း ခေါင်းမှမကောင်းသေးတာ"

"ဟုတ်ကဲ့"

ခရ မပြောပြလိုတော့။

ပထွေး အစော်ကားခံရတဲ့ဘဝကို အသိပေးလို့မဖြစ်ပါဘူး။

ပထွေးနဲ့ခရ ဘာမှမဖြစ်ခဲ့ကြပေမယ့် ကိုကြီးက ယုံကြည်ပေးပါ့မလား။ မပြောပြတာဘဲ ကောင်းပါတယ်လေ။

ကိုကြီးက အပြုံးတွေနှင့် ဂရုတစိုက်ကြည့်ပြီး ပြန်ထွက်သွားသည်။

"ကောင်မလေး ... အိပ်ဦး ... သင်တန်းသွားရင် ကိုကြီး လိုက်ပို့ပေးမယ် ... အတိတ်ကိုမေ့ပစ်လိုက်၊ ရှေ့ဆက်လုပ်စရာရှိတာတွေ လုပ်ရမယ်နော်"

သူမက ခေါင်းလေးညိတ်ပြတာလေးကပင် အပြစ်ကင်းစင်လှန်းသည်ဟု သူတ ထင်မိသည်။

သူ့အိပ်ခန်းထဲ ဝင်လာခဲ့မိ၏။

အိပ်ရာပေါ် ပြစ်လှဲချပစ်လိုက်ပေမယ့် သူ့မျက်လုံးတွေက ကြောင်နေသည်။

"ခရ ... မင်းလေး ဘယ်လိုအန္တရာယ်တွေနဲ့ ကြုံတွေ့လာခဲ့သလဲကွာ၊ မင်းကြောက်ရွံ့နေတယ်" .



www.burmeseclassic.com

www.burmeseclassic.com



ခရုလေးရဲ့ ရှူးရှူးဝါးဝါး အော်ဟစ်သံကြောင့် သူလန့်နိုးသွား ရသည်။

"မင်းအတိတ်ကို သတိမရပါစေနဲ့ ကိုကြီး ဆုတောင်းနေမိ တယ် ... ခရုလေး ကိုကြီးအနားကနေ ထွက်မသွားပါနဲ့ကွာ"

ခရုလေးကို သုတ မျက်စိအောက်ကနေ ပျောက်ကွယ်သွား မှာကိုပင် စိုးရိမ်ကြောက်ရွံ့နေသည်။

ဘာဖြစ်လို့လဲ ...

ညီမလေး တစ်ယောက်လိုပဲလား။

စောစောက ခရုလေးကို မထင်မှတ်ဘဲ ပွေ့ဖက်ထားမိစဉ် သွေးရင်တွေ ပြောင်းဆန်အောင် တထိတ်ထိတ် ခုန်နေဆဲပင် ဖြစ်နေ သည်။

"ခရုလေး ... မင်းကို သံယောဇဉ်တွေကြီးမားစွာ ရစ်ပတ် တွယ်ငြိနေပြီကွာ၊ ဘယ်လိုလုပ်ရမလဲ ... ခြယ်နဲ့တောင် ကိုကြီး အဲဒီလောက်အထိ ရင်မခုန်ဖူးဘူး ခရု ..."

သုတ စိတ်တွေရှုပ်ထွေးနေသည်။

ခရုကို စိတ်မချ။

သူ ဂရု စိုက်လွန်းရင်လည်း ခြယ်က အထင်လွဲသွားရလျှင် ခရုလေး ဒုက္ခ ရောက်နိုင်၏။

သုတ အနေအထိုင် ဆင်ခြင်ရမယ်။





မင်းလေး ... ဘာဖြစ်လို့ ကိုကြီးနဲ့ဆုံတွေ့ရတာလဲကွာ။

သူ့စိတ်တွေကိုက ခရုအပေါ် မရိုးသားတော့ဘူး။ ခရုဘက် က ရိုးသားလွန်းနေသည်။

"မင်းကို ဘာဖြစ်လို့များ ကိုကြီးနှလုံးသားတွေထဲအထိ သံယောဇဉ်ကြိုးတွေ အထပ်ထပ်ရစ်ပတ်နှောင်ဖွဲ့နေခဲ့ရတာလဲ"

သူ ...

အိပ်၍မရတော့။

ခရုကို စိုးရိမ်စိတ်တွေက သူ့စိတ်တွေအပေါ် လွှမ်းမိုးထား နိုင်လွန်းသည်။

"ခရုလေး အားငယ်နေရှာမှာပဲ၊ သနားစရာကောင်းမလေး မင်းအတိတ်တွေ ပြန်သတိရရင်တောင် ကိုကြီးလွမ်းကျန်ရစ်ခဲ့မှာပါ"

မိုးလင်းတော့ သူစောစီးစွာ ထပြီး ရေချိုးခန်းထဲဝင်ခဲ့သည်။

ခရုလေးကို သင်တန်းပို့ရမယ်။

သူ့စိတ်တွေ လှုပ်ရှားနေ၏။

ရေချိုးခန်းထဲကထွက်လာတော့ သူ့စိတ်တွေ လန်းဆန်း တက်ကြွနေ၏။

ခရု သင်တန်းပို့ရမယ်။

ခရုလေး ဘယ်လိုပုံစံနဲ့ထွက်လာမလဲ။

သူ့ရင်ခွင်ထဲကို မထင်မှတ်ဘဲ ရောက်လာတဲ့ ခရုလေး။



www.burmeseclassic.com

www.burmeseclassic.com



“ခရုလေးရယ် ... ကိုကြီး အရမ်းလွမ်းနေရပြီ၊ မင်းအကြောင်း တွေပဲတွေးနေမိတယ်၊ မဖြစ်သင့်ဘူးဆိုတာ ကိုကြီး သိနေပေမယ့် အချစ်ဆိုတာတွေ ဘာတွေလဲ ခရု ... ”

သူ ... အဝတ်အစားလဲပြီး အောက်ထပ်ဆင်းလာတော့ ခြယ် က ရောက်နှင့်နေသည်။

ခြယ် စောစောစီးစီး ဘာလာလုပ်တာလဲ။

ခရုကို သင်တန်းပို့ဖို့ ထင်တယ်။

သူတ စိတ်တွေ ညစ်နွမ်း ရှုပ်ထွေးသွားရ၏။

အောက်ထပ်သို့ ဆက်၍ ဆင်းလာခဲ့သည်။

“မောင် ... ခရုရော”

“ဆင်းလာလိမ့်မယ် ... ခြယ်လိုက်ပို့ပေးမလို့လား”

“အင်းလေ ... ”

မောင် ...

ရှင်က ခရုကိုလိုက်ပို့ဖို့ ပြင်ဆင်နေတာပေါ့လေ။

မောင် မရိုးသားတော့ဘူး။

ညီမလေး ... ညီမလေးနဲ့ လူကြား ကောင်းအောင် ဆေ ဟာစ်နေတာပါ။

မောင်က မိန်းကလေးတွေနှင့် ရှုပ်ပွေတတ်သူလည်းမဟုတ် ခရု ရောက်လာမှပါ။





မောင် ... အရမ်းပဲ ချောမောခန့်ညားတဲ့ ယောက်ျား တစ်ယောက် သူမ မောင့်လက်မောင်းကို ဖက်တွယ်သည်။

“မောင်ရယ် ... အရမ်းယောက်ျားပီသပြီး ချောတာပဲ၊ ခြယ်ဆ ယောက်ျားရက်ကောင်းတယ် ... မောင့်ကို အရမ်းချစ်တယ်”

“ခြယ်”

“မောင့်ကို နမ်းချင်တယ်”

“ခြယ်ရယ် ... ကလေးကလားကွာ၊ ခဏနေရင် ညီမလေး ခရု ဆင်းလာလိမ့်မယ်”

“ဆင်း ... ဆင်းလေ ... မောင်ကလဲ ခြယ်တို့က ချစ်သူတွေ ပဲဟာ”

ခြယ့်ကိုလည်း ဆန့်ကျင်ဘက်မလုပ်ရဲ။

ခရုအတွက်ပါ ...

သူတစိတ်တွေ စောစောက တက်ကြွရွှင်လန်းနေမှုတွေ ပျောက်ကွယ်သွားရသည်။

ခြယ်နှင့်အလိုက်အထိုက် ဆက်ဆံနေရ၏။

မငြင်းသာဘဲ ခြယ်ဆန္ဒတွေအတိုင်း လုပ်ပေးရသည်။

“ဟင် ... ”

အပေါ်ထပ်ကနေ ဆင်းလာတဲ့ ခရုခြေလှမ်းလေးတွေက လှေကားတစ်ဝက်မှာပင် ရပ်တန့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးတို့က ချစ်သူတွေပဲ။

မကြာခင် ... လက်ထပ်ကြတော့မှာ။

ခရ ရှက်ပြီးပြန့်တက်ဖို့ ပြင်လိုက်၏။

ကိုကြီးက တွေ့သွားပြီး လှမ်းခေါ်သည်။

"ခရ ... ဆင်းခဲ့လေ၊ မင်းသင်တန်းသွားဖို့ နီးနေပြီ"

"ဟုတ်ကဲ့"

"လာလေ ... ခရလေးကို မမခြယ် လိုက်ပို့ပေးမယ်"

ခရ မလွှဲသာမရှောင်သာတော့၍ အောက်ကိုဆင်းလာ သည်။

မျက်နှာလေးပေါ်မှာ အပူငွေ့တွေ ပက်ဖြန်းလိုက်သ ခံစားရပြီး ကိုကြီးကိုလည်း မကြည့်ရဲတော့။

မမခြယ်က လက်ဆွဲခေါ်သွား၍ ယောင်ချာချာနှင့် လို လာခဲ့ရသည်။

"မောင် ... သွားစရာရှိတာ သွားတော့လေ ... ခရကို စိတ် ..." ခြယ်လိုက်ပြီး အားလုံးစီစဉ်ပေးပါ့မယ်"

"ကောင်းပါပြီခြယ် ... ခရကို အပ်လိုက်ပြီနော်"

ကိုကြီးရယ် ...

ခရကို ဒီလောက်အထိ ဂရုစိုက်ဖို့မလိုပါဘူး။

မမခြယ် တစ်မျိုးထင်မှာလဲ ခရကြောက်သည်။





"ခရလေး ကြိုးစားနော် ... "

"ဟုတ်ကဲ့ ... "

"အားတင်းထား ... "

"ဟုတ်ကဲ့ ... "

မောင့်အဖြစ်ကို သိတယ်။

လမ်းပေါ်ကနေတွေ့တဲ့ ကောင်မလေးကိုများ ခြယ် ...တော်လေး သည်းခံနေရသည်။ ဒေါသဖြစ် လိုက်တာနော်။

မောင်နဲ့လက်ထပ်ပြီးရင် ငွေခရကို မောင်းထုတ်ပစ်ရမယ်။

ခြယ်စိတ်ထဲကနေ ကြိမ်းဝါးနေမိသည်။

"ခရလေး"

"ရှင်"

"သင်တန်းမှာ ချစ်သူရှာနော်"

"ရှင်"

"ခရလေးကို ယောကျ်ားတွေက အများကြီးဝိုင်းချစ်ကြမှာ

"မမခြယ်ရယ် ... ခရက အတိတ်မေ့နေသူပါ၊ ဘာမှန်းမသိ ...ချစ်သူထားဖို့ မဖြစ်နိုင်ဘူးလေ"

ငွေခရ ...

ညည်းအတိတ်မေ့နေတယ်ဆိုတာ ငါကယုံမယ် ထင်လို့လား



www.burmeseclassic.com

www.burmeseclassic.com



ဟဲ့။

နင် လိမ်ညာဟန်ဆောင်နေတာပဲ မောင့်အနားကပ်ပြီး ကြံစည်နေတာ။

တစ်နေ့နေ့ ... နင့်ရဲ့ဟန်ဆောင် လိမ်ညာမှုတွေကို ငါ အခ ဖမ်းပြမယ်။

ခရုကြောင့် မောင့်ဆက်ဆံရေးတွေ အေးစက်လာရသည်မှ ထင်သည်။

"မမခြယ်က ခရုလေးရှေ့ရေးအတွက်ပါကွယ် ... မောင်က ရော ဘယ်လောက်အထိ တာဝန်ယူနိုင်မလဲ"

"ခရု သိပါတယ် ... တစ်နေ့နေ့တော့ ခရု ဒီကနေထွက်သွား မှာပါ"

"မမခြယ်က သတိပေးထားတာပါ၊ ခရုနဲ့မောင်က သွေး သားမှမတော်စပ်ကြတာပဲ ... မမခြယ်ကတော့ စိတ်ပူတယ်"

"ခရု နားလည်ပါတယ် မမခြယ်ရယ် ... မမခြယ်တို့ လက်ထပ်ပွဲပြီးရင် ခရုထွက်သွားမှာပါ ... ခရုကြောင့် ကိုကြီးတို့ အိမ်ထောင်ရေးကိုလည်း မထိခိုက်စေချင်ပါဘူး"

"မမခြယ်ကလဲ အနာဂတ်မှာ ခရုလေးဘဝ ဖြောင့်တန်းစေ ချင်လို့ပါကွယ် ... တစ်မျိုးတော့ မထင်နဲ့နော်၊ မမခြယ်က သဘော ထားနုတယ်၊ မောင့်ကိုအရမ်းချစ်တော့လေ စိတ်မချဘူး"





မမခြယ် ဘာကိုဆိုလိုချင်တာလဲဆိုတာ ခရုသိသည်။

ဟုတ်ပါတယ် ...

ခရုလည်း အကြာကြီးဆက်နေထိုင်လို့မှ မဖြစ်တာဘဲ။

ထွက်သွားရမယ်။

မသင့်တော်ပါဘူး။

"ခရုလေး နေခဲ့တော့နော် ... မမခြယ်လည်း မောင်နဲ့လက် ထပ်ဖို့ကိစ္စတွေ စီစဉ်နေရတယ်၊ ခရုလေး ပန်းကြဲပေးနော်၊ မမခြယ် တို့အသိုင်းအဝန်းက သူဋ္ဌေးကြီးတွေ လာကြမှာ၊ ခရုလေးကို ပွဲထုတ် မယ်"

"အို ... မမခြယ်ရယ်"

မမခြယ်စကားတွေက တဖြည်းဖြည်းနှင့်ပေါ်တင်တွေ ပြော လာသည်။

ခရုကို မနေစေချင်တာကို ထပ်ကာ ထပ်ကာ သတိပေး ခဲ့၏။

ခရု ထွက်သွားမှာပါ။

ဘဝရပ်တည်ဖို့အတွက် အလုပ်တစ်ခု ရှာချင်သည်။

ကိုကြီးက ဘဏ်မှာပိုက်ဆံတွေ အပ်ပေးထားပေမယ့် ခရု မသုံးပါဘူး။ ကိုကြီးလက်ထဲပဲ ပြန်အပ်ခဲ့မှာပါ။

ကိုကြီး ဒီ လောက်အထိ ကူညီစောင့်ရှောက်ပေးထားခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ခရုပြန်ပေးဆပ်လိုသည်။

ကိုကြီးတို့အိမ်ထောင်ရေးကိုလည်း မထိခိုက်စေရပါဘူး။

မမခြယ်က မိန်းမပဲ ...

စိုးရိမ်ကြောင်းကြနေတာ အပြစ်မဟုတ်ပေ။

ခရု တစ်ယောက်ထဲ ဘဝကို ရုန်းကန်တည်ဆောက်နိုင်ရန် သတ္တိတွေရှိဖို့တော့ လိုအပ်နေသည်။

❀

## အခန်း ( ၁ )

"ခရု"

"ရှင်"

"ဘာကြောင်ကြည့်နေတာလဲ ... ကိုကြီး လာကြိုတာ"

"မမခြယ်ရော"

"အစည်းအဝေးရှိလို့ ကိုကြီးပဲ လာကြိုတာ"

"ဟုတ်ကဲ့"

မိုးပြာရောင် အပွင့်အခက်လေးတွေပါတဲ့ မြန်မာဆန်ဆန် ...ဆက်လေး ဝတ်ထားသော ခရုလေးက သူမျက်တောင်မခတ် ...ကြည့်ချင်လောက်အောင် လှပလွန်းနေသည်။

"ကားပေါ်တက်လေ ခရု ... သင်တန်းက အဆင်ပြေရဲ့ ...း ... ဘယ်လိုလဲ ..."

"ပြေပါတယ် ကိုကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ခရုလေး ဘာဖြစ်လို့လဲ ... မျက်နှာလေးက ညှိုးနွမ်းနေ
သလို ထင်ရတယ်"

"ကောင်းပါတယ် ကိုကြီး ... အစဖြစ်နေလို့လားမသိဘူး
ခရု တွန့်နေတယ်"

ခရုကို သင်တန်းမှာရှိတဲ့ ယောက်ျားတွေက စိတ်ဝင်တစား
ကြည့်ကြ မိတ်ဆက်ကြနှင့် စိတ်ညစ်ရသည်။

မမခြယ်က ချစ်သူရှာတော့တဲ့။

ခရုကို ပထုတ်ချင်တဲ့ မမခြယ်ရဲ့စိတ်ကို သိနေ၏။

တစ်နေ့နေ့မှာတော့ ကိုကြီးသိအောင် အဖြစ်မှန်တွေ ဖွင့်
ပြောမှာပါ။

"ခရု"

"ရှင်"

"ညစာ အပြင်မှာစားမယ်"

"မစားတော့ပါဘူး ကိုကြီးရယ် ... မမခြယ်မှ မပါတာ၊ နှ
ယောက်ထဲသွားစားလို့ မသင့်တော်ဘူး ထင်ပါတယ်နော်"

"ဘာဖြစ်လဲ ခရု ... ကိုကြီးတို့က မောင်နှမပဲဟာ၊ တစ်
တလေ ပေါ့ပေါ့ပါးပါး စားကြရအောင်"

ကိုကြီးက အတင်းခေါ်နေ၍ ခရုလိုက်လာခဲ့ရသည်။

မမခြယ်သာ သိသွားရင် ပြဿနာတက်သွားနိုင်သဖြင့် စ





ကြောက်လာမိ၏။

ကိုကြီးကတော့ ဘာမှမဖြစ်သလိုပင် အကောင်းဆုံးဆိုင်ကြီး
ာ ညစာကျွေးသည်။

"ခရု ဘာစားမလဲ ... ကိုကြီးကို အားနာစရာမလိုဘူးနော်၊
လေး ပျော်ပျော်ရွှင်ရွှင်နဲ့ စားပါ"

"ခရုက ဘာမှလည်းမှာမစားတတ်ပါဘူး ကိုကြီးစားချင်တာ
ပါ"

"ခရု"

"ဟင်"

"စိတ်ညစ်နေတာလား၊ အတိတ်ကအကြောင်းတွေ မတွေး
လို့ ကိုကြီးပြောထားတယ်နော် ... ပြုံးပြစမ်း ... "

ခရုကို အရိပ်လိုလိုက်မကြည့်နေပါနဲ့ ကိုကြီးရယ်။

အဲဒီလို ပြုမူဆက်ဆံနေတာက ခရုနေထိုင်ရခက်ပါတယ်။

ပြီးတော့လည်း ... မနက်က ကိုကြီးရင်ခွင်ထဲရောက်သွားရ
အဖြစ်ကိုလည်း ခရု မမေ့နိုင်။

စိတ်တွေ လှုပ်ရှားနေဆဲပင်။

"ခရုလေး"

"ဟင်"

"ကြောက်နေတာလား၊ ရှက်နေတာလား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ခရုလေး ပြုံးပြုံးရွှင်ရွှင် နေထိုင်တာကို မြင်ချင်တယ်၊ နေရ
ရောကောင်းရဲ့လား ... ကိုကြီးရှေ့မှာ ဟန်ဆောင်မနေနဲ့"

ကိုကြီးကပြောလည်းပြော ခရုလက်လေးကို ဆုပ်ကိုင်၍ ေ
ကောင်းမကောင်း စမ်းသပ်နေသေးသည်။

ခရု ရင်တွေ တုန်သွားရ၏။

ရှက်းလည်း မရှက်းရဲ၊

မျက်တောင်ကော့လေးတွေ ဖြတ်ဖြတ်ခါသွားသည်။

"ကိုယ်ကတော့ မပူပါဘူး၊ စိတ်ပင်ပန်းနေတာထင်တ
ခရုနေမကောင်းသေးရင်လည်း သင်တန်းနားလိုက်လေ"

"ခရု ဘာမှမဖြစ်ပါဘူး၊ တစ်ခါတလေတော့လည်း အတိ
အကြောင်းတွေ စဉ်းစားမိတာပေါ့လေ ... ထမင်းစားကြမယ်
ကိုကြီး"

"စားကြမယ် ... ခရုကြိုက်မယ်ထင်တဲ့ စားစရာတွေ ကိုကြ
မှာထားတာနော်၊ ဘယ်လိုလဲ ကြိုက်ရဲ့လား ... "

"ကြိုက်တာပေါ့ ... စုံနေတာပဲ၊ ကိုကြီးက ခရုကြိုက်တာ
သိနေသလိုပဲ"

"တော်သေးတာပေါ့ကွာ ... ခရုအကြိုက်နဲ့ ကိုကြီးအကြ
တွေ တူနေလို့ ... "





ခရု မျက်နှာလေး မပျက်သွားစေရန် သတိနှင့်ထိန်းချုပ်နေ
သည်။

ကိုကြီးက အရိပ်လိုကြည့်နေ၍ပါ။

ခရု အစားအစာတွေကို အားပါးတရစားပြလိုက်၏။

ကိုကြီးက ဟင်းတွေ ခပ်ထည့်နေသေးသည်။

"ကိုကြီး စားပါ ... ခရု ဗိုက်ပြည့်သွားပြီလေ"

"ဘယ်လောက်များ စားရသေးလို့လဲကွာ"

"စားပါတယ် ကိုကြီးရဲ့"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် စားဖို့ပြော
း ဗိုက်တွေပြည့်သွား၍ မစားနိုင်ကြ။

ကိုကြီးက ထားခဲ့တဲ့ ... ကန်တော်ကြီးစောင်းမှာ လေညှင်း
ခံဦးမယ်ပြောတော့ ခရု လန့်သွားသည်။

"ကိုကြီး ပြန်ကြရအောင်ပါ၊ ခရု ခေါင်းမူးချင်လာတယ်၊ အိမ်
မယ်"

"ခရု ... တကယ်ပဲ ခေါင်းမူးလို့လား"

"အင်း"

"ဒါဆိုလည်း ပြန်ကြမယ်"

ကိုကြီးက သူမလက်လေးကို ဆွဲ၍ ကားဆီခေါ်လာသည်။
စိတ်တွေအိုက်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးအနားကနေ ခရီးထွက်ပြေးသွားချင်မိ၏။

နေစရာ မရှိသေးလို့ပါ။

ခြံထဲပြန်ရောက်တော့ မမခြယ် ကားလေးက ရောက်နှင့်နေ
သည်။

"မောင် ... ဘယ်တွေသွားနေလို့ ဒီလောက်အထိ နောက်
ကျနေရတာလဲ"

"ညီမလေးနဲ့ အပြင်မှာ ညစာစားနေကြတာလေ၊ ခြယ် ဘာ
ဖြစ်လို့ ဖုန်းမဆက်တာလဲ"

တမင် ဖုန်းမဆက်ဘဲ ခြယ်လာခဲ့တာပါ။

ရှင်တို့ ဘာလုပ်မလဲ သိချင်လို့လေ။

ထင်ထားတဲ့အတိုင်းပဲ မောင်နဲ့ခရက အပြင်ထွက်လည်နေ
ကြသည်။

"ခရ သွားပြီနော် ..."

"သွား ... သွား ..."

ခြယ်မျက်နှာပေါ်မှာ ဟန်ဆောင်နိုင်ခြင်းမရှိအောင် ...
ဒေါသရိပ်တွေနှင့် နီမြန်းနေသည်။

"မောင် ..."

"ခြယ် ... လာလေ ဝင်ကြမယ်"

"ဒီမှာပဲနေမယ်"





"ဘာဖြစ်လို့လဲ ခြယ်"

မောင် ဘာအချိုး ချိုးတာလဲလို့ ခြယ်ဒေါသတကြီး မေးပစ်
ချင်ပေမယ့် စိတ်ကို ထိန်းချုပ်နေရသည်။

မောင်နဲ့အမြန်ဆုံး လက်ထပ်ဖို့ စီစဉ်မယ်။

"ခြယ် ... ဘာဖြစ်လို့လဲ၊ ပြောလေ ... မင်းအစည်းအဝေး
ဘယ်ဆို အဆင်မပြေဘူးလား"

"နည်းနည်းစိတ်ရှုပ်ထွေးစရာတွေ ရှိလို့လေ ... ထားပါတော့
အပြင်ထွက်ကြမယ် ... ကန်တော်ကြီးစောင်းမှာ လေညှင်းသွားခံ
မယ်"

"ခြယ်ရယ် ... မောင်ပင်ပန်းနေပြီကွ၊ တိုက်ထဲဝင်ပြီး စကား
ပြောကြရအောင်၊ ခြယ် ဘာစားချင်လဲ ... အဒေါ်ကြီးကို လုပ်ပေး
ခိုင်းမယ်"

"အပြင်ပဲထွက်မယ် ... ခြယ် စိတ်တွေ မကြည်လင်ဘူး၊
သွားပါ"

သုတ မငြင်းနိုင်တော့။

ခြယ်စိတ်တိုင်းကျစေရန် အပြင်ပြန် ထွက်လာရသည်။

ကန်တော်ကြီးရှေ့ပြင်ကို တိုက်ခိုက်လာတဲ့လေက အေးစိမ့်
နေပေမယ့် သုတ ရင်တွေပူနေသည်။

သူတို့နှစ်ယောက်က ချစ်သူတွေဖြစ်နေကြပေမယ့် ခရစိတ်



www.burmeseclassic.com

www.burmeseclassic.com



အားငယ်သွားမှာ စိုးရိမ်နေ၏။

ခြယ့်မျက်နှာထားက တည်တင်းနေသည်။

"မောင်"

"ဟင်"

"မနက်ဖြန်ပဲ ခြယ်နဲ့မောင် ရုံးမှာတရားဝင်လက်ထပ်ကြ မယ်"

"ဘာဖြစ်လို့လဲ ခြယ်ရဲ့ ... မောင့်ကို မယုံလို့လား၊ အခုလည်း မင်္ဂလာပွဲကျင်းပဖို့ ခြယ့်စိတ်ကြိုက်စီစဉ်နေတာလေ"

"လက်ထပ်ပွဲက လက်ထပ်ပွဲပဲလေ ... ခြယ်ကတော့ မောင် ကိုလက်လွှတ်အဆုံးရှုံး မခံနိုင်ဘူး"

"ခြယ် ဘာတွေပြောနေတာလဲ ... မောင်နဲ့ခြယ်က ဘာဖြစ် လို့ဝေးရမှာလဲ ... မောင်တို့မကြာခင် လက်ထပ်ကြမှာလေ"

"ဘာပဲဖြစ်ဖြစ်ကွာ တရားဝင်လက်မှတ်ထိုးထားရင် ခြယ် စိတ်အေးမှာပေါ့ ... မောင်လိုက်လျောပေးရမယ် ... ဒါပဲနော်"

သုတတစ်ယောက်မှ ခြယ့်ကို လက်ထပ်ဖို့ မဖြစ်နိုင် သလိုကြီး ခံစားနေရသည်။

ရုတ်တရက်ကြီးဆိုတော့လည်း သုတ လက်မခံချင်။

ခြယ် ဘာဖြစ်လာတာလဲ။

"ခြယ် ... မောင်တို့မှာ ကြိုတင်ပြင်ဆင်မှုတွေ ဘာမှမရှိသေး





ဘဲနဲ့ အပူတပြင်း လက်ထပ်စရာမှ မလိုတာဘဲ ... မကြာခင် လက် ထပ်ကြမယ်လေ"

"ခြယ် သည်းမခံနိုင်ဘူးမောင် ... စိတ်ထဲမှာလည်း တစ်မျိုး ကြီးပဲ"

"ခြယ်ရယ် ... စိတ်ကိုအေးအေးထားစမ်းပါ၊ ကလေးတွေမှ မဟုတ်တာ ... ပြန်ကြရအောင်ကွာ"

မပြန်ပါဘူး။

ခရုကိုစောင့်ရှောက်နေချင်တာ မဟုတ်လား။

မောင် မရိုးသားတော့ဘူး။

နှစ်ယောက်ထဲ ညစာသွားစားသင့်လား။

မောင်တို့က သွေးသားတော်စပ်ကြတာမှ မဟုတ်တာ။

"ပြန်ကြရအောင်ပါခြယ်ရယ် ... အရမ်းနောက်ကျနေရင် မကောင်းဘူး"

"ခြယ် စကားမဆုံးသေးဘူးလေ၊ ခြယ့်ဆန္ဒတွေကိုလည်း မောင်မလိုက်လျောရသေးဘူး"

"မောင်တို့နှစ်ယောက်က မကြာခင် တရားဝင်လက်ထပ် ကြတော့မယ့်ချစ်သူတွေပဲခြယ် ... ပြန်မယ်နော် ... "

"ကျွန်မနဲ့လက်ထပ်ဖို့ မောင်ဘာဖြစ်လို့ ဒီလောက်အထိ တွန့်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာပါခြယ် ... ပြန်ကြရအောင် ... "

သုတ အတင်းအကြပ်ပင် ခြယ့်ကို ဆက်မပြောတော့ဘဲ သူ့ကားပေါ်တက်ပြီး ပြန်ထွက်လာခဲ့သည်။

ခြယ်ရေ ... မတတ်နိုင်တော့ဘူးကွာ။

ချစ်သူတွေဖြစ်ကြပေမယ့် ခြယ်နှင့်လက်ထပ်ဖို့ သုတ ချွင်းချိန် စဉ်းစားနေခဲ့သည်။

ခရုနှင့်မတွေ့ခင်ထဲကပါ။

အချစ်တွေကို မခံခဲ့ရ။

ခြယ်က သုတကို ပူးကပ်မြှူဆွယ်ခဲ့၍လည်း သူတို့က ချစ်သူဘဝရောက်ခဲ့ရသည်။ ချစ်သူတွေ ဖြစ်ကြပေမယ့် ခြယ့်ကို တစ်ကြိမ် တစ်ခါမျှပင် အနမ်းလေးမပေးခဲ့။ တယုတယလည်း မနေခဲ့။

သုတတို့နှစ်ယောက်လုံး အလုပ်တွေထဲမှာ နှစ်ထားကြ တွေ့ပင် မတွေ့ဖြစ်။

"ခရု ... ကိုကြီးစိတ်တွေ အရမ်းပြောင်းလဲသွားပြီကွာ၊ ခြယ့်ကို မချစ်သလိုဘဲ တကယ်တမ်း လက်ထပ်ရမယ်ဆိုတော့ ကိုကြီး ဝန်လေးနေမိတယ် ... ကိုကြီး ဘာဆက်လုပ်ရမလဲဟင် ခရု"

သုတ အိမ်သို့ပြန်လာခဲ့သည်။

တိုက်ကြီးထဲသို့ ကပျာကယာ ပြေးတက်လာခဲ့မိ၏။

ခရုရော ...





ခြေလှမ်းတွေ သွက်သွက်ဖြင့် အပေါ်ထပ်သို့ တက်လာခဲ့သည်။

"ခရု ... ခရုလေး ... "

"ဟင်"

ကိုကြီးပါလား။

ခရု မတွေ့ချင်တော့ပါဘူး။

မမခြယ်က ခရုကို တစ်မျိုးထင်သွားမှာ သေချာသည်။

"ခရု"

"ခရုလေး အိပ်ပြီလား"

သူမ ငြိမ်သက်နေမိသည်။

အချိန်မတော်ကြီး ကိုကြီးနှင့် မတွေ့သင့်ဟု ထင်မိသည်။

"ခရုလေး အိပ်ပြီထင်တယ်"

သူမ ...

ငိုပစ်ချင်သည်။

ကိုကြီးရယ် ...

ဘာဖြစ်လို့များ ခရုကို အရေးတယူ မေတ္တာတွေ အကြင်နာတွေ လွှမ်းကဲပြနေရတာလဲ။

"ခရု ကိုကြီးတို့ ခဏလေး အပြင်ထွက်သွားကြတာပါ၊ လေညင်းခံဖို့လေ ... "



www.burmeseclassic.com

www.burmeseclassic.com



ခရုကို ဘာဖြစ်လို့ လာရှင်းပြနေရတာလဲ ကိုကြီးရယ်။

ကိုကြီးနဲ့ မမခြယ်က ချစ်သူတွေပဲ။

မကြာခင်တောင် လက်ထပ်ပွဲကြီး ကျင်းပကြတော့မယ်လေ။

လေညှင်းခံသွားတာလောက်များ ဘာဖြစ်လဲ ...

"ခရု အိပ်ပျော်နေပြီထင်တယ် ... ဒီကောင်မလေး နေမှကောင်းရဲ့လား ... နိုးလို့လည်း မရဘူး"

ကိုကြီး ပြန်ထွက်သွား၍ ခရု နည်းနည်းလေး အသက်ရှူချောင်သွားရသည်။

မျက်ရည်ကတော့ ပါးပြင်လေးပေါ် လိမ့်ဆင်းကျလာသည်။

"ကိုကြီးရယ် ... ခရုလည်းလေ ... ခရုလည်း ကိုကြီးအပေါ်ကြီးမားတဲ့သံယောဇဉ်တွေ တွယ်ငြိနေပါပြီ၊ အရမ်းချစ်မိသွားမှာကြောက်တယ်"

သူမ တိုးတိတ်ညင်သာစွာ ပြောနေမိသည်။

အမေ ...

ခရုလေ ...

တိုက်ကြီးထဲမှာ စည်းစိမ်ဥစ္စာတွေအပြည့်နဲ့ နေထိုင်ခွင့်ရနေပါတယ်။

ခရုကို ချစ်မြတ်နိုးနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အရိပ်





မှာပါ။

အမေရောဟင် ...

ပထွေး အရိုက်ခံနေရပြီလား။

သမီးအတွက်လည်း အမေစိတ်ပူနေတာ သမီးသိပါတယ်။

မကြာခင်လေ ...

မကြာခင် သမီးခြေထောက်ပေါ် သမီး အစွမ်းအစနဲ့ ရပ်တည်နိုင်အောင် ကြိုးစားမယ်။

"ကိုကြီးက ခရုကို အရမ်းချစ်တယ်အမေ ... ပိုက်ဆံတွေသည်း ဘဏ်မှာတောင် စာရင်းဖွင့်ပြီး ထည့်ပေးထားတာပါ၊ ခရုဘဝအေး အေးချမ်းလုံခြုံပါတယ် ... "

အမေ့ကိုလည်း သတိရမိသည်။

ကိုကြီးအနားကနေ ထွက်သွားဖို့ အချိန်တစ်ခုကို ခရု စောင့်နေမိ၏။

ပထွေးရန်က လွတ်အောင်ပါ။

ဦးညိုမြက လူလည်ကြီး။

ခရုအကြောင်း လိုက်စုံစမ်းနေမှာ သေချာသလောက်ပင်။

ကိုကြီးအရိပ်မှာ ခဏလေးခိုလှုံခွင့်ပေးပါ မမခြယ်ရယ်။

ခရု ဘယ်တော့မှ ကျေးဇူးရှင်ကိုကြီး ဂုဏ်သိက္ခာမဲ့အောင် လုပ်ပါဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



မမခြယ်လို မိန်းကလေးမျိုးနဲ့မှ ကိုကြီးဘဝ တင့်တယ်လိုက်ဖက်ပါတယ်။

ခရု ရင်တွေ ကြေကွဲနာကျင်နေရသည်။

အခန်း ( ၉ )

"ရွှေနှစ်"

"ရှင်"

"မင်း ဒီအိမ်ကိုရောင်းပစ်လိုက်တော့ ... ကိုညီျုတို့ ရန်ကုန်ကို ပြောင်းရမယ်လေ"

ကိုညီျုမြ ပါးစပ်ဟလိုက်တာနှင့် ဘာလဲဆိုတာ ဒေါ်ရွှေနှစ် သိသည်။

သမီးကို ရှာဖွေဖို့ပါ။

ဒေါ်ရွှေနှစ်ကို အချူသတ်ပြီး ကိုညီျုမြ မြို့တက်ဖို့ ကြံစည်နေတာကြာပြီ။

အိမ်လေးကိုတော့ မရောင်းချင်ပေ။

"တို့ မြို့မှာ အခြေချမယ်၊ မင်းဘာဖြစ်လို့ တွေဝေနေရတာလဲ ရွှေနှစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ လုံးဝ မရောင်းနိုင်ပါဘူး၊ ရှင်တက်ချင်

တက်လေ ..."

"ဘာပြောတယ်"

"ကျွန်မမှာ ပိုင်ဆိုင်တာဆိုလို့ ဒါလေးပဲကျန်တာပါ ကိုညိုမြ

ရယ် ... မရောင်းပါရစေနဲ့နော်၊ ကျွန်မ တောင်းပန်ပါတယ်"

"ကိုညိုတို့ မြို့တက်မှဖြစ်မယ်၊ အရင်းအနှီးလိုအပ်တယ်ရှ

ကိုညို စီးပွားရေးလုပ်ငန်းတွေ လုပ်ချင်တယ်"

ညိုမြကတော့ ငွေခရကို မဖြစ်မနေ ရှာဖွေချင်သည်။

ပါးစပ်ထဲ ရောက်တော့မည့် ထမင်းလုပ် ပုတ်ချခံလိုက်ရ

ညိုမြ ခံပြင်းနေ၏။

ရွှေနှစ်ကိုလည်း မိမိစွန့်ခွာချင်လာသည်။

အဖွားကြီး ဘာလုပ်ရမှာလဲ ...

"ရွှေနှစ်ရယ် ... ကိုညိုမြကို ယုံပါ ... မြို့တက်ပြီး စီးပွားရေး

တွေလုပ်ကြမယ် ... မင်းကို ချမ်းချမ်းသာသာ ထားမလို့ပါကွ"

ဒေါ်ရွှေနှစ် မရောင်းချင်ပေမယ့်လည်း ကိုညိုမြ စကား

မပယ်ရှားရဲ။

ကိုညိုမြတစ်ယောက်ထဲကိုလည်း မြို့တက်ခွင့် မပြုနိုင်ပါ

ဘာဖြစ်လို့လည်းဆိုတော့ သမီးအတွက်ပါ။

ဒင်းအနား ကပ်ထားမှ ဖြစ်မည်ဟုပဲ ထင်သည်။

ဗိုးလပြည့်တာပေ



"ရွှေနှစ်ရယ် ... ငါက အရင်ကလို အရက်သမား ဆိုးပေတေ

နေတဲ့ကောင် မဟုတ်တော့ပါဘူး၊ သမီးငွေခရ ပျောက်သွားထဲက

စိတ်မကောင်းဖြစ်နေရတာပါ၊ ခရကို ငါဘာမှမကြံစည်ပါဘူး၊ သူ့ဟာ

သူ ကြောက်ပြီး ထွက်ပြေးတာပါ"

ဒီအိမ်လေးသာ ကုန်သွားရင်တော့ ဒေါ်ရွှေနှစ် လမ်းဘေး

ရောက်မှာပဲ။

သမီးလေးရော အဆင်မှပြေပါ့မလား။

ဒေါ်ရွှေနှစ် စိတ်ထဲမှာ သမီးကိုလည်း ရှာဖွေချင်နေသည်။

"အင်းလေ ... ရောင်းရတော့မှာပဲ၊ ကျွန်မလည်း သမီးကို

စိတ်ပူတယ်၊ ရှာဖွေသင့်တယ်ထင်တယ် ... ကျွန်မ အရမ်းစိတ်ပူနေ

တယ်"

"ဒါကြောင့် ပြောရတာပေါ့ကွ၊ မြို့တက်ပြီး စီးပွားရေးတွေ

လုပ်မယ်၊ မင်းကို ဘယ်တော့မှ စိတ်မချမ်းမသာဖြစ်အောင် မလုပ်

တော့ပါဘူး။ ငါပိုက်ဆံရှာမှာပါ ... ခဏလေးတော့ အိမ်ငှားနေကြ

မယ်၊ ငွေစုမယ်၊ ငါကားမောင်း ကျွမ်းကျင်တာပဲ၊ အလုပ်တစ်ခုခုရနိုင်

ပါတယ်"

ဒေါ်ရွှေနှစ်လည်း မြို့ကိုတက်ချင်နေတာ အတော်ပါပဲ။

အလုပ်လုပ်ရမယ် ...

သမီးလေးဘဝ ရေစုန်မှာ မျောနေပြီလားပဲ။

ဗိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်း အိမ်မရောင်းချင်ရင်လည်း ငါကတော့ မြို့တက်မှာပဲ ရွှေနှစ် ... ဘယ်လိုလဲ ... "

ရွှေနှစ်က ရိုးအပြီး ကြောက်တတ်သူဖြစ်သည်။

ညီမြ လှည့်ကွက်ထဲ ဒူးထောက်အညံ့ခံ တိုးဝင်နေကြပါ။

အရင်အိမ်ထောင်က ကျန်ရစ်ခဲ့တဲ့ပစ္စည်းတွေ မိမိပဲ ဖြုန်းသုံးပစ်ခဲ့တာပါ။

"ရွှေနှစ်"

"ဟင်"

"ဘာလုပ်မှာလဲ"

"ကျွန်မအိမ်ရောင်းဖို့ပဲ ဆုံးဖြတ်လိုက်ပါပြီ ကိုညီမြရယ်၊ မြို့တက်မယ် ... ရှင် စီစဉ်ပေးပါ။ ကျွန်မလည်း ဈေးရောင်းမယ်၊ သမီးကို တွေ့လိုတွေ့ငြားလေ"

ကိုညီမြကိုလည်း မယုံမိ။

သမီးလေးကို ရှာဖွေပြီး နောက်ယှက်မှာပါ။

ကိုညီမြအနားမှာ မျက်ခြေမပြတ် စောင့်ကြည့်ဖို့ ဒေါ်ရွှေနှစ်ရှိနေမှဖြစ်မည်။

အိမ်ရောင်းလိုက်တော့မယ်။

မိမိလက်ထဲမှာ ငွေကိုင်ထားမှဖြစ်မည်။

"ဘာလဲ ရွှေနှစ် ... နင်က မယုံတာလား၊ ပိုက်ဆံတွေ





င်ပဲကိုင်ထားလေ ... နင့်စိတ်တိုင်းကျ စီမံခန့်ခွဲပေပါ"

ရွှေနှစ်ကို အယုံသွင်းနေသည်။ ညီမြလိုကောင်က ဘယ်သူ သသေ ငတေမာရင် ပြီးရောဆိုတဲ့ကောင်ပဲ။

ငါက ငါ့ကိုယ်ငါပဲ သနားတာ။

ရွှေနှစ်ကို ပွေ့ဖက်ချော့မော့လိုက်သည်။

"ကလေးကလားတော် ... မလုပ်စမ်းပါနဲ့၊ အိမ်ရောင်းမှာပါ၊ ...ူးတော့ပါဘူးလေ ... ကျွန်မလည်း မြို့တက်ချင်ပါတယ်"

"ကောင်းလိုက်တာကွာ၊ မင်းအတွက်ပါပဲ ရွှေနှစ်ရယ် ... ...လူဆိုး မဟုတ်တော့ပါဘူး"

"ရောင်းပါရှင် ... ရောင်းပါ၊ ရှင့်သဘောပါပဲ၊ ရှင်ကြိုက်သလို ...ပါတော့"

အိမ်လေးကို ရောင်းပစ်လိုက်သည်။

သမီးငွေခရုအဖေ ရှာဖွေစုဆောင်းပြီး ဝယ်ထားတဲ့အိမ်လေး ...

နမျောလိုက်တာ ...

ရွှေနှစ် ဘယ်လိုမှ နောက်ဆုတ်လို့မရတော့ဘူး။

ခရုအဖေရေ ... ရွှေနှစ်မိုက်မဲခဲ့လို့ သမီးလေးပါ ဘယ်သောင် ...ယ်ကမ်း ဆိုက်နေမှန်းတောင် မသိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညီမြ နင် ... ငါ့သမီးကို ထပ်ပြီး နှောက်ယှက် ဖို့ကြံ
ရင်တော့ နင့်ကို ငါသတ်မယ်။

"အမေ ထပ်မှားသွားပြီလားတောင် မသိတော့ဘူးခရုရု
အိမ်ရောင်းပစ်လိုက်ရပြန်ပါပြီ၊ မတတ်နိုင်တော့ဘူးလေ ... အ
သမီးကိုရှာချင်တယ်"

အိမ်ရောင်းပြီး ငွေတွေပိုက်၍ မြို့တက်လာကြသည်။

မိမိ လက်ထဲသို့ ငွေထုတ်ကြီးပေးထားတဲ့ ကိုညီမြ တစ်
နစ်ရက်တော့ ခြေငြိမ်နေ၏။

အိမ်ငှားဖို့ ရှာမည်ပြောပြီး မိမိအား တည်းခိုခန်းတစ်
ထားသွားပြီး ငွေတွေယူကာ လစ်ထွက်သွားကာ ပြန်ရောက်
တော့ပေ။

မိမိမှာလည်း ပိုက်ဆံမရှိတော့ဘူး။

ဘယ်ကနေ ဘယ်ကို သွားရမလဲ မသိ။

တည်းခိုခန်းပိုင်ရှင်ကို အကျိုးအကြောင်း ပြောပြီး အ
အညီ တောင်းရသည်။

"ကျွန်မ ငွေတွေကိုယူပြီး ထွက်ပြေးသွားပြီ၊ ဘယ်လို
မလဲ ... ကျွန်မကို ကူညီပါဦးရှင်"

"ရဲစခန်းကို တိုင်ရမယ်"

"ဟုတ်ကဲ့"





ရဲစခန်းကို တိုင်သည်။

အမှုဖွင့်ထားပြီး မိမိတစ်ယောက်ထဲ ယောင်ချာချာနှင့် အယုံ
ယ်လွန်းတဲ့ မိမိကိုယ်မိမိပဲ ဒေါသဖြစ်လို့ မဆုံးပေ။

နောက်ဆုံးတော့ သူဌေးအိမ်တစ်အိမ်သို့ အလုပ်သမား
ဖြစ် ရောက်ရှိခဲ့ရသည်။

"မရွှေနှစ် ... ဟင်း ထမင်းတွေကိုတော့ ကောင်းကောင်း
က်တတ်ပါတယ်နော်"

"ချက်တတ်ပါတယ် ... ကျွန်မ ထမင်းဆိုင်လည်းဖွင့်ဖူးခဲ့ပါ
ယ်၊ ကျွန်မနောက်အိမ်ထောင်ပြုမိလို့ အခုလိုဘဝမျိုးရောက်ရတာ

သမီးအကြောင်းတွေတော့ မပြောပြချင်။

တဖြည်းဖြည်း စုံစမ်းရှာဖွေဖို့ပဲ စဉ်းစားထားသည်။

"ကျွန်မကတော့ သန့်တာကြိုက်တယ်၊ ဒေါ်ရွှေနှစ်က ထမင်း
ချက်ပါ၊ သန့်ရှင်းရေးအတွက် ကောင်မလေးတွေ ရှိပါတယ်"

"ဟုတ်ကဲ့"

"ဒါက ကျွန်မသမီး ပန်းရောင်ခြယ်တဲ့၊ ကုမ္ပဏီရှိတယ်၊ သူပဲ
ောင်နေတာလေ၊ မကြာခင် လက်ထပ်တော့မယ် ... လုပ်ငန်း
ဌေးတစ်ယောက်နဲ့ပဲ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ယောက်ျားအိမ်မှာသွားနေလိမ့်မယ်၊ အိမ်မှာ ကျွန်မတို့လင်မယားပဲရှိတယ်၊ ယောက်ျားကလဲ ခရီးထွက်နေတာ လေ ... နိုင်ငံခြားသင်္ဘောကပွတိန်ပါ"

"ကျွန်မကို ခိုင်းကြည့်ပါ၊ အလုပ်တွေကို ကြိုးစားလုပ်ပါ့မယ်"

ပန်းရောင်ခြယ်ဆိုတဲ့ ကလေးမ သမီးထက် သုံးနှစ်လောက် ကြီးမည်။

ချမ်းသာလိုက်ကြတာ ...

သမီးလေးကိုလည်း သူဌေးသမီးလေးအဖြစ် ထားချင်တယ်

ဘယ်လောက်အထိ တင့်တယ်နေလိုက်မလဲ။

"ခရုလေး ... သမီးလေး ဘယ်ဘဝမျိုးရောက်နေရှာပြီလဲ အမေ အသုံးမကျတာပါ"

အခုလည်း ကိုညိုမြကိုယုံပြီး ပုံအပ်ခဲ့တာ ငွေတွေယူပြီး ထွက်သွား၍ မိမိအစေခံဘဝ ရောက်ခဲ့ရတာပဲဖြစ်သည်။

"မရွှေနှစ် ... ရှင်နေရမယ့်အခန်းကို ချစ်ချစ်လိုက်ပို့ပေးလိမ့် မယ်၊ နိုးတာဝက်တာ ကိုယ်ကျင့်တရားပျက်ပြားတာတွေ လုံးဝ မကြိုက်ဘူးနော်"

"ဟုတ်ကဲ့"

"ဟဲ့ ... ချစ်ချစ် ... "

"ရှင် မာမီကြီး ... "





"မရွှေနှစ်ကို ခေါ်သွား၊ နှင်နဲ့နှစ်ယောက်အတူနေကြ၊ မာမီကြီးတို့က ဘာတွေကြိုက်တယ်၊ ဘာတွေလုပ်ထားရမလဲဆိုတာ နှင် ပြောပြပေးလိုက်"

"ဟုတ်ကဲ့ပါ မာမီကြီး"

"သွားတော့"

"ဟုတ်ကဲ့"

"ဟဲ့ ... နေဦး ... "

"ပြောပါ မမခြယ်"

"အဒေါ်ကြီး ... ခြယ့်အခန်းထဲ လိုက်ခဲ့ပါ"

"ကောင်းပါပြီ"

"သမီးခြယ် ... ဘာလုပ်မလို့လဲ"

"သန့်ရှင်းရေး လုပ်ခိုင်းမလို့ မာမီ"

ဒေါ်ရွှေနှစ်ကို ခြယ်သဘောကျနေမိသည်။

သေသေသပ်သပ်နှင့် ယဉ်ယဉ်ကတော့ ချောမှာပဲ။

ချစ်ချစ်က ယဉ်တော့ အိမ်မှုကိစ္စတွေ မနိုင်နင်းပေ။

ဒေါ်ရွှေနှစ်ကိုပဲ ခိုင်းရမယ်။

စိတ်သဘော ထားဖြူစင်တဲ့ မိန်းမကြီးတစ်ယောက်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်"

"ပြောပါ မမလေး"

"ကျွန်မ အိပ်ခန်းကို သန့်ရှင်းရေးလုပ်ချင်တယ်၊ ချစ်ချစ်လုပ်တာ စိတ်တိုင်းမကျလို့ပါ"

"ကောင်းပါပြီကွယ် ... အဒေါ်လုပ်ပေးပါ့မယ်၊ မမလေး အကြိုက်တွေသာ ပြောပြပါ"

"ဝင်ကြမယ်"

ပန်းရောင်ခြယ်ရဲ့ အခန်းထဲဝင်လိုက်တာ ဒေါ်ရွှေနှစ်ဝင်ခေါင်းမူးသွားရသည်။

အင်းလေ ...

စီးပွားရေးလုပ်ငန်းတွေ လုပ်နေရလို့ ဖြစ်မှာပါပဲ။ ထမိန်တွေ အင်္ကျီတွေ ဘော်လီတွေ ပြန့်ကြဲနေ၏။

ဒေါ်ရွှေနှစ် ဘယ်ကနေဘယ်လို စလုပ်ရမှန်းပင် မသိ။

"ချစ်ချစ်ဆိုတဲ့ကောင်မကိုလေ အခန်းထဲပေးမဝင်ချင်ဘူး အဒေါ်ကြီးပဲ နေ့တိုင်းဝင်ပြီး သန့်ရှင်းရေးလုပ်ပေးပါနော်"

"ကောင်းပါပြီ မမလေး ..."

"အဒေါ်"

"ရှင်"





"ကျွန်မ သဘောကျရင် ဘောက်စူး များများပေးမယ် ...ရွှေနှစ် ... ကျွန်မက ချောရဲ့လားဟင်"

"ချောပါတယ် ... ချောတယ်၊ မမလေးက ဘာမှပြောစရာ ...အောင်ကို ချောတာပါ။ အရာအားလုံးပြည့်စုံတဲ့ မိန်းကလေးပါ"

ပန်းရောင်ခြယ် ရင်ထဲမှာ အလိုမကျမှုတွေနှင့် ပေါက်ကွဲချင် ...သည်။

မောင့်ကြောင့်ပါ ...

ဟိုကောင်မလေး ငွေခရုကိုပဲ အရေးတယူ ရှိလွန်းနေတယ်။ ပန်းရောင်ခြယ် သဘောကောင်းချင်ယောင် ဆောင်ပြီး ...ရ လိုအပ်တာတွေ လုပ်ပေးနေရတာ စိတ်ပျက်တယ်။

မောင် လွန်နေပြီ။

ငွေခရုနှင့် နှစ်ယောက်ထဲ ညစာထွက်စားကြတာ အဓိပ္ပာယ် ...လိုက်တာ။

ညီမလေးတဲ့ ... သူမ နှုတ်ခမ်းလေးတွေ စူတင်းပုတ်သိုး ...သည်။

"ယောက်ျားတွေက လုံးဝကို သစ္စာမရှိကြဘူးနော်"

"ဘာဖြစ်လို့လဲ ... ယောက်ျားတိုင်းတော့ မဟုတ်ပါဘူး ... အဒေါ်ပထမအိမ်ထောင်က အရမ်းစိတ်သဘောထား ပြည့်ဝ ... ဘယ်တော့မဆို အဒေါ်ဆန္ဒက အဓိကပဲ ... အဒေါ်နိုင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ယောက်ျားယူတော့မှ အရင်ယောက်ျားဝင်္ဂတွေ လည်တော့တာပဲ”

“ခြယ်လည်း ယောက်ျားတစ်ယောက်ရဲ့ သစ္စာမဲ့မှုကိုခံရတယ် အခေါ် ... ကောင်မလေးတစ်ယောက်ကြောင့်ပေါ့၊ အဲ ကောင်မလေးဘက် မောင့်စိတ်တွေ ယိုင်နေပြီထင်တယ်”

သမီးအရွယ် မိန်းကလေးတွေကိုမြင်ရရင် ဒေါ်ရွှေနှစ် စိတ်ထိနိုက်ကြေကွဲရသည်။

သမီးငွေခရကိုလည်း သတိရမိနေ၏။

ရင်ထဲမှာ ဆို့တက်လာသလိုပင်။

“ကျွန်မကို လက်ထပ်ဖို့တောင် ငြင်းချင်နေတယ်၊ အချိန်ရွှေ့ဆွဲနေတယ် ... မောင့်အနားမှာကပ်နေတဲ့ အဲဒီကောင်မလေး လေ ကျွန်မ အရှေ့နွှာပစ်ချင်တယ်”

ပန်းရောင်ခြယ် ရင်တွေအောင့်သက် နာကျင်စွာ မောင့်အပြုအမူတွေအတွက် ဒေါသတွေ ပေါက်ကွဲချင်သည်။

“ကျွန်မနဲ့မောင်က လူသိရှင်ကြား ချစ်သူတွေပါ၊ တရားဝင် လက်ထပ်ဖို့ မောင် အေးစက်လာတယ်၊ ကျွန်မ ဒေါသဖြစ်လွန်းလို့ အဲဒီကောင်မကို သတ်ပစ်ချင်နေတယ်”

ပန်းရောင်ခြယ် ခံစားရလွန်းလို့ အခုမှ ရောက်လာတဲ့အဒေါ်ကြီးကိုလည်း ရင်ဖွင့်ပြမိသည်။





မင်္ဂလာပွဲကြီး အမြန်ဆုံးကျင်းပနိုင်ရန် သူမ စီစဉ်နေ၏။

ငွေခရကို ဘယ်လိုမောင်းထုတ်ပစ်ရမလဲဆိုတာ ကြံစည်နေရင်း ဒေါသတွေဖြစ်ရသည်။

အဒေါ်ကြီးကတော့ မဆိုးပါဘူး။

အလုပ်လုပ်တာလဲ သေသပ်တယ်။

ပန်းရောင်ခြယ့် အိပ်ခန်းလေး သန့်ရှင်းသပ်ရပ်သွားတာပဲ။

ချစ်ချစ်က အလကားဟာမလေး။

စပ်စုမ ... ပတ်ဝန်းကျင်မှာရှိတဲ့ အိမ်ဖော်အချင်းချင်း အတင်း ပြောတတ်လို့ ချစ်ချစ် မသိစေရန် ဖုန်းဖိနေရတာလည်း တစ်ဒုက္ခပဲ။

ချစ်ချစ်က ပန်းရောင်ခြယ်တို့အိမ်ရဲ့ ငယ်မွေးခြံပေါက်ပါ။

အဒေါ်ကြီးက ယောက်ျားတစ်ယောက်ရဲ့ လိမ်ညာလှည့်ဖြားခြင်း ခံလိုက်ရ၍ ပန်းရောင်ခြယ့်စိတ်ခံစားမှုတွေကို နားလည်သဘောပေါက်မည်ဟု ထင်၍ ပန်းရောင်ခြယ် ရင်ထဲက မကျေနပ်ချက်တွေကို ပြောနေမိခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"ခရုလေး"

"ရှင် ... ကိုကြီး"

"ကိုကြီး မကြာခင် ခြယ်နဲ့လက်ထပ်ပြီး ခြယ်က ဒီမှာအိမ်ရှင်မအဖြစ် လာနေလိမ့်မယ်"

"ခရု သိပါတယ်"

"ညီမလေး အနေရခက်နေမလားလို့ပါ"

"မခက်ပါဘူး ကိုကြီးရယ် ... မမခြယ်က ခရုအပေါ် ညီမလေးတစ်ယောက်လို ချစ်ခင်ဆက်ဆံနေတာပဲဟာ"

ပန်းရောင်ခြယ့်အကြောင်း သုတအသိဆုံးပင်။

ခရုကို မနှစ်သက်ဘဲ ဟန်ဆောင်သဘောကောင်းပြနေတာဟုပင်။ ခရုလေး တစ်ခုခုဖြစ်မှာ သူစိတ်ပူနေသည်။

"ကိုကြီးကတော့ ခရုနာမည်လေးနဲ့ တိုက်ခန်းတစ်ခန်းဝယ်





ပေးချင်တယ်"

"မဝယ်ပေးပါနဲ့ ကိုကြီးဆီကနေ ခရုဘာမှမလိုချင်ပါဘူး၊ ဒီလောက်အထိ ပြုစုစောင့်ရှောက်ပေးထားတာပဲ ကျေးဇူးတင်နေပါတယ်"

"ဘဏ်စာရင်းထဲက ငွေတွေကိုလည်း မင်းထုတ်မသုံးဘူးမဟုတ်လား ခရု"

"သုံးစရာမှမရှိတာဘဲ ကိုကြီးရဲ့ ... ခရု သုံးလည်းမသုံးတတ်ပါဘူး၊ ပြန်ပေးထားချင်တယ်"

"ခရု"

"ရှင်"

"မင်းဘဏ်စာရင်းစာအုပ်ကို သေသေချာချာသိမ်းထားပါကွာ၊ ကိုကြီးစကားကို နားထောင်နော် ... တစ်နေ့နေ့ မင်းအတွက် အသုံးလိုအပ်လာလိမ့်မယ်"

"ကိုကြီး"

ကိုကြီးတို့ လက်ထပ်ပြီးသွားရင် ပန်းရောင်ခြယ်က ခရုကို ဒီတိုက်ကြီးထဲမှာ မနေနိုင်အောင် ကြံစည်မှာပါ။

ကိုကြီးသိနေတယ် ခရုလေး ဘဝရပ်တည်နိုင်အောင် ကိုကြီး ဖေးဦးပေးချင်တယ်။

ခရု မျက်နှာလေးကို သုတ စူးစိုက်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရ"

"ဟင်"

"မင်း ... ကိုကြီးကြောင့် အတိတ်မေ့နေတာလေ"

"အို ... မဟုတ်ပါဘူး ကိုကြီးကြောင့်ပဲ ခရုဒီလိုဘဝမျိုး နေခဲ့ရတာလေ၊ ခရု အရမ်းအားနာနေရပါတယ်"

ကိုကြီးရယ် ...

တကယ်တော့ ခရုအတိတ်မမေ့ပါဘူး။ အတိတ်မေ့ယောင်ဆောင်ပြီး ကိုကြီးအရိပ်မှာ မှီခိုနေထိုင်ရတာပါ။ ခရု ပြေးစရာမြေမရှိဘူးလေ။

အမေပေးထားတဲ့ ပိုက်ဆံနဲ့ တည်းခိုဖို့လိပ်စာကလဲ ကျ ခဲ့တယ်။ ခရုကို ပထွေးက စော်ကားဖို့ ကြံစည်လို့ ထွက်ပြေး တာပါလို့လည်း မပြောချင်ဘူး။

ခရု ငိုပစ်ချင်သည်။

"ကိုကြီး အနူးအညွတ် တောင်းပန်ချင်တာက ခရုဘ အုပ်ကို သိမ်းထားပါ၊ သွားလေရာကို ယူသွားပါကွာ ... ပန်း ခြယ်ကို လုံးဝ မပြောပြလိုက်ပါနဲ့"

သူကတော့ ပန်းရောင်ခြယ်နဲ့မလွဲမသွေ လက်ထပ်ရ မည်ဖြစ်သည်။

အစောကြီးထဲကလဲ လက်ထပ်ဖို့စီစဉ်ထားခဲ့ကြတာပဲ





သုံးနှစ်လောက်ကြာမှ လက်ထပ်ဖို့ဟာ ခရုကြောင့် ပန်း ရောင်ခြယ်က လက်ထပ်ပွဲ အလျှင်အမြန် စီစဉ်နေသည်။

"ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ခရုလေးယူထားပါ၊ မင်း ရဲ့ ရပ်တည်ရေးအတွက် လိုအပ်တယ်၊ ကိုကြီးဆန္ဒက မင်းအတွက် ဆိုင်ခန်းလေးတစ်ခန်း ဝယ်ပေးချင်တယ်"

"ကိုကြီးရယ် ... ဘာတွေစိတ်ပူနေတာလဲ၊ ခရုက အတိတ် ပြန်သတိရသွားရင် ကိုကြီးအနားကနေ ထွက်သွားမှာလေ"

"အတိတ်အကြောင်းတွေကို မတွေးနဲ့တော့"

"ရှင်"

"ခရု စိတ်တွေ လေးလံနေလိမ့်မယ်၊ အတိတ်အကြောင်း မတွေးတာ အကောင်းဆုံးပဲ"

သူတကတော့ ခရုအတိတ်ကို မမှတ်မိစေလိုတော့။

ကိုကြီး အနားကနေ ခရုထွက်သွားမှာ မလိုလားဘူးကွာ။ မရစေချင်တော့ပါဘူး။

"ကိုကြီး တစ်လအတွင်း လက်ထပ်တော့မယ်"

ခရုရယ် ...

ကိုကြီးစိတ်တွေ နားမလည်နိုင်အောင် ပြောင်းလဲသွား

ပန်းရောင်ခြယ်ကို လက်ထပ်ဖို့ စိတ်မပါတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခရုကြောင့်ထင်တယ် ...

ဒါပေမဲ့လည်း လွှဲရှောင်လို့မရဘူး။ မဖြစ်မနေ လက်ထ... ရမယ်။

"ညစာ စားကြမယ်"

"ဟုတ်ကဲ့"

"အပြင်ထွက်ကြမလား"

"ဟင့်အင်း ... မစားပါဘူး၊ အိမ်မှာချက်ထားတယ်၊ ခရု... တိုင်ချက်ထားတာလေ"

"ဟုတ်လား ... နေမကောင်းဘဲနဲ့ ခရုဘာဖြစ်လို့ အိမ်အ... တွေလုပ်ရတာလဲ မလုပ်ပါနဲ့ ... "

"ခရု နေကောင်းပါပြီ ... သင်တန်းလည်း နားနေ... စိတ်ပြေလက်ပျောက်လေ အိမ်မှုကိစ္စတွေ လုပ်တာပါ"

"ဒါဆို သွားစားကြမယ်"

ကိုကြီးက ခရုလက်လေးကို ဆွဲပြီး စားသောက်ခန်းသို့ ... သွားသည်။

ခရု ရှန်းပစ်ချင်တယ်။

မမခြေယ်ကိုလည်း အားနာမိ၏။

မိန်းကလေးတစ်ယောက်အနေနှင့် သဝန်ကြောင်နေ...

"ခရုလက်ရာလေးကို စားကြည့်ရဦးမှာပဲ"





ကိုကြီးက ဟင်းကိုမြည်းရင်း အရမ်းကောင်းတယ်ဟုပြော... သည်။

ကိုကြီးကိုကြည့်ရတာ ပျော်ရွှင်တက်ကြွနေသလိုပင်။

ခရုကြောင့် မမခြေယ်နဲ့ကိုကြီး ပဋိပက္ခတွေ မဖြစ်စေချင်ပါ... ဘူးနော်။

"ခရု"

"ရှင်"

"စားလေ"

"အင်း"

ကိုကြီးနှင့်ခရု ထမင်းစားနေကြတဲ့ အချိန်တွင် မမခြေယ်ထံမှ ... လာသည်။

"ခြေယ်လား ... မောင် ညစာ စားနေပြီ၊ ဒီနေ့တော့ အပြင် ...က်ချင်ဘူး၊ မာမီ့ကိုပြောလိုက်ပါ ... မနက်ကျမှ မောင်လာမယ် ... လက်ထပ်ပွဲကိစ္စက ခြေယ့်စိတ်တိုင်းကျလုပ်ပါ။ မောင်သဘော ...ပါတယ်"

ခရု ဘယ်လောက်ပဲ စိတ်ထဲမှာထိန်းချုပ်ထားရပါစေ နာ ...င်ရသည်။

နင်နဲ့ဘာဆိုင်လို့လဲခရု ...

စိတ်ကူးနဲ့တောင် ကိုကြီးအပေါ် မပြစ်မှားနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခရု ကျေးဇူးရှင် ...

"ခရု"

"ရှင်"

"ခြံထဲဆင်းရအောင်"

"မမခြယ်လာမှာလားဟင်"

"မလာပါဘူး"

"မမခြယ်နဲ့လည်း ကိုကြီးလက်ထပ်ဖို့ကိစ္စတွေ စီစဉ်ထဲ ခရုအတွက် အရမ်းကြီး စိတ်မပူပါနဲ့နော်၊ ခရုက အဆင်ပြေနေတာ ပဲ"

"ညီမလေးနဲ့လွတ်လွတ်လပ်လပ် စကားပြောကြရအောင်"

ကိုကြီးနှင့်လွတ်လွတ်လပ်လပ် ပြောဆိုနေထိုင်တာမျိုး ခရု မလုပ်ချင်ပေ။

ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ မရိုးသားမှုတွေကို ခရုမုန် ပါတယ်။

ကိုကြီးခေါ်လာ၍ ခရုခြံထဲဆင်းလာခဲ့သည်။

"ခရု"

"ရှင်"

"စိတ်ကို ပေါ့ပေါ့ပါးပါး ထားစမ်းပါကွာ၊ ကိုကြီးအပေါ် အား နာစိတ်တွေ မထားစမ်းပါနဲ့၊ ခရုလေး ပြုံးရယ်နေတာကို ကိုကြီး





င်တယ်"

"ခရု ပျော်ပါတယ်ကိုကြီး၊ တစ်ခါတလေသာ အတိတ်က တွေဖြစ်ခဲ့လဲဆိုတာ တွေးမိရတာပါ"

"ခရုလေး အတိတ်ကို သတိရစရာမလိုတော့ဘူး၊ မတွေးနဲ့"

ခရု အတိတ်မမေ့ပါဘူး ကိုကြီးရယ်။ အဖြစ်မှန်တွေကို ဖွင့် ပြချင်ပါတယ်။

ခရုမှာ ပြေးစရာနေရာ မရှိဘူးလေ။

"ကိုကြီးနဲ့ခရုလေး လွန်ခဲ့တဲ့နှစ်တွေထဲက စတင်တွေ့ဆုံခဲ့ အကောင်းဆုံးပဲကွာ"

"ရှင်"

"အခုထက်ပိုပြီး ပျော်စရာကောင်းမှာလေ"

"ကိုကြီးရယ်"

ကိုကြီး အကြည့်တွေက သူမ မျက်ဝန်းတွေဆီ စူးစိုက်နေ သည်။

သူမ ရှက်ကိုးရှက်ကန်းဖြစ်သွားရကာ အကြည့်ကို ရှောင်လွှဲ ပြင်လိုက်စဉ် ကိုကြီးက မထင်မှတ်ဘဲ သူမမျက်နှာလေးအား တော်ဝါးတွေနှင့်ထိကပ်ညှပ်ယူ၍ သူ့မျက်နှာနား ဆွဲယူသည်။

"ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ခရ"

"ဟင်"

"ကိုကြီး ချစ်တယ်"

"ရှင်"

"ကိုကြီး မင်းလေးကို အရမ်းချစ်မိနေပြီ"

"အို ... "

"ကိုကြီး ဆက်ပြီးဟန်မဆောင်နိုင်တော့ဘူး ခရရယ်၊ နှလုံးသားတွေထဲမှာ ပေါက်ကွဲတော့မယ်"

"လွတ်ပါ ကိုကြီးရယ် ... မဖြစ်နိုင်တာဘဲ၊ ခရက ကိုကြီးညီမလေးပါနော်"

"ခရရယ်"

သုတ စိတ်တွေထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ ခရမျက်နှာလေးကို သူ့ပါးတွေနှင့် ထိကပ်ထားလိုက်မိသည်။

"ကိုကြီး ... အဲဒီလို မလုပ်ပါနဲ့၊ ခရ တောင်းပန်ပါတယ်နော်၊ မမခြယ် စိတ်ထဲမှာ တစ်မျိုးထင်သွားရင် ခရလည်း မကောင်းတော့ဘူး၊ မမခြယ်က ကိုကြီးနဲ့ လက်ထပ်ရတော့မယ့် ဖန်းလောင်း"

ခရ ရှန်းဖယ်ရင်း ထိုင်နေရာကနေ ထမိသည်။

"ခရ"

"ခရ ... ဝင်တော့မယ်"

ဖိုးလပြည့်စာပေ



"ကိုကြီးကို ခွင့်လွှတ်ပါကွာ၊ စိတ်တွေမထိန်းချုပ်နိုင်ဘဲ လွတ်ထွက်သွားတယ်"

"အထဲဝင်တော့မယ်နော်"

"ခရ"

"ရှင်"

"ကိုကြီးအနားကနေ ထွက်မသွားဘူးလို့ ကတိပေးပါ ... ကိုကြီးကို အစ်ကိုတစ်ယောက်အနေနဲ့ပဲ ဆဏ်ဆံပေးပါ၊ ကိုကြီး အစောင့်အရှောက်တွေကိုလည်း လက်ခံပါ"

ခရ တိုက်ကြီးထဲပြေးဝင်လာခဲ့ပြီး သူမ အိပ်ခန်းလေးထဲဝင်သွားခဲ့သည်။

အိပ်ရာပေါ် မျက်နှာကိုအပ်ချပစ်လိုက်ပြီး တသိမ့်သိမ့် ရှိုက်ငိုပစ်မိ၏။

ခရ ကံဆိုးတယ် ကိုကြီးရယ် ...

ခရ ဘာဆက်လုပ်ရမလဲဟင်။

မမခြယ် ရောက်လာရင် ခရ ထွက်သွားပေးရတော့မယ်။

"ကိုကြီးပိုက်ဆံတွေယူထားပါ၊ ဘဏ်စာအုပ်ကိုလည်း ခရ သိမ်းထားပေးပါ ... ဘယ်သူ့ကိုမှ မပေးနဲ့၊ ခရနောင်ရေး အတွက်ပဲ"

ကိုကြီးက ခရအပေါ် သံယောဇဉ်ကြီးလွန်းသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com



ချစ်ခြင်း မေတ္တာတွေလည်း ပြည့်နှက်နေ၏။ ခရုလည်း ကိုကြီးကိုချစ်မိနေပြီ။

ဒါပေမဲ့ ... ဘယ်လိုလုပ်ရမလဲဟင်။

သူမ တသိမ့်သိမ့်ရှိုက်ငိုရင်း ညဥ့်နက်မှ အိပ်ပျော်သွားသည်။

"ခရု ... ခရုလေး သင်တန်းသွားရမယ်လေ ... ထတော့ မမခြယ်တောင် ရောက်နေပြီ"

"ဟင်"

မမခြယ် အသံကြားမှ လန့်နိုးသွားပြီး အိပ်ရာပေါ်မှ လူးလဲထ၍ ခရု တံခါးဖွင့်ပေးလိုက်သည်။

"မမခြယ် ... အမလေး၊ ခရုအိပ်ပျော်သွားတယ်၊ တောင်းပန်ပါတယ်နော် ... ခဏလေးစောင့်ပေးပါ ခရု လာပါ့မယ်"

"ခရု"

"ရှင်"

"မင်းမျက်နှာလေးက မို့ဖောင်းနေတာပဲ၊ ဘာဖြစ်လို့လဲ မင်းငိုထားတာလား"

"မဟုတ်ပါဘူး ... ခရု စာဖတ်ရင်း အိပ်ပျော်သွားလို့ မှောက်လျက်အိပ်ပျော်သွားလို့ပါ"

"မြန်မြန်လုပ်လေ"

ငွေခရုကို ကြည့်ရတာ ခြယ်သံသယတွေ ဖြစ်နေမိသည်။





ဒီကောင်မလေး ငိုထားတဲ့မျက်နှာ။

မောင်နှင့်အတူတူရှိနေတဲ့ ခရု တစ်စုံတစ်ခုများ ဖြစ်လို့လား။

"မောင်"

"ခြယ်"

"ရှင်တို့နှစ်ယောက် တစ်ခုခုများဖြစ်လား"

"မဖြစ်ပါဘူး ... ဘာဖြစ်လို့လဲ"

"နှစ်ယောက်လုံး မျက်နှာတွေပျက်နေကြလို့"

"ခြယ်ရယ် ... လူတွေကို မယုံသင်္ကာနဲ့ သံသယစကားတွေ ပြောပါနဲ့၊ မင်းနဲ့ပဲ လက်ထပ်ကြတော့မယ်လေ"

သူ ...

ခြယ့်ကို ပွေ့ဖက်ဖို့ ခက်ခဲသည်။

အချစ်ကို စဉ်းစားမရ။

ခြယ် မယုံသင်္ကာဖြစ်လည်း မတတ်နိုင်ဘူး။

ခဏနေတော့ ခရု စာအုပ်တွေပွေ့ပြီး ဆင်းလာသည်။

"မမခြယ် တောင်းပန်ပါတယ်နော် ... ခရု အိပ်ပျော်သွားတယ်"

"သွားမယ် ခရု ... မိန်းကလေးဖြစ်ပြီး ပေါ့ပေါ့ဆဆ မနေသင့်ဘူး၊ မင်းကြိုးစားသင့်တယ်"

ခြယ့်စိတ်တွေကို ထိန်းချုပ်ထားတဲ့ကြားမှ ခရုကို မကော



www.burmeseclassic.com

www.burmeseclassic.com



ထန်ထန်ပြောပစ်လိုက်သည်။

အိပ်နေတာလား ...

မောင်နှင့်တစ်ခုခု ဖြစ်နေကြတာလား။

ခြယ် ခြိထဲ ဆင်းလာခဲ့သည်။

"ခရ"

"ရှင်"

"ညည်းအတိတ်ကို ပြန်သတိမရတော့ဘူးလား"

"ရှင်"

"ငါနဲ့မောင့်ကြားမှာ ညည်းက ခလုတ်ကန်သင်းတစ်ခု ... တယ်၊ အတိတ်ကို သတိမရသေးတာရော ဟုတ်ရဲ့လားအေ"

ခရ မျက်နှာကို တင်းတင်းမာမာနှင့် ကြည့်မိသည်။ အ... ထုတ်မလေး။ ညည်း ဘယ်လိုအကြံအစည်တွေနဲ့ မောင့်အနား... နေရတာလဲ။ ခရကို အရေးတယူနှင့်လုပ်နေရတာပင် ခြယ် မ... မနှပ်ဖြစ်နေရသည်။

BURMESE CLASSIC .com

အခန်း ( ၁၁ )

ကိုကြီး မင်္ဂလာပွဲမှာ ခရက မင်္ဂလာပန်းကြဲပေးရမည်တဲ့။ မမခြယ်က မင်္ဂလာပွဲအတွက် စိတ်တိုင်းကျ ပြင်ဆင်နေသည်။

ကိုကြီး အရက်တွေသောက်နေတယ်။

ခရက ဆူးညှောင့်ခလုတ် တစ်ခုလား။

ဒီကနေ ထွက်သွားပေးသင့်ပြီထင်သည်။

မမခြယ် သဘောကောင်းချင်ယောင် ဘယ်လောက်အထိ ဆောင်နေနိုင်မလဲ။

ကိုကြီး ထောက်ပံ့ပေးမည့် ငွေကြေးတွေကို ခရ လက်ခံချင်တာတော့ အမှန်ပင်။

"ခရ ... ညည်းဘဝကို ညည်းနားလည်စမ်းပါ၊ မောင်နဲ့က ညည်းနဲ့ဘသွေးသားမှ မတော်စပ်ဘူးနော်၊ ညီမအဖြစ်လည်း လုံးဝ လက်မခံနိုင်ဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



မမခြယ်က ကိုကြီးကွယ်သည်နှင့် ပြတ်သားစွာ ထိုးနှ[illegible] လာသည်။

"မောင့်ကို ညည်းဝုံးချောချင်ချောလေ ... ညည်းပဲ မောင်[illegible] ထုတ်ခံရမှာ၊ ညည်းကြောင့် မောင် ကျူပ်အပေါ် အချစ်တွေလျော့ သွားပြီ၊ အဲဒါကို ညည်းသိရဲ့လား ငွေခရု ... "

"ခရု ... ထွက်သွားပေးပါ့မယ်၊ မမခြယ်တို့ လက်ထပ်မင်္ဂလာ ပွဲပြီးရင်လေ ... "

"ထွက်သွား ... ညည်းဒီအိမ်မှာနေတာကို လုံးဝမမြင် မတွေ့ ချင်ဘူး။ ညည်း ... အတိတ်မေ့နေတယ်ဆိုတာလည်း မဖြစ်နိုင်ဘူး"

ခရုကိုယ်တိုင်လည်း ကိုကြီးအနားကနေ ထွက်သွားဖို့ပဲ ဆုံး ဖြတ်ထားမိသည်။

ကိုကြီးရဲ့ ဂုဏ်သိက္ခာတွေ ညှိုးနွမ်းသွားအောင် ခရု ဘာ တစ်ခုမှ မလုပ်ပါဘူး။

ညနေသင်တန်းဆင်းတော့ ကိုကြီး လာကြိုနေပြန်သည်။

"မမခြယ် လာကြိုမယ်လို့ သေသေချာချာ မှာသွားပါတယ် ကိုကြီး ... "

"ခြယ့်ဆီ ကိုကြီးဖုန်းဆက်ထားတယ်၊ ခရုကို ကိုကြီးပဲ ကြို သွားမယ်လို့ ... "

"ကိုကြီး"





"ပြော"

"ခရု မလိုက်နိုင်ဘူး ... မမခြယ်ဆီ ဖုန်းဆက်မယ်၊ မမခြယ် တစ်မျိုးထင်မှာ ခရု အရမ်းကြောက်တယ်"

"ခရု ... ကားပေါ်တက်စမ်း၊ ခြယ့်ကို ဘာကြောက်နေတာ လဲ၊ အခု ... ခရုကို အဲဒီအိမ်ခေါ်သွားမှာ၊ ခြယ့်မာမီကို ကိုကြီး ညီမလေးအဖြစ် မိတ်ဆက်ပေးမလို့လေ"

ခရုရဲ့ ငိုမဲ့မဲ့ အဲ့မှိုင်းမှိုင်းမျက်နှာလေးကို သူတ မကြည့်ရက် နိုင်။

သူ့ကွယ်ရာမှာ ခြယ် ဘယ်လိုဆက်ဆံထားလည်းဆိုတာ သူသိသည်။

ခရုလေးကို အတတ်နိုင်ဆုံး အကာအကွယ်ပေးချင်မိ၏။

ခရုအတွက် ပြတ်ပြတ်သားသား ဆွေးနွေးရမယ်။

သူအတင်းအကြပ်ပဲ ခရုကို ခေါ်သွားခဲ့သည်။

"မာမီ ... သူက ကျွန်တော့်ရဲ့မွေးစားညီမလေး ငွေခရုပါ"

"အင်း ... ခြယ် ပြောပြပါတယ်၊ ချစ်စရာလေးပဲ ... "

သမီးခြယ် ပြောပြထား၍ ဒေါ်မျက်ခြယ် အားလုံးသိနေ သည်။

ဒီကောင်မလေးက အရှုပ်ထုတ်တဲ့။

သမီးခြယ်က ပထုတ်ပစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေခရက ချောချောလေး။

လမ်းပေါ်ကနေ ကောက်လာသူကို သမီးခြယ်ချစ်သူ မောင်သုတက စွဲလမ်းနှစ်သက်နေသည်တဲ့။

"ကျွန်တော်ကတော့ ခရကို ဘယ်လိုနည်းနဲ့မှ ဥပေက္ခာ မထားနိုင်ပါဘူး မာမီ ... ခြယ်ကလဲ လက်ခံပါတယ်"

"မောင်သုတ"

"ပြောပါ မာမီ ... "

"ခရလေးကို မာမီတို့အိမ်မှာ ထားပါလား၊ သမီးခြယ်တို့ လက်ထပ်ပြီးရင် သားအိမ်မှာလိုက်နေမှာဆိုတော့လေ"

"ဟုတ်တယ် ကိုကြီး ... ခရ ဒီမှာပဲနေလိုက်မယ်၊ ကိုကြီးဆီလည်း လာလို့ရတာပဲ"

"မဖြစ်ဘူး ခရ ... မင်းဘယ်မှာမှ နေစရာမလိုဘူး၊ ကိုကြီးနဲ့ပဲနေရမယ်"

"တစ်လ နှစ်လလောက်တော့ ခရ ဒီမှာပဲနေပါရစေ ဒီမှာလည်း ခရအတွက် လုံခြုံတာပဲလေ"

တကယ်တော့ ခရကို စိတ်မချနိုင်။

ခြယ့်မာမီ တစ်မျိုးမျိုး ကြံစည်လိုက်မှာကို ကြောက်နေမိသည်။

ခရကို မျက်စိအောက်ကပင် အပျောက်မခံနိုင်ပေ။

ဖိုးလပြည့်စာပေ



ခြယ်အပြင်ကနေ ပြန်ရောက်လာတော့ ခရကို ခြယ့်မာမီဆီ ထားဖို့ အတည်ဖြစ်သွားရသည်။

"မာမီစိစဉ်တာ ကောင်းတယ် မောင် ... ဒီမှာ လွတ်လပ်တယ် ... ခရလည်း နေချင်တယ် မဟုတ်လား ... နေနော်"

"ဟုတ်ကဲ့"

"ခရ"

"ကိုကြီးရယ် ... စိတ်ချပါနော်၊ ခရ တစ်လ နှစ်လလောက် နေမှာပါ၊ ကိုကြီးတို့ဇနီးမောင်နှံ လွတ်လွတ်လပ်လပ်နေရအောင် "

"မရဘူး ခရ ... မင်း ကိုကြီးမျက်စိအောက်မှာပဲနေရမယ်၊ မင်းအတိတ်ကိုလည်း သတိရသေးတာမှ မဟုတ်တာ"

"ကဲပါလေ ... နောက်မှစဉ်းစားကြတာပေါ့၊ ကဲ ... မာမီတို့ မင်းလက်ဆုံစားကြရအောင်"

မမခြယ်က ဦးဆောင်၍ ထမင်းစားခန်းထဲ ဝင်သွားတော့ ခရလည်း လိုက်သွားစဉ် မထင်မှတ်ဘဲနှင့် အမေ့ကိုအိမ်ဖော်မကြီး အဖြစ်တွေ့လိုက်ရသည်။

အမေကလဲ မျက်လုံးပြူး မျက်ဆံပြူးနှင့် ခရကို ချမ်းချမ်းသာသာတွေ့လိုက်ရတော့ ကျေနပ်ပုံပင်။

အရိပ်အကဲ ကြည့်ပြီး အမေကလဲ ခရကို မသိချင်ယောင်

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေ၏။

ထမင်းပန်းကန်တွေ ပိုင်းသယ်သလိုလိုနှင့် အမေ့အနား ခရု ကပ်သွားမိသည်။

"အမေ"

"သမီး ခရု ... ညည်းကောင်းစားနေတာလား"

"အင်း ... နောက်မှ ခရု ဆက်သွယ်မယ်၊ လောလောဆယ် တော့ မသိချင်ပဲ ဆောင်နေပေးပါနော်"

"အေး ... အေးပါ"

သမီးလေးခရု အရမ်းကိုပြောင်းလဲနေတာပါလား။

သူ့ငွေး သမီးလေးလိုပါပဲ။

ခရုအတွက် ဒေါ်ရွှေနှစ် စိတ်အေးသွားသလို ဖြစ်ရသည်။

"ခရု"

"ရှင် ... ကိုကြီး"

"ဘာမှပိုင်းကူလုပ်ပေးစရာ မလိုဘူးလေ၊ စားပွဲမှာပဲ လာ ထိုင်နေ ... "

ကိုကြီးက မကြိုက်။

ခရုကတော့ ကိုကြီးအပြုအမူတွေအတွက် မမခြယ်ကို အား နာမိသည်။

"ဟုတ်သားပဲ ခရုရယ် ... မမခြယ်တို့အိမ်မှာ အစေခံတွေ





များကြီးရှိပါတယ်၊ ခရုဝင်လုပ်စရာ မလိုပါဘူး၊ ထိုင်နေစမ်းပါ"

"ဟုတ်ကဲ့"

မောင် အဖြစ်သည်းလွန်းတယ်။

ဒီလိုဖြစ်နေရင် ခြယ်တို့ အိမ်ထောင်ရေး သာယာနိုင်မှာ ဟုတ်ပေ။

ခြယ် ဘယ်လိုကိုင်တွယ်ရမလဲ။

ငွေခရုကို ပထုတ်ဖို့ မလွယ်တာတော့ သိနေသည်။

"ဒေါ်ရွှေနှစ်"

"ရှင် ... မမလေး ... "

"ဟင်းပွဲတွေ မြန်မြန်လာချလေ ... ဟိုဟာမတွေရော"

"ပြီးနေပါပြီ မမလေးရယ် ... လာချပေးပါတော့မယ်"

အမေရယ် ...

ဘယ်လိုကြောင့် ဒီကိုရောက်နေရတာလဲ။

ပထွေးညီမြရော ... အမေပုံစံက နွမ်းဖတ်ပိန်လှီနေသည်။

တ်အစားတွေက အစုတ်အပြတ်တွေနှင့် ခရု ငိုပစ်ချင်သည်။

ထမင်း စားပြီးတော့ မမခြယ်က မင်္ဂလာပွဲဖိတ်စာကိစ္စရှိ၍ ကြီးအား အပြင်ခေါ်ထုတ်သွား၏။

ကံကောင်းစွာ ခရုကို မမခြယ်တို့တိုက်မှာပဲ ခဏစောင့်နေဖို့ ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးတို့သွားသည်နှင့် အိမ်မှုကိစ္စတွေ ကူညီမယ်ဆိုပြီး အမေ့အနားကပ်သွားခဲ့၏။

မမခြယ်ရဲ့ မာမီကလဲ ခရကို ခပ်နွမ်နွမ်ဆက်ဆံချင်သဖြင့် ခွင့်ပြုပေးသည်။

"ကောင်းတာပဲ ငွေခရ ... ညည်းအဆင့်ကို ညည်းသိတာ ကောင်းတာပေါ့အေ ... သွားလုပ်"

အမေတစ်ယောက်ထဲ ပန်းကန်တစ်ထပ်ကြီးကို ဆေးကျော နေသည်။

တခြားအလုပ်သမားတွေက သူတို့တာဝန်ပြီး၍ အစေခံ တန်းလျားကို ပြန်သွားကြပြီတဲ့။

အမေတစ်ယောက်ထဲ တိုက်ကြီးထဲမှာ နေရတာတဲ့။

"အမေ"

"ခရ ..."

"အမေ ဘာတွေဖြစ်လာတာလဲ၊ ဘာဖြစ်လို့ ဒီလိုဘဝမျိုးကို ရောက်လာရတာလဲဟင်"

အမေက ခရထွက်သွားပြီး ဖြစ်ပျက်ခဲ့တာတွေကို ပြောပြ သည်။

ခရလည်း သူမ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို ပြော ပြလိုက်သည်။





"သမီးလေးရယ် ... ကံကောင်းသွားတာပဲ၊ လူယုတ်မာညီမြ ကို တစ်နေ့နေ့ အမေတွေ့အောင် ရှာပြမယ်"

"သမီး ဘာဆက်လုပ်ရမှာလဲ အမေ ... အဖြစ်မှန်တွေကို ခရ ထုတ်ပြောလိုက်မယ်နော်၊ ပြီးတော့လေ ... အမေနဲ့သမီး အတူ နေကြမယ်"

"ကောင်းတယ်သမီး ... အမေလည်း သမီးအတွက် အရမ်း စိတ်ပူရတယ် ... မောင်သုတ ပေးတဲ့ပိုက်ဆံတော့ လက်ခံရလိမ့် မယ်ထင်တယ်"

"သမီး ကိုကြီးကို ဖွင့်ပြောလိုက်မယ်နော်"

"အမေနဲ့သမီး ပြန်ဆုံရတာ ကံကောင်းလိုက်တာ ... ဟိုလူ ယုတ်မာညီမြနဲ့ အမေ ပတ်သက်စရာအကြောင်းလည်း မရှိတော့ ဘူး၊ အမေ့မိုက်ပစ်တွေပါ"

"အမေရယ် ..."

ခရ ... အမေနှင့်အတူနေထိုင်ပြီး ဘဝကို ရုန်းကန်ကြိုးစားဖို့ ဆုံးဖြတ်ထားသည်။

ကိုကြီးအရိပ်မှာ မမှီခိုတော့ပါဘူး။

ကိုကြီး ပြန်လာပြီး ခရကို ခေါ်သည်။

"ခရ ပြန်ကြမယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ မမခြယ်တို့ တိုက်မှာ ခရုနေဖို့ပြောတော့ ကိုကြီးက လုံးဝ လက်မခံပေ။

"ခရု"

"ကိုကြီး"

"ကိုကြီးမျက်စိအောက်မှာပဲ နေရမယ်၊ ဒါမှမဟုတ် ... မင်း အတွက် ကိုကြီးတိုက်ခန်းဝယ်ပေးမယ် ... မင်းလက်ခံပါ"

"ကိုကြီးဆီကနေ ခရု ဘာမှမလိုချင်ဘူး"

"ဘာပြောတယ်"

"ကိုကြီးတို့အိမ်ထောင်ရေးကို ခရုကြောင့် မထိခိုက်စေချင် ဘူး၊ ခရုကြောင့်လည်း ကိုကြီးဂုဏ်သိက္ခာတွေ မမဲ့စေချင်တာပါ"

"ခရုလေးရယ်"

"အို ... "

ကိုကြီးက မောင်းနေတဲ့ကားကို လမ်းဘေးမှာထိုးရပ်လိုက် ပြီး ခရု ပခုံးလေးကို ဖက်လိုက်သဖြင့် ခရု အထိတ်တလန့်နှင့် ဖယ်မိသည်။

"ခရု ... မရုန်းပါနဲ့၊ ကိုကြီးရင်ခွင်ထဲမှာ ခဏလောက်ပဲ ငြိမ်ငြိမ် ဖြစ် နေပေးပါ"

"ကိုကြီး လွှတ်ပါ ... မဖြစ်နိုင်တာဘဲ၊ ခရုကို အဲဒီလို မလုပ် ပါနဲ့၊ မကြာခင် ကိုကြီးနဲ့မမခြယ် လက်ထပ်ကြတော့မှာလေ"





"ချစ်တယ် ... ကိုကြီး ဘယ်လိုမှထိန်းချုပ်ထားလို့ မရတော့ ဘူး ခရုကို အရမ်းချစ်တယ် ... ကိုကြီးရင်ထဲမှာ ပေါက်ကွဲလွင့်စင် သွားတော့မယ်၊ ခရုလေးနဲ့ဝေးရမှာကို အကြောက်ဆုံးပဲ"

"ကိုကြီး မလုပ်ပါနဲ့ ... ခရု တောင်းပန်ပါတယ်နော်"

"ကိုကြီးကြောင့် ခရုလေး အတိတ်မေ့သွားရတာပါ၊ ခြယ်က ကို ဥပေက္ခာပြုရမယ်ဆိုရင် ကိုကြီး လုံးဝ မခံစားနိုင်တော့လို့ပါ"

"ခရု အတိတ်ကိုမမေ့ပါဘူး ကိုကြီး"

"ဟင်"

"ကိုကြီးနဲ့စတွေ့ထဲကလည်း ခရု အတိတ်ကို လုံးဝမမေ့ခဲ့ ဘူး"

"ဘာပြောတယ် ခရု"

"အတိတ်မေ့ချင်ယောင် ဆောင်နေခဲ့တာပါ ကိုကြီးရယ်"

ကိုကြီးက ခရုကို အတိတ်မေ့နေတဲ့ ကောင်မလေးအဖြစ် ...းနေတာကို ခရု လက်မခံနိုင်တော့ပေ။

ခရုရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေ အားလုံး အမှန် ...င်းပဲ ဖွင့်ပြောပြလိုက်သည်။

"မမခြယ်တို့အိမ်မှာ အမေ့ကိုတွေ့ခဲ့တယ်၊ အိမ်ဖော်မကြီး ...နဲ့လေ ... ပထွေးက ငွေတွေလိမ်သွားတာတဲ့၊ ခရုအဖြစ်တွေ ...ပဲ ကိုကြီး ... "



www.burmeseclassic.com

www.burmeseclassic.com



သုတကတော့ ခရကို ပို၍ပင် သနားသွားရသည်။

ခရက ရိုးသားဖြူစင်သူလေးပါ။

အမေနှင့်အတူတူနေတော့မည်ဟု ခွင့်တောင်းနေသည်။

"ကိုကြီးဆီက ငွေကြေးတွေ ခရမလိုချင်ပါဘူး၊ အမေနှင့် လေးတွားနေနိုင်ဖို့ပဲ စီစဉ်ပေးပါနော် ... ခရ အလုပ်လုပ်မယ်၊ ခြယ်ကိုလည်း ခရအတ ကို ပြန်သတိရသွားပြီလို့ ပြောလိုက် အားလုံးကောင်းဖို့အတွက်ပါနော်"

သုတကတော့ ငယ်ရွယ်ပေမယ့် အသိရှိတဲ့ ခရလေးအ ပို၍ပင် ချစ်သွားမိသည်။

သူ့ကိုဖြားယောင်းမြူဆွယ်ခြင်း ကင်းစွာ အတိတ်ကို မေ့ ယောင် ဆောင်နေခဲ့ခြင်းဆိုတာလည်း သူ့အကြွင်းမဲ့ လက်ခံမိသည်

"ခရ"

"ရှင်"

"ကိုကြီး စီစဉ်ပေးတာတွေကို မင်းလက်ခံပါ၊ မင်းက ကိုကြီး ညီမလေးပါပဲ ... မင်းအတွက် တိုက်ခန်းဝယ်ပေးမယ်၊ မင်း ကိုကြီး အတွင်းရေးမှူးမလေးအဖြစ် လုပ်ရမယ် ... မင်းလက်ခံပါ"

"ကိုကြီး ... အဓိပ္ပာယ်မရှိတာတွေကို မလုပ်ပါနဲ့နော်၊ ခြယ်က ရှိပါသေးတယ်"

"ကိုကြီးပြောတာတွေကို မင်းလက်မခံရင် ခြယ်နဲ့လက်





ဖျက်ပစ်မှာနော် ... ခရကို ဖြစ်သလိုကြီး မထားရက်ဘူး၊ ကိုကြီး အားကနေ ထွက်သွားဖို့ မကြိုးစားပါနဲ့ ခရရယ် ..."

ခရအတွက် ငြင်းပယ်ခွင့်မရှိသော ကိုကြီးရဲ့ တစ်ဖက်သတ် ဖြတ်ချက်တွေအား ခရ လက်မခံနိုင်အောင်ဖြစ်ရသည်။

ကိုကြီး အကူအညီမယူဘဲနှင့်လည်း ခရ ဘယ်နည်းနှင့်မှ တည်နိုင်ပေ။

ခရ လက်ခံလိုက်ဖို့ကလွဲပြီး တခြားနည်းလမ်း မရှိတော့ ကြောင်း သိထားလေသည်။

www.burmeseclassic.com

အခန်း ( ၁၂ )

"ခရု ... ညည်း သီးခြားနေဖို့ မမခြယ် ခွင့်မပြုနိုင်ဘူး
နဲ့နေချင်နေ မနေချင်ရင် မမခြယ်တို့နဲ့ပဲနေပါ"

"ရှင်"

မာမိက ခရုကို အဝေးသို့မောင်းထုတ်လိုက်လျှင်
အတွက် ပို၍ လွတ်လပ်သွားမည်ဟုပြော၍ ခရုကို တစ်ယော
နေထိုင်ဖို့ ခွင့်မပြုနိုင်ပေ။

မောင်က ခရုကို တစ်စုံတစ်ခုပေးကမ်း ထောက်ပံ့
ဆိုတာ ခြယ် သိနေသည်။

"မမခြယ် စီစဉ်ပေးတာကို ခရုလက်ခံပါ၊ အကော
မာမီနဲ့နေဖို့ မောင်ကလက်မခံဘူးဆိုတာတောင် ညည်း
အကြပ် နေသင့်တယ်"

"ခရု အတိတ်ကို ပြန်သတိရနေပါပြီ မမခြယ်"





"ဟင် ... ဟုတ်လား"

"ကျွန်မအမေကိုလည်း တွေ့နေပါပြီ ... ကိုကြီးသိအောင်လည်း ပြောပြထားပြီးပါပြီ"

"မောင်က ဘာပြောလဲ ခရု"

"ခရုအမေနဲ့ ပြန်နေမှာပါ"

"ညည်း ... ညည်း ဘယ်မှာနေမှာလဲ ခရု"

ကိုကြီးက မထင်မှတ်ဘဲနှင့် ခရုအနားသို့ ရောက်လာသည်။

"ခြယ် ... မင်းဘာဖြစ်လို့ ခရုနေထိုင်ရေးကို စိတ်ဝင်စားနေရတာလဲ၊ မင်းအိမ်မှာ မနေရင် ပြီးတာပဲလေ"

"မောင်ကရော ဘာဖြစ်လို့ ခရုအတွက် စိုးရိမ်ပူပန်မှုတွေဖြစ်နေရတာလဲ၊ အဖြစ်သည်းမနေလွန်းဘူးလား"

"ခရုကိစ္စ မင်းစီစဉ်ပေးစရာမလိုဘူး ခြယ် ... "

"မောင်"

"မင်းကိုလက်ထပ်ဖို့ မောင်ကတိပေးထားပြီပဲ ... ကျန်တဲ့ကိစ္စက မင်းနဲ့မဆိုင်ဘူး"

"ခြယ် စိတ်ပူတယ်"

"ဘာကိုလဲ"

"မောင်နဲ့ငြိစွန်းမှာကိုလေ"

"ပန်းရောင်ခြယ်"

www.burmeseclassic.com



သုတ အော်ပစ်သည်။

သူ့လက်တွေ ခြယ့်မျက်နှာပေါ် ရွယ်လိုက်သည်နှင့် ခရုက ဝင်တားလိုက်၏။

ကိုကြီး သတိထားပါတဲ့ ...

ခြယ်ကတော့ ဒေါသတွေထောင်းထောင်းထသွားရကာ ခရုအား ရန်ပြုဖို့အထိ ကြိုးစားသည်။

"ညည်းကြောင့်ပဲ ... ညည်းရောက်လာမှ ငါတို့ချစ်သူချင်းတွေ ပြဿနာဖြစ်ရတာဟဲ့ ... ဂြိုဟ်ကောင်မလေး၊ အခုထွက်သွားကိုမြတ်သုတ ... ရှင်က ခြယ့်ကိုရိုက်ဖို့ ရွယ်တယ် ဟုတ်လား လက်ထပ်ပွဲကိုတော့ ဘယ်တော့မှမဖျက်ဘူး၊ ရှင့်နာမည်စုတ်ပြတ်သတ်ပြီး မြောင်းထဲရောက်မသွားစေချင်ရင် ခြယ့်ကို ပြန်တောင်းပန်ပါ"

"မတောင်းပန်နိုင်ဘူးကွာ ... မင်းကြိုက်သလိုလုပ်၊ မင်းလိုအတ္တကြီးတဲ့ မိန်းမတစ်ယောက်ကို ငါလက်မထပ်နိုင်တော့ဘူး"

"စောင့်ကြည့်လိုက်လေ ... ရှင် ဘာဖြစ်သွားမလဲဆိုတာ"

ပန်းရောင်ခြယ် ပြန်သွားတော့မှ သူမှားလား မှန်လားဆိုတာ သုတ မစဉ်းစားတတ်အောင် ဖြစ်ရသည်။

ခရုက သူ့ရှေ့မှာ ငုတ်တုတ်လေးထိုင်၍ တသိမ့်သိမ့် ရှိုက်နေသည်။





"ခရု"

"ကိုကြီး မှားတယ် ... မမခြယ်ကို ဒီလိုမဆက်ဆံသင့်ပါဘူး၊ ကိုကြီးချစ်သူလေ"

"ဟုတ်တယ် ကိုကြီး မှားသွားတယ် ... အမှန်အတိုင်းပြောရင် ကိုကြီးအပေါ် စစ်မှန်တဲ့အချစ်တွေမရှိဘဲ ဂုဏ်ဒြပ်တွေ စည်းစိမ်ဥစ္စာတွေကြောင့် ချစ်သူအဖြစ် ရွေးချယ်တာလေ၊ ကိုကြီးလက်ခံနိုင်တော့ဘူး ... ခရုနဲ့မတွေ့ခင်ထဲက ကိုကြီးတို့အချစ်က အေးစက်နေတာပါ"

"ခရုကြောင့်လား၊ မမခြယ်ကို တောင်းပန်ပါ ... ကိုကြီးတို့လက်ထပ်ပွဲ မပျက်ပါစေနဲ့"

ခရုမျက်ဝန်းလေးတွေထဲ မျက်ရည်တွေပြည့်နှက်နေသည်။

ကိုကြီးဘဝကို ခရုကြောင့် မနစ်မွန်းစေချင်တာပါ။

မမခြယ်နှင့် လက်ထပ်လိုက်တာက အတင့်တယ်ဆုံး ဖြစ်နိုင်သည်။

"ခရု"

"ရှင်"

"ကိုကြီးကိစ္စ ဘာမှစိတ်သောက မရောက်ပါနဲ့ခရု၊ မင်းနဲ့ဘာမှမဆိုင်ပါဘူး၊ မင်း ကိုကြီးစီစဉ်ပေးတဲ့ နေရာမှာပဲနေရမယ် ... မင်းလက်မခံဘူးဆိုရင်တော့ ကိုကြီးအဆိုးမဆိုနဲ့နော်၊ ခြယ်နဲ့လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပွဲကို ဖျက်သိမ်းရလိမ့်မယ်"

ခရုလည်း မတတ်နိုင်တော့ပါဘူး။

ကိုကြီးစီမံပေးတာကိုပဲ နာခံဖို့ မဖြစ်နိုင်ဟု ထင်သည်။

"ကိုကြီး"

"ပြော"

"ခရုလေ ... အမေနဲ့အတူတူ မမခြယ်တို့ အိမ်မှာနေပါ့မ အားလုံးအတွက် အေးချမ်းစေနိုင်တယ်လေ"

"ကျွန်အဖြစ်နဲ့လား ခရု"

"ခရုဘဝကို ခရုဖြတ်သန်းဖို့ ကြိုးစားပါ့မယ် ကိုကြီး သီးသန့်တိုက်ခန်းကြီး ခရုမနေရဲပါဘူး"

ခရုကို ပတ်ဝန်းကျင်က ကိုကြီးရဲ့အဖွယ်အမြောင်အ သတ်မှတ်ပြောဆိုစေရန် မမခြယ်တို့သားအမိက လုပ်ဆောင် စည်လာနိုင်သည်။

ကိုကြီးအတွက်ပါ။

"ကိုကြီးရှေ့မှာ မျက်ရည်တွေကျမနေစမ်းပါနဲ့ ခရုရယ်၊ ကို ညီမလေးအဖြစ် ဖြူဖြူစင်စင် စောင့်ရှောက်မှာပါ၊ သင့် မယ့် အိမ်ထောင်ဖက်ကို ရွေးချယ်ပါ"

"ကိုကြီး"

"ညီမလေးရယ်"





"ခရု ဝမ်းသာလိုက်တာ၊ ခရုလည်း အစ်ကိုတစ်ယောက်လိုပဲ ချစ်ချင်ပါတယ်"

ခရု မင်းက လိမ်မာတဲ့ညီမလေးပါ။

ပန်းရောင်ခြယ်နဲ့ ဘာမျှမဆိုင်တဲ့ ဖြူစင်မှုတွေ ရှိနေတယ်။

"ခရုလေး ဖြူစင်တယ်၊ ကိုကြီးက ညီမလေးတစ်ယောက် လို စောင့်ရှောက်မှာမို့ စိတ်သန့်သန့်နဲ့လက်ခံပေးပါ"

ကိုကြီး စီမံပေးတာကိုပဲ ခရု လက်ခံရတော့မည်ဖြစ်သည်။

မမခြယ်နှင့် လက်ထပ်ပွဲမပျက်စေချင်၍ ဖြစ်၏။

ကိုကြီးက ခရုကို တိုက်ခန်းတစ်ခန်းဝယ်ပေးကာ အမေနှင့် အတူတူနေထိုင်ဖို့ စီစဉ်ပေးခဲ့သည်။

"မင်းသင်တန်းတွေ တက်ရမယ်ခရု ... ကျောင်းပညာရေး လည်း ဆက်သင်ရမယ်၊ လောလောဆယ်တော့ ကိုကြီးအထောက် အပံ့နဲ့နေပါ ခရုရယ်"

"ကောင်းပါပြီ ကိုကြီးရယ် ... ခရု လက်ခံပါ့မယ်"

အမေနှင့်ခရု တိုက်ခန်းအသစ်မှာ အတူတူနေထိုင်ခွင့်ရသည်။

ကိုကြီးက မမခြယ် ဘယ်လောက်ပဲကန့်ကွက်နေပါစေ ခရု အား လိုလေသေးမရှိအောင် စီစဉ်ပေးခဲ့၏။

ခရုအတွက် ကားတစ်စီးလည်း ဝယ်ပေး၍ ကားမောင်း သင် စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြယ့်ကို ဂရုစိုက်စရာမလိုဘူး ခရုလေး ... မင်းအတွက် စီစဉ်ပေးရတဲ့ ငွေကြေးက ကိုကြီးအတွက် အသေးအမွှားလေးပါ ကွာ"

အမေနှင့်အတူနေရ၍ ခရုအတိုင်းအဆမရှိ ပျော်ရွှင်ရသည်။

"သမီးလေး ကံကောင်းတယ်၊ အမေဘယ်လောက်အထိ များ စိတ်ပူရလဲ ... လူယုတ်မာညီညြကြ အမေ့ကိုကောင်းကောင်း ဒုက္ခပေးသွားခဲ့တာလေ၊ ဒါပေမဲ့ ... သမီးရယ် အမေတို့ ကယ်တင် စောင့်ရှောက်ပေးမယ့်သူ ပေါ်ခဲ့တာပဲ"

ဒေါ်မျက်ခြယ်က မိမိအား သမီးခရုကို ထိန်းထားဖို့ အထပ် ထပ်သတိပေးနေခဲ့သည်။

မောင်သုတနဲ့ မပတ်သက်ပါနဲ့တဲ့။

ညည်း သမီးနဲ့မောင်သုတ ပတ်သက်ရင် မောင်သုတ ဘဝကို စုတ်ပြတ်သတ်သွားအောင် လုပ်ပစ်မယ်တဲ့။

ကြောက်စရာကောင်းတဲ့ သားအမိတွေ အတ္တကြီးလွန်း သည်။

"မင်္ဂလာပွဲမှာ ခရုပန်းကြိုရမယ်၊ ကိုကြီးညီမလေးအဖြစ် ပွဲ ထုတ်ရမယ်"

သုတလည်း ခရုကို ညီမလေးတစ်ယောက်အဖြစ် ဖြူစင်စွာ စောင့်ရှောက်ပေးဖို့ ဆုံးဖြတ်ထားသည်။





ဒါမှသာ ကိုကြီးနဲ့ခရု မဝေးကြရမှာပါ။

ပန်းရောင်ခြယ် ကြိုက်ကြိုက် မကြိုက်ကြိုက် သုတ လုပ်ပေး ညည်ဖြစ်၏။

ခရုကိုတော့ ပြစ်မထားနိုင်ပေ။

ပန်းရောင်ခြယ် စိတ်တိုင်းကျ လက်ထပ်ပွဲကျင်းပဖို့ကိုတော့ သုတ လက်ခံလိုက်သည်။

"ခရုက မောင့်ရဲ့ထာဝရ ညီမလေးပဲ ... မင်းလက်ခံရမယ် ခြယ် ... မောင်ဘယ်တော့မှ ခရုလေးဘဝကို မဖျက်ဆီးဘူး"

သူနှင့်ပန်းရောင်ခြယ်တို့ရဲ့ မင်္ဂလာပွဲက ကြီးကျယ်ခမ်းနား စွာပြီးဆုံးသွားခဲ့သည်။

မင်္ဂလာပန်းကြိုပေးတဲ့ ငွေခရုကတော့ ထင်ပေါ်ကျော်ကြား ဆုံး ဖြစ်သွားရသည်။

"မင်္ဂလာပန်းကြိုပေးတဲ့ ငွေခရုက အရမ်းချစ်စရာကောင်း တယ်၊ ချောလိုက်တာ ... "

သုတတို့ ကုမ္ပဏီလုပ်ငန်းရှင် အသိုင်းအဝန်းကပင် ငွေခရု သေးအား စိတ်ဝင်တစား ဖြစ်ရသည်။

"သုတ ... မင်းကိုယောက်ဖတော်ရမယ်၊ ငွေခရုကို မင်းဆီ နေ တောင်းရမယ်"

ခြယ်ကတော့ ခရုနှင့် လက်ထပ်လိုလျှင် ခြယ့်ဆီကနေ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပါတဲ့။

သုတ ဒေါသတွေပေါက်ကွဲချင်ပေမယ့် ခရှေ့ရေးအတွက် အေးချမ်းပျော်ရွှင်မှုတွေ အပြည့်အဝပေးဖို့ပဲ ဆုံးဖြတ်ထားသည်။

သူ့မင်္ဂလာဦးညသည် အေးစက်စက်။

ရင်ထဲမှာ အပျော်တွေ ပျောက်ဆုံးနေရ၏။

ခရုလေးနှင့်ဝေးသွားရတဲ့ ခံစားချက်တွေက သူ့ရင်ကို ဆူးရှနာကျင်စေသည်။

"မောင်"

"ဟင်"

"ခြယ့်ကိုစိတ်မပါဘဲ လက်ထပ်လိုက်ရလို့လားဟင်"

"မောင် တောင်းပန်ပါတယ်ခြယ် ... မောင့်စိတ်တွေရှုပ်ထွေးနေတယ်၊ မောင့်ကို နားလည်ပေးပါ"

ခြယ်ကတော့ ငွေခရုကိုပဲ ဘယ်လိုပထုတ်ရမလဲဆိုတာ စဉ်းစားနေမိသည်။

ဒီကောင်မကြောင့်ပဲ ...

ခရုကို မုန်းသည်။

မောင့် ရှေ့မှာသာ ခြယ် ဟန်ဆောင်သဘောကောင်းချင်ယောင် ဆောင်နေရ၏။

ဒင်းကို ယောက်ျားတစ်ယောက်နဲ့ပေးကိုပေးစားပစ်မယ်။





မင်္ဂလာဦးညမှာပင် မောင်က အူလယ်လယ်။

ခြယ် ခံပြင်းရသည်။

"မောင် ... ဘာဖြစ်လို့ ခြယ်တို့အိမ်ထောင်ရေးကို စိတ်မပါလို ဖြစ်နေရတာလဲ ... ခြယ်က မောင့်ချစ်သူလေ၊ မောင်သတိရနေတာက ငွေခရုကိုမဟုတ်လား"

"မင်း ပါးစပ်ကိုပိတ်ထားစမ်းပါခြယ် ... မောင့်စိတ်တွေကို နိုးဆွပါနဲ့၊ ငွေခရုနဲ့ မစွပ်စွဲစမ်းပါနဲ့ကွာ"

"စွပ်စွဲရမယ် ... မောင်ပုံစံက စိတ်ပျက်စရာကောင်းသောက်အောင် ငေးမှိုင်နေလို့လေ"

"ပန်းရောင်ခြယ်"

"ကျွန်မကို မအော်နဲ့"

သုတ အပြင်ထွက်လာခဲ့သည်။

ခြံကြီးထဲ ဆင်းလာခဲ့၏။

ခြယ်ပြောသလိုပဲ သူ သတိရတာမ်းတမိနေတာက ငွေခရုပဲ။ ချမ်းလှတယ်။ သုတတို့ စီးပွားရေးအသိုင်းအဝန်းက လူတွေ တ်ဝင်တစား ဖြစ်သွားရသည်။

"ကိုကြီးရယ် ... မမခြယ်နဲ့အိမ်ထောင်တစ်ခုကို ဂုဏ်သိက္ခာ တည်ငြိမ်မှုရှိအောင် ကြိုးစားပါနော်၊ ခရု တောင်းပန်ပါတယ်၊ ကြီးရဲ့ ညီမလေးအဖြစ် ခရု ပျော်ပျော်ရွှင်ရွှင်နေထိုင်ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခရုပြောတဲ့စကားသံလေးတွေကို ကြားယောင်မိပြီး သူ့စိတ်တွေကို တည်ငြိမ်အောင် ကြိုးစားရသည်။

ခရုပြောတာ မှန်တာပဲ။

ခြယ်နဲ့က လက်ထပ်ပြီးပြီ။

သူ ယောက်ျားပီသမှုကို ပြသရမည်။

ခြံထဲကနေ ထလာ၍ မင်္ဂလာအိပ်ခန်းကြီးထဲ ဝင်လာသည်။

"အဟင့် ... ဟင့် ... အဟင့် ..."

"ဟင့် ..."

"ခြယ်"

"ဖယ်ပါ ... ခြယ့်အသားကို မထိနဲ့၊ ရှင်ထွက်သွားပါ"

"မောင် တောင်းပန်ပါတယ် ခြယ်ရယ် ... နောက်ဆို ခြယ်ကို စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်တော့ပါဘူး၊ မောင့်ကို ခွင့်လွှတ်ပါကွာ"

သူ ...

ခြယ့်ကို တောင်းပန်မိသည်။

စိတ်ထဲက မပါပေမယ့်လည်း ခြယ့်ခန္ဓာကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်လိုက်သည်။

"ဖယ်ပါ ... မောင် စိတ်မပါဘဲနဲ့"

"လင်မယားဖြစ်သွားပြီပဲ ခြယ်ရယ် ... မောင်က ယောကျ်ား





ပီသသ တာဝန်ယူချင်ပါတယ်"

"မောင်"

"ပြောလေ ခြယ် ..."

"ခြယ့်ကို ချစ်လား"

"အင်း"

"ဘာအင်းလဲ ... ခြယ့်ကို မောင်အရမ်းချစ်မြတ်နိုးရပါတယ်လို့ပြော ..."

"ခြယ်ရယ် ... မောင်တို့က ချစ်သူတွေပါကွာ၊ အဓိပ္ပာယ်မရှိတဲ့ မေးခွန်းတွေကို မမေးနဲ့လေ ..."

ခြယ်ကတော့ မောင့်အချစ်တွေကို သံသယဖြစ်မိသည်။ ခြယ်နှင့်ချစ်သူတွေဖြစ်ကြတာတောင် မောင်က ခြယ့်ကို ချစ်ခွင့်တောင်းခဲ့တာမျိုး မရှိခဲ့။ ခြယ်ကပဲ လိုက်ကပ်ခဲ့ရတာပါ။ ဒီလိုပဲနေရင်း သူငယ်ချင်းတွေက နောက်ပြောင်ရင်း ခြယ်ကပဲ စတင်ပြောဆိုရင်း ချစ်သူတွေဖြစ်ကြရ၏။

ဒီနေ့ထိလည်း မောင့်ဆီက အယုအယ အနမ်းတွေ မရခဲ့။

မင်္ဂလာဦးညမှာပင် မောင်က အေးစက်စက်။

သူမ မောင့်ကို အတင်းပဲ ပွေ့ဖက်လိုက်သည်။

"မောင်ရယ် ... ခြယ် အရမ်းချစ်ခဲ့ရတာပါ၊ ခြယ့်ကိုချစ်တယ်လို့ ပြောစမ်းပါ၊ ခြယ် အရမ်းကြားချင်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



သုတ ဟန်ဆောင်ပြောဖို့ပင် နှုတ်ခမ်းတွေက ခေ့ကပ်နေသည်။

ဝန်လေးနေ၏။

သူ ... ချစ်ခဲ့တာ ခြယ်မဟုတ်။

လက်ထပ်ထားတဲ့ ဇနီးမယားကို မချစ်ဘူးဟုပြောဖို့ကလည်း တာဝန်မဲ့လွန်းနေသည်။

"မောင်ရယ် ... ပြောလေကွယ်"

ခြယ်လက်တွေက သူ့ရင်ဘတ်ကို ပွတ်သပ်နေသည်။ သူ့စိတ်တွေ နိုးထမလာခဲ့။ ရင်တွေပူလောင်နာကျင်စွာ။ ခရုလေးကို တမ်းတနေခဲ့၏။ မဖြစ်သင့်ဘူးဆိုတာ ကိုကြီးသိနေပါတယ် ခရုလေးရယ်

ဒါပေမဲ့လည်း ကိုကြီးသတိရတယ်။

လွမ်းဆွတ်တမ်းတစိတ်တွေကို ဘယ်လိုဖြေဖျောက်ရမလဲ ခရုလေးကို စိတ်ပူနေတယ်။

ခြယ့်ကို ကိုကြီး ဘယ်တုန်းကမှ မချစ်ခဲ့ဘူးထင်တယ် ချစ်သူအဖြစ် ရောက်ခဲ့ကြတာတောင် မရေမရာပါ။ ခြယ်က သူ့ကို တင်းကြပ်စွာဖက်၍ သူ့စိတ်တွေကို ခြယ်နှင့်အတူတူ စီးမျောနိုင်ရန် ကြိုးစားနေရသည်။

ခန်း ( ၁၃ )

ကိုကြီး မင်္ဂလာပွဲပြီးဆုံးသွားသဖြင့် ခရုလည်း အသက်ကို ရှူရဲတော့သည်။

ညှော်ပရိတ်သတ်တွေကြားထဲမှာ ခရုက စတား ဖြစ်ခဲ့ပေမယ့် မပျော်နိုင်။

ရင်ထဲမှာ မွန်းကြပ်ပိတ်လှောင်နေခဲ့၏။

ကိုကြီးမှာ အပြုံးတွေ ကင်းမဲ့နေ၍လည်း ခရု စိတ်ညစ်ရ

"သမီး ခရု"

"အမေ"

"အရမ်းပင်ပန်းနေပြီလား။ မောင်သုတကတော့ မျက်နှာ ကျက်နေတယ် ... အမေတောင် လက်ထပ်ပွဲပျက်မလားလို့ တယ်၊ မောင်သုတအကြည့်တွေက သမီးဆီပဲ ရောက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အခုမှ ခရုလည်း အသက်ကို ဖြောင့်ဖြောင့်ရှူရဲတော့တယ် အမေ"

ကိုကြီးရယ် ...

ခရုကို မေ့ပစ်လိုက်ပါနော်။ ကိုကြီးဘဝအတွက် ခရု အရေးမပါဘူးလေ။ ကိုကြီးအထောက်အပံ့တွေကို ခရု လုံးဝ မေ ချင်ခဲ့တာပါ။

ကိုကြီးကို ခရုလည်း ချစ်မိတယ်။

ပေါင်းစပ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး မဟုတ်လား။

အခန်းလေးထဲမှာ ခရုတစ်ယောက်ထဲ အိပ်နေရင်း မျက် တွေစီးကျလာသည်။

"ကိုကြီးကိုချစ်တယ် ... ခရု ရင်ထဲမှာချစ်နေတယ်၊ ကျေးဇူးရှင် ကိုကြီး ..."

အမေနှင့်ပြန်၍ အေးအေးချမ်းချမ်း ပြည့်ပြည့်စုံစုံ နေထိုင် ရတာ ကိုကြီးကျေးဇူးတွေပါ။

ကိုကြီးနှင့်အဝေးဆုံးမှာ ခရု အရမ်းကြေကွဲနေရပါတယ်

"ခရုလေး ဘဝကို ရပ်တည်နိုင်အောင် ကြိုးစားပါနော် ... ကိုကြီး ကုမ္ပဏီမှာပဲ ခရုလေး အလုပ်ဝင်ရမယ်၊ ခြယ်နဲ့မဆိုင် ကိုကြီးဆန္ဒပဲ ... ကိုကြီးကုမ္ပဏီမှာ ခြယ်ဝင်စွက်ဖက်လို့ မ

ကိုကြီးက ခေါင်းမာစွာပင် ခရုအတွက်ပဲ ဦးစားပေး





သည်။

"ညည်းချစ်သူ ရှာတော့ ငွေခရု ... ယယ်ရွယ်နုပျိုတဲ့ ညည်း ကိုမောင်က နှစ်သက်မှာပဲလေ ... မောင့်ဘဝကို ဖျက်ဆီးပစ်မလို့ လား"

ခရု ဘယ်တော့မှ ကိုကြီးဘဝကို မဖျက်ဆီးပါဘူး။

ကိုကြီးအတွက် ခရု အကောင်းဆုံးတွေပဲ ဖြစ်စေချင်ပါ တယ်။

နောက်နေ့တွင် ခရု သင်တန်းကို ကိုယ်တိုင်ကားမောင်း သွားခဲ့သည်။

ညနေ သင်တန်းဆင်းတော့ မမခြယ်ရောက်လာပြီး ခရုအား ဘောက်ဆိုင်ကြီးတစ်ခုဆီ ခေါ်ဆောင်သွားခဲ့၏။

လူတစ်ယောက်နှင့် မိတ်ဆက်ပေးသည်။

"ခရုလေး ... သူက ခရုကို စိတ်ဝင်စားနေတဲ့ ကိုခြိမ်ရဲ့ ပါလာပွဲမှာ ခရုလေးကိုတွေ့ပြီး အရမ်းစွဲလမ်းသွားတယ်တဲ့"

"ရှင်"

မမခြယ်က ပေါ်တင်ကြီးပဲ။

ခရုမျက်နှာတွေ ထူပူကာ သူ့ကိုပင် မကြည့်ရဲတော့။

ယောကျ်ားပီသစွာ ချောမောသူပါပဲ။

ခရု မနှစ်သက်မိတာက သူ့ရဲ့မျက်ဝန်းအကြည့်တွေပင်။



www.burmeseclassic.com

www.burmeseclassic.com



အလွန်အကျွံ ငမ်းလွန်းသည်ဟု ထင်မိသည်။

"ငွေခရုပါ ကိုခြိမ့်ရဲ့ ... မောင့်ရဲ့ မွေးစားညီမလေးပါ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ခရု ... ကိုယ် မင်္ဂလာပွဲမှာတွေ့တွေ့ချင်းပဲ ချစ်မိသွားတာပါ"

"ရှင်"

"ဟဲ့ ... ခရု၊ နင့်ကို မမခြယ်က အတွဲရှာပေးတာနော်၊ ကို ရဲ့က နင့်ဘဝအတွက် အရာအားလုံး ဖြည့်စွမ်းပေးနိုင်တယ်"

"မမခြယ် ... ဘာတွေပြောနေတာလဲ၊ ခရု ရှက်တယ်၊ မ ဆွေအနေနဲ့ပဲ ခရု ခင်မင်ချင်ပါတယ်"

မမခြယ်ကို ကြောက်တယ်။

ခရုဘဝကို အဆိုးဝါးဆုံး ဖျက်စီးပစ်မှာပါ။

ကိုကြီးက ချစ်သူတွေ့ရင်တောင် သူ့ကိုအရင်ဆုံးပြရမ တဲ့။ ကိုကြီး ရွေးချယ်ပေးမယ်တဲ့။

ကိုခြိမ့်ရဲ့က ဘယ်လိုယောကျ်ားမျိုးလဲ။

အိမ်ထောင်ရှိနေလား။

မမခြယ်က အတင်းကြီးနိုးစပ်ပေးနေ၍ ခရု ပြန်ချင် သည်။

"မမခြယ် ... ခရု ပြန်မယ်နော်၊ အမေတစ်ယောက်ထဲ သိပ်မကောင်းဘူး။ ခွင့်ပြုပါဦး ..."





"ခရု"

"ရှင် ..."

"ကိုခြိမ့်ရဲ့ကို ခရုအိမ် အလည်လာဖို့ ခွင့်ပြုပါ"

"ဟုတ် ... ဟုတ်ကဲ့"

"ဟဲ့ ... ခရု၊ နင့်အတွက် အကောင်းဆုံးကို မမခြယ် ရွေးပေး တာနော်၊ စိတ်ကူးမလွဲနဲ့ ... နင့်ကို ကိုခြိမ့်ရဲ့က အရမ်းချစ်နေတယ်"

"မမခြယ်"

"ကိုခြိမ့်ရဲ့အတွက် မမခြယ်ကပြောပေးတာလေ၊ ဟုတ်တယ် ဟုတ်လားကိုခြိမ့်ရဲ့ ..."

"သိပ်ဟုတ်တာပေါ့ ခရု ... မင်းလေးကို စတွေ့တွေ့ချင်းပဲ ကိုခြိမ့်ရဲ့ ချစ်မိသွားတယ်၊ ဒါကြောင့် ... ခြယ့်ဆီမှာ အကူအညီတောင်း တာပါ"

အမလေး ...

ပေါ်တင်ကြီးပဲ။

ဘယ်လိုမှန်းမသိ။

ကိုခြိမ့်ရဲ့ အရှက်မရှိသလိုပင်။

ခရုအား ရဲရဲတင်းတင်း ကြည့်သည်။

"ခရု ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ခရ ... "

"ဘာဖြစ်လို့လဲဟင် မမခြယ်"

"ညစာ စားကြမယ်လေ ... ညွှံ့သည်ကို အားနာစရာ ကောင်းတယ်၊ နှစ်ယောက်ထဲ စားကြပါ"

"မမခြယ်"

"ခရ ... ညည်းအဖြစ်သည်းမနေနဲ့၊ မမခြယ် စီစဉ်ပေးထား လက်ခံပါ"

မမခြယ်က ခရတို့ကို ထားခဲ့ပြီး ထွက်သွားသည်။

ခရ ပြန်တော့မလို့ဟာ။

မမခြယ်ရဲ့မျက်လုံးထဲက အဓိပ္ပာယ်ကို ခရသိနေ၏။

ရက်စက်လိုက်တာ ...

ကိုကြီးနှင့်ခရ ပတ်သက်မှုလည်း မရှိပါဘဲနှင့် ယောကျ်ား တစ်ယောက်အား ခရအတွက် ရှာဖွေရွေးချယ်ပေးခဲ့တာ မတော လုပ်လွန်းသည်။

"ကျွန်မ ပြန်တော့မယ်"

"ခရလေး ... "

"ညစာ မစားတော့ပါဘူး ကိုခြံရံ ... အားတော့နာပါတယ် ခရကို ခွင့်ပြုပါဦး"

"ကိုယ် လိုက်ပို့ပေးမယ်"





"ခရမှာ ကားပါပါတယ်"

"မင်းကို သုတတ စပွန်ဆာပေးထားတာ၊ အပြည့်အစုံပါပဲ သား၊ ခြယ်စိတ်ပူနေတယ် ... မင်းဘက်က ပြတ်ပြတ်သားသား လုပ်ပြသင့်တယ်နော် ခရ"

ငွေခရလေးက သေသေချာချာကြည့်လေ ချစ်စရာကောင်း လေပဲ။

ခြံရံ ချစ်မိနေသည်။

ခြယ်က ငွေခရကို ထိန်းပေးထားပါတဲ့။

မျက်နှာလေးတင်းနေတဲ့ ခရ။

ထသွားဖို့ပြင်လိုက်တော့ သူက လက်လေးကို ဆုပ်ကိုင်ထား လိုက်သည်။

"ရှင် ဘာလုပ်တာလဲ"

"ပြန်ထိုင်ပါ ခရ ... ညွှံ့သည်ကို ဒီလိုမထားခဲ့နဲ့လေ"

"ကိုခြံရံက မမခြယ်ရဲ့ ညွှံ့သည်ပါ"

"မင်းညွှံ့သည်ပါ"

"ရှင်"

"ပြန်ထိုင်ပါ"

မမခြယ်က ခရဆီ ဖုန်းဆက်ပြီး ကိုခြံရံကို ရွေးချယ်တဲ့။

မောင့်အတွက် နင် ဒီလောက်တော့ လုပ်ပေးပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မမခြယ် အရမ်းရက်စက်တာပဲ။

ခရုကို ဘာထင်နေလဲဟင်။

ကိုကြီးက ထာဝရ ခရု အစ်ကိုပါ။

"ညစာ စားကြမယ်၊ ခရုလေး ဘာကြိုက်လဲ မှာလေ ..."

"ကျွန်မ ပြန်မယ်"

"ခရု ..."

"ရှင်"

"မင်းကို ချစ်တယ်"

"ရှင်"

"ညစာ စားကြရအောင် ... မင်း ဘာကြိုက်လဲ"

"ဟင့်အင်း"

"မြတ်သုတကြောင့်လား"

"ခရု အစ်ကိုကြီးပါ"

"ဟား ... ဟား ... ဟင်း ... ဟင်း ..."

"ဘာရယ်တာလဲရှင့်"

"ကိုယ် စားစရာတွေမှာမယ် ... မင်းပြန်ရမှာပါ၊ ကိုယ် မင်းကို ချစ်တယ် ... အခုချိန်ကစပြီး ကိုယ်က မင်းချစ်သူဖြစ်သွားပြီ"

"ဘာရှင့်"

သူမ အထိတ်တလန့်နှင့် ကိုခြိမ့်ဆိုတဲ့လူက ပိုင်စိုးပိုင်နင်း





ပြောဆိုနေသည်ကို ငြင်းဆန်ဖို့ အင်အားတွေကင်းမဲ့နေ၏။

မမခြယ်က ခရုမှာ ချစ်သူရှိသွားရင် မောင့်သံယောဇဉ်တွေက ပြတ်တောက်သွားလိမ့်မယ်တဲ့။

"မြတ်သုတ ဘဝတွေ ပျက်စီးမသွားစေချင်ဘူး မဟုတ်လား ခရု"

"ကျွန်မ ... ကျွန်မ ..."

"ဟား ... ဟား ... ဟား ..."

ခြိမ့်ကတော့ ခရုနှင့်မျက်နှာချင်းဆိုင်ရတာပင် ပျော်စရာကောင်းနေသည်။

ချစ်စရာကောင်းတဲ့ ကောင်မလေးက မျက်ဝန်းလေးအလယ်ကလယ်နှင့် သူ့ကို ကြောက်လန့်နေပုံလေးကိုပင် ခြိမ့် နှစ်သက်မိသည်။

"ကိုယ်က လူဆိုးပါ ... မင်းဘာဖြစ်လို့ ထိတ်လန့်နေရတာလဲ၊ ကိုယ်က သူဌေးသားလေ"

"ကျွန်မကို အဲဒီလောက်အထိ အထင်မသေးပါနဲ့ ကိုခြိမ့်၊ ရှင်ထင်ထားသလောက် ကျွန်မက အပေါစားမိန်းကလေးမဟုတ်ပါဘူး၊ ကျွန်မ ပြန်မယ်"

သူမ ထပြန်လာခဲ့သည်။



www.burmeseclassic.com

ကိုကြီးရယ် ...

ခရု အစော်ကားခံ လိုက်ရပြီလားဟင်။

မမခြယ်က ခရုကို ဟင်းရွက်ကန်စွန်းရွက် ရောင်းသလို ရောင်းပစ်ချင်နေတယ်။ ခရုအတွက် ချစ်သူတစ်ယောက် အရေး တကြီး လိုအပ်နေပြီလား။

ကားမောင်းရင်း ခရု ခန္ဓာကိုယ်လေးပင် တဆတ်ဆတ် တုန်ရီချင်နေသည်။

"သမီးလေး ခရု ... ဘာဖြစ်လာတာလဲ၊ ဘယ်သူနဲ့တွေ့လာ လို့လဲ ... ခရုလေး တုန်နေတယ်"

"အမေ"

"ခရုလေး"

ခရုကို တံခါးဖွင့်ပေးတဲ့အမေပင် ခရုကို စိတ်ပူသွားရသည်။ တံခါးဝမှာ ခရု အသိကင်းမဲ့နေသလို ရပ်နေ၏။

ခရုလက်ကို အမေ ဆုပ်ကိုင်ပြီး အခန်းထဲခေါ်လာသည်။

"ခရုလေး ... သမီးဘာတွေဖြစ်လာတာလဲ၊ ပထွေးညီမ[illegible] တွေ့ခဲ့လို့လား"

"ဟင့်အင်း"

"အမေ့ကို ပြောစမ်းပါ၊ ခရုလေး ... ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ပါဘူး အမေ ... ခရုကို ဘာမှမမေးပါနဲ့ဦး"





"အင်း ... အင်း ... ခရုလေးနားလိုက်၊ စောစောက မောင် ခြတ်သုတ လာတယ် ... ခရု ဘာဖြစ်လို့ကြာနေရတာလဲတဲ့"

"ရှင်"

"သမီးလေးက ပန်းရောင်ခြယ်နဲ့ရှိနေတာ မဟုတ်လား၊ သမီးကို ဘာပြောလဲ"

"ခရု နားတော့မယ် အမေ"

"ခရုလေး ... ကံဆိုးမလေး၊ ပျော်ရွှင်မှုတွေကို ဘာဖြစ်လို့ များ လွတ်လွတ်လပ်လပ် မခံစားနိုင်ရတာလဲကွယ်"

အမေ့ကို ဘာမှပြောပြမနေတော့ချင်ပေ။

ကိုကြီးနှင့်ဝေးသွားစေရန် မမခြယ် လုပ်ရပ်တွေက ရက်စက် လွန်းနေသည်။

ခရု အိပ်ခန်းလေးထဲမှာ တစ်ယောက်ထဲ ငုတ်တုတ်လေး ထိုင်ရင်း ခရု ကြောင်တောင်တောင်လေး ဖြစ်နေသည်။

မမခြယ်က ခရုဆီ ဖုန်းဆက်၍ ဆူနေ၏။

ခရုမျက်ဝန်းလေးတွေထဲမှ မျက်ရည်တွေ လိမ့်ဆင်းကျလာ သည်။

"ငွေခရု ... နင်ဘာအချိုး ချိုးတာလဲ၊ ကိုခြိမ်ရဲ့ကို ဘယ် [illegible]ဘက်အားနာဖို့ကောင်းလဲဟဲ့ ... နင်က ငြင်းတယ်ဆို ... "

"မမခြယ် ... ခရုကို ... ခရုကိုလေ ယုံကြည်ပေးပါနော်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးနဲ့ မရိုးမသားတွေ ဘယ်တော့မှ မပတ်သက်ပါဘူးနော်၊ ယုံပေးပါ ... ”

“မယုံဘူး ... နင် ဘာဖြစ်လို့ ကိုခြိမ့်ရဲ့ကို ငြင်းရတာလဲ၊ နင် မရိုးသားဘူး ငွေခရု”

“မမခြယ်”

“ဟဲ့ ... နင် ဘာမှအပိုစကားတွေ ပြောမနေနဲ့၊ နင်က ဘယ်ဘဝကနေလာလည်းဆိုတာ မမေ့နဲ့နော် ... ကိုခြိမ့်ရဲ့က နင့်အတွက် နိမ့်ကျတဲ့ယောက်ျားလား”

“ကျွန်မ တောင်းပန်ပါတယ် ကိုခြိမ့်ရဲ့ကို ကျွန်မ လက်မခံနိုင်ပါဘူး”

“နင်က ငါ့ယောက်ျားကိုပဲ ပတ်သက်ဆက်ဆံချင်နေတာလား ... ငွေခရု ... ”

“မဟုတ်ပါဘူး မမခြယ် ... ကျေနပ်တဲ့အထိ ခရုနေပြပါ့မယ်နော် ... ကိုခြိမ့်ရဲ့ချစ်သူအဖြစ်တော့ ခရု မနေပေးပါရစေနဲ့”

“မရဘူး ... နင် ကိုခြိမ့်ရဲ့ကို လက်ခံရမယ်၊ နင့်ကိုထောက်ပံ့ပေးမယ့်လူလေ ... ဘာလဲ ... ငါ့ယောက်ျားဆီကပဲ နင်ကလိုအပ်နေတာလား၊ ဒီညနေ နင့်အခန်းကို မောင်လာတယ်၊ ငါသိတယ် နင် ဘယ်လိုရှင်းမလဲ”

မမခြယ်ကို ခရု ဘယ်လိုမှ ယုံကြည်စေရန် သက်သေ





အထောက်အထားပြစရာ မရှိပေ။

ကိုကြီးက ညီမလေးတစ်ယောက်လို ခရုကို စောင့်ရှောက်သနေတာပါဟု ယုံကြည်အောင် ခရု မပြောတတ်တော့ပေ။

ကိုခြိမ့်ရဲ့ကို ချစ်သူအဖြစ် ရွေးချယ်ဖို့ပဲ မမခြယ်က အတင်းအကြပ်ပြောနေသည်။

နင် ရိုးသားရင်ပေါ့တဲ့ ...

ခရု ဘာဆက်လုပ်ရတော့မလဲ ကိုကြီးရယ်။

မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

မမခြယ်က ကိုကြီးကို ပိုင်ဆိုင်ခွင့်ရနေခဲ့ပြီပဲ။

ကိုခြိမ့်ရဲ့က ချမ်းသာသူ ဖြစ်ပေမယ့် ခရုကို တရားဝင်လက်ထပ်ယူဖို့ မဖြစ်နိုင်ကြောင်း ခရု သိနေခဲ့၏။ အပျော်ပဲ ကြိမ်မှာ

သူက ခရုကို ချစ်ချင်ချစ်နေနိုင်ပေမယ့် ပွဲတက်မယားအဖြစ်ဆိုတော့မှ တရားဝင်အတိအလင်းတော့ လက်ထပ်မယ့်သူတစ်ယောက် မဖြစ်နိုင်ပါဘူး။

တစ်ညလုံး ငိုပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"မောင့်ကို ခြယ်ပြောရဦးမယ်၊ အခုလေ ... ခရုမှာ ချ
ရှိသွားပြီ"

"ဘာပြောတယ် ခြယ် ... "

"ကိုခြိမ်ရုံလေ ... "

"ခရုနဲ့ ဘယ်တုန်းကတွေ့ပြီး ချစ်သူတွေဖြစ်သွားရတာ"

"မနေ့ကလေ ... ခြိမ်ရုံကလည်း ချစ်တယ်၊ ခရုလေး
လက်ခံတယ်၊ ဘယ်လိုလဲ မောင် ... မဆိုးဘူး မဟုတ်လား"

ခြိမ်ရုံ ...

ဒီကောင်က ခရုလိုမိန်းကလေးတစ်ယောက်ကို တ
လက်ထပ်ယူမည့်ကောင် မဟုတ်ပေ။

ခြိမ်ရုံ မိဘတွေကလည်းကြီး ကျယ်ခမ်းနားလွန်းသူ
ခြိမ်ရုံက ခရုဘဝကို ဖျက်ဆီးဖို့ပဲ။

**ဖိုးလပြည့်တပေ**



"မင်း ... မင်းဆက်သွယ်ပေးတာလား ခြယ်"

"ဟုတ်တယ်လေ ... ခြိမ်ရုံက တောင်းဆိုလို့ပါ"

"ခြယ် ... မင်း ... မင်း ငါ့ကို မယုံလို့ မင်းလုပ်တာလား၊
မှာ ဘာအပြစ်ရှိလို့လဲ၊ ငါ့ကို အစ်ကိုတစ်ယောက်လိုပဲ ဆက်ဆံ
တာလေ"

"ခရုက ရွေးချယ်တာလေ၊ မောင်နဲ့ဘယ်လိုဆက်ဆံရေးပဲ
ပါစေ ... ခရုချစ်သူ မထားရတော့ဘူးလား"

"ခြယ် ... မင်းဘာလုပ်တာလဲ၊ ခြိမ်ရုံက ဘယ်လိုယောက်ျား
သဲ မင်းသိတယ်နော်"

"ခြိမ်ရုံက လူလွတ်ပါ၊ ခရု ဘာနာစရာရှိလို့လဲမောင်"

ခြယ် တမင်လုပ်တာ။

ခရုကို ခြိမ်ရုံနဲ့တော့ မပတ်သက်စေလိုပေ။

ဒီကောင် ချမ်းသာတာက ချမ်းသာတာပဲ။ ကိုယ်ကျင့်တရား
ကောင်း။ ရှုပ်ပွေသူ။

ခရု ... ဖြူစင်လွန်းတဲ့ကောင်မလေးပါ။

ခြယ့် လုပ်ရပ်အား သုတလက်မခံနိုင်ပေ။

ခရုကိုယ်တိုင် ရွေးချယ်တာဆိုရင်တောင် သူ တားဆီးရမည်
ည်။

"ခရု ရွေးချယ်တာပါ၊ ခြိမ်ရုံကို ခရုက ချစ်တယ်"

**ဖိုးလပြည့်တပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"မောင် ဘာဖြစ်နေတာလဲ ... ဒါက မောင်ဒေါသတကြီး ပေါက်ကွဲစရာလား"

"ခြယ် ... ငါတောင်းပန်ပါတယ်၊ ခရုကို ခြိမ့်ရုံနဲ့တော့ အခြေ မခံနိုင်ဘူး၊ ငါ တားဆီးရလိမ့်မယ်"

"မောင် ... ရူးနေလား၊ တားဆီးရအောင် ခရုက မောင့် ဘာဆိုင်လဲ၊ ခရုမှာ ချစ်သူရှိသွားတာ ခြယ်ကတော့ သဘောကျ တယ်"

သုတ ရင်ထဲမှာ စူးရှနာကျင်ရလွန်းနေသည်။

ခရု ... မင်း ဘာကြောင့် ချစ်သူထားချင်ရတာလဲ။

ကိုကြီးကို အသိပေးရမယ်လို့ ပြောထားတယ်လေ။

ကိုကြီး မယုံနိုင်ဘူး။

ခြယ့်ကြောင့် မင်းချစ်သူ ထားပစ်လိုက်တာလား။

သုတ မခံစားနိုင်တော့။

ဒေါသတွေ ပေါက်ကွဲရသည်။

"မောင် ဝင်မပါနဲ့နော် ... ခြယ့်အကြောင်းသိတယ် မဟုတ် လား။ ခရုပါ စုတ်ပြတ်သပ်သွားမှာနော်"

ပန်းရောင်ခြယ် ...

မင်းတော်တော် ရက်စက်ယုတ်မာတာပဲ။





မိန်းကလေးချင်း ကိုယ်ချင်းမစာမနာ လုပ်ရက်သည်။

ခြိမ့်ရဲ့ အကြောင်း ခြယ်အသိဆုံးပင်။

ဒီကောင်က ငွေကြေးကို အသုံးချပြီး မိန်းကလေးတွေကို ခြေတော်တင်ဖျက်ဆီးပစ်နေတာပါ။

ခရုလေး ကိုကြီးကို အသိမပေးဘဲ ချစ်သူရွေးချယ်တော့မှာ လား။

"မောင် မသိချင်ယောင်ဆောင်နေပါ ... ခရုက ရွေးချယ် တာပဲလေ ... ခြိမ့်က ရှုပ်ပွေပေမယ့် ခရုကိုတော့ ချစ်မြတ်နိုးတယ်"

"ငါ ခရုကိုမေးရမယ် ... ခြိမ့်ကို ချစ်သူအဖြစ်ရွေးချယ်တာ ဆန္ဒလားလို့"

"မေးလေ ... ခြယ်က အကောင်းဆုံးလုပ်ပေးတာပါ၊ ခြိမ့် သာ လက်ထပ်ခွင့်ရရင် ခရုဘဝ ပြောင်းလွဲသွားမှာ၊ မောင် သိ ယ်နော် ... ခြိမ့်က အရမ်းခိုင်တယ်"

ခြယ်နှင့်အတိုက်အခံ ပြောမနေချင်တော့ပေ။

သူ့အနားမှာထားဖို့ ရည်ရွယ်ချက်တွေက ပျက်ပျယ်ရတော့ ဖြစ်သည်။

ခြိမ့်က ပြည့်စုံတာမှန်ပေမယ့် ကိုယ်ကျင့်တရား ပျက်ပြားသူ

"မောင် ဘာဖြစ်နေတာလဲ ... မောင်တစ်ယောက်ပဲ ခရုကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ပေးနိုင်တယ်လို့ သတ်မှတ်ထားတာလား"

သူအပြင်သို့ ထွက်လာခဲ့သည်။

ခြယ်နှင့်သူ့အိမ်ထောင်ရေးက လုံးဝ အဆင်မပြေကြပေ။

ခြယ်က သူ့စီးပွားရေးလုပ်ငန်းတွေကအစ လက်ဝါးကြီးအုပ်ထားသည်။

သူက လက်မခံတော့ စကားများ ရန်ဖြစ်ရ၏။

ခြယ့်ရဲ့ မနာလိုဝန်တိုတတ်တဲ့ အကျင့်စရိုက်တွေကိုလည်း သူတ မကြိုက်။

ခရုဆီ ရောက်လာသည်။

ခရုအမေက ဈေးသွားနေ၍ ခရုတစ်ယောက်ထဲ ရှိနေ

သူဝင်လာတော့ ခရုမျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်နေ ထိတ်လန့်နေသည်။

"ခရု"

"ရှင် ... ကိုကြီး"

"ခရုမှာ ချစ်သူရှိနေပြီဆို"

"ရှင်"

မမခြယ် ပြောလိုက်ပြီထင်တယ်။

ခရု ဘယ်လိုလုပ်ရမလဲ။

ချစ်သူရှိပြီလို့ပဲ ပြောရတော့မည်ဖြစ်သည်။





"နင် ... မောင့်အပေါ် ရိုးသားတယ်ဆိုရင် ချစ်သူရှာပါ။ မောင် လုံးဝစိတ်ကုန်သွားအောင် နင်လုပ်ပြရလိမ့်မယ် ခရု"

မမခြယ် ပြောတဲ့စကားတွေကို ခရု လက်ခံရုံကလွဲပြီး တခြား မရှိတော့။

ကိုကြီးအကြည့်တွေက စူးရှမာထန်နေသည်။

"ခရု"

"ရှင်"

"ကိုကြီးမေးနေတာကို ဖြေလေ"

"ဟုတ် ... ဟုတ်ကဲ့ ... ခရုမှာ ချစ်သူရှိနေပါပြီ"

"ခြိရုံလား"

"ဟုတ်ကဲ့"

"တောက်"

သူ ဒေါသတွေထွက်ပြီး ခရုပခုံးနှစ်ဖက်အား ဒေါသတကြီး ချုပ်ကိုင်ခါယမ်းပြစ်မိသည်။

"ခြိရုံ ဟုတ်လား ... ဒီကောင်က ဘယ်လိုကောင်မျိုးလဲဆို နင်သိလား ခရု ... နင်နဲ့သိတာ ဘယ်လောက်ကြာသေးလို့ ပြောစမ်း ခရု ... ပန်းရောင်ခြယ်ကြောင့်လား"

"ခရုဆန္ဒပါ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်ပါ ကိုကြီးရယ် ... ခရုကို ဒီလိုဆက်ဆံဖို့ မသင့်တော် ပါဘူး၊ ကိုကြီး ထောက်ပံ့ပေးကမ်းထားရတယ်ဆိုပြီး အနိုင်မကျ ပါနဲ့"

"ငွေခရု ... နင် ... နင် ဘာစကားပြောတာလဲ၊ ခြံရှင်ဆို ကောင်က နင့်ကို တရားဝင်လက်ထပ်ယူမယ်လို့ ထင်နေလား"

ဟင့်အင်း ...

ခရုမထင်ပါဘူး ကိုကြီးရယ် ...

ဒါပေမဲ့ ... ခရု ဘယ်လိုလုပ်ရမှာလဲ။

မမခြယ်ကို ခရုကြောက်တယ်။

ပြီးတော့လေ ... ကိုကြီး ဂုဏ်သိက္ခာတွေ မြောင်းထဲ ရောက်သွားမှာ ခရု အစိုးရိမ်ဆုံးပါပဲ။

ကိုကြီးနဲ့ခရုတို့ ဆက်ဆံရေး ဖြူစင်ပါတယ်လို့ သက်သေ ရမှာပါ။

"မင်း ... ခြံရှင့်ကို ဘယ်လောက်သိလို့လဲခရု၊ ငါ့ကြောင့်လား ကွာ ... ငါ့ရန်ကို ကာကွယ်နေတာလား"

"လွှတ်ပါ ကိုကြီး ... နောက်ဆို ခရုကို မစောင့်ရှောက်ပါနဲ့ တော့နော် ... ကိုကြီးလည်း မလာပါနဲ့တော့ ခရုမှာ ချစ်သူရှိနေပါပြီ ကိုခြံရှင်ကို ခရု ချစ်တယ်"

သူ့လက်တွေက ခရုကိုယ်လေးကို ဆွဲကိုင်လှုပ်ကိုင်ထားရင်း





ရင်ခွင်ထဲ ပွေ့ဖက်ထားမိသည်။

"ကိုကြီး ဘာလုပ်တာလဲ ... အဲဒီလို မလုပ်ပါနဲ့၊ လွှတ်ပါ အမေ လာတော့မယ် ... မမခြယ်လည်း ရောက်လာနိုင်ပါတယ်"

"ခရု ... မင်းချစ်သူထားစရာ မလိုပါဘူးကွာ ... ခြံရှင်က လူရှုပ်လူပွေ၊ မင်း ဒုက္ခရောက်လိမ့်မယ် ... ကိုကြီးစကားကို နားထောင်ပါ ခရုရယ် ... နော် ... "

ခရု ခန္ဓာကိုယ်လေးအား ကိုကြီးက အတင်းအကြပ် ဖက်ထားသည်။

ချစ်သူတွေ ဘာတွေ မထားဖို့လည်း အတင်းအကြပ် တားဆီးနေ၏။

သူမ နာကျင်ရသည်။

"ခရုလေး ပညာစုံအောင် သင်ပါ၊ ကိုကြီး ကုမ္ပဏီတစ်ခု ထောင်ပေးမယ် ... ခရုဘဝအတွက်) လက်တွဲဖော်ရှာတာ၊ ကိုကြီး လက်ခံပေမယ့် ခြံရှင်တော့ မဖြစ်သင့်ဘူး"

ကိုကြီးရင်ခွင်ထဲကနေ ခရု ရုန်းထွက်ပစ်လိုက်မိသည်။

ခရု လည်း နာကျင်ရပါတယ် ကိုကြီးရယ်။

ဒါပေမဲ့ ...

ခရု ဘယ်လိုလုပ်ရမလဲဟင်။

"ခရုလေး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကိုကြီးစကားကို နားထောင်ပါကွာ၊ ခြိမ့်ရုံနဲ့တော့ မဖြစ်ဘူး နော်၊ ဒီကောင့်အကျင့်စရိုက်ကို သိနေတယ် … ခရုလေးဘဝ ရေတိမ်မှာ အနစ်မခံနိုင်လို့ပါကွာ"

သုတစိတ်တွေကို ထိန်းချုပ်ရင်း ခရုလေးအား ဖွဖွလေး နမ်း ရှိုက်မိသည်။

ခြယ့်ကြောင့် ခရုလေး ခြိမ့်ကို လက်ခံနေရတယ်ဆိုတာ သူသိနေသည်။

သနားစရာ ခရုလေး။

မျက်ရည်တွေ လိမ်းကျံနေရှာတဲ့ မျက်နှာပြင်ချောချောလေး အား စေ့စေ့ကြည့်မိသည်။

"ကိုကြီး"

"ခရုလေး"

"ခရုမှာ ချစ်သူရှိနေပါပြီ၊ ကိုကြီးသဘောမတူလည်း ကိုခြိမ့် ကို ခရု ချစ်မိတာပါ … မခြယ်ကြောင့်လည်း မဟုတ်ပါဘူး၊ ခရု ဘဝကို ဘယ်လိုအခြေအနေမျိုးပဲ ဖြစ်နေပါစေ၊ ခရု ကိုယ့်အစွမ်းအစ တွေနဲ့ ရင်ဆိုင်ဖြတ်သန်းပါရစေတော့"

ခရု အတင်းအကြပ်ပဲ ကိုကြီးရင်ခွင်ထဲကနေ ရုန်းထွက် သည်။





မဖြစ်နိုင်တော့ပါဘူး …

ထိခိုက်နစ်နာရမည့်သူက ကိုကြီးပဲ ဖြစ်သွားနိုင်သည်။

"ခရု ရင်ထဲမှာ ကိုခြိမ့်ကို ချစ်နေတာ အမှန်ပါ ကိုကြီးရယ်၊ လက်ခံပေးပါနော် … ခရု အညှာမလွယ်ပါဘူး၊ လူ့စိတ်ဆိုတာ ပြောင်းလဲတတ်ပါတယ်၊ ခရုကပဲလေ … ကိုခြိမ့်က သူလုံးဝ မရှုပ် ထွေးပါဘူးလို့ ကတိပေးထားပါတယ်"

သူ …

ခရုအခန်းကနေ ထွက်လာခဲ့သည်။

ခြိမ့် ရုံးခန်းသို့ သူရောက်သွားတော့ ခြိမ့်က သူ့ကိုမထေ့ ဘာထေ့ အပြုံးတွေနှင့် ဆီးကြိုနေခဲ့၏။

မင်းအဖြစ်သည်းမနေစမ်းပါနဲ့ သုတရာဟု ပြောသည်။

"ခြိမ့် … မင်း ခရုကို အပျော်ကြံမယ်ဆိုရင်တော့ ကိုယ် လုံးဝ သည်းမခံဘူးနော်"

"သုတ မင်းကရော ဘာဖြစ်နေတာလဲ၊ ကိုယ်က ခရုကို အတိထပ်ယူဖို့ကတော့ မဖြစ်နိုင်သေးလို့ မင်းကို ကတိမပေးနိုင် သေးဘူးကွာ"

"မင်း … ဘာပြောတာလဲ"

"ကိုယ့်မာမီက မင်းသိပါတယ် သုတ … "

"ခရုကို မင်းဖျက်ဆီးရဲ့ ဖျက်ဆီးကြည့် … ခြိမ့် မင်းကို ငါ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ ခွင့်မလွှတ်ဘူး"

ခြိုရ် ရယ်ရင်း ... ပခုံးကို ဆတ်ခနဲ တွန့်ပစ်မိသည်။

သုတ မင်းက ကောက်ရိုးပုံကို စောင့်တဲ့ခွေးပဲ။ စားလို့ လည်းမရဘူး။ အနားကပ်လာတဲ့လူတွေကိုလည်း ဟောင်နေတယ်

ခရုက ကိုယ့်ကိုလက်မခံပါဘူး။ မင်းကိုတော့ ကိုခြိုရ်နဲ့ ချစ်သူတွေ ဖြစ်သွားကြပါပြီလို့ ပြောလိုက်တာ မဟုတ်လား သုတ

"မင်း ... မင်း ... ခရုကို လက်မထပ်ဘဲနဲ့တော့ လုံးဝ ... ကားဖို့ မကြိုးစားနဲ့နော် ... ခရုလေးက ဖြူစင်တယ်ကွ၊ မင်းရှုပ် ... ရမယ့် မိန်းကလေး မဟုတ်ဘူး"

"ကိုယ် အလုပ်တွေများနေတယ် သုတ ... မင်းပြော ... တာက ဘာလဲ ... ခရုကို လက်ဖျားနဲ့တောင် မတို့ဖို့လား ... လောလောဆယ်မှာ ကိုယ်က ခရုကို ပိုင်တယ်လေ"

"ခြိုရ်"

"မင်းလုပ်ရမှာက ခြယ်နဲ့ပျော်ရွှင်စရာ မိသားစုဘဝ ... တည်ဆောက်ဖို့ပဲလေ သုတ ..."

သုတ ဒေါသတကြီးနှင့် ခြိုရ်အား ဆူပူကြိမ်းမောင်းပြီး ... သွားသည်။

ခြိုရ်ရယ်နေခဲ့ပေမယ့် ခရုက သူ့ကိုချစ်သူအဖြစ် လက် ... သေးတာ သူအသိဆုံးပင်။





ခရု ချစ်စရာကောင်မလေး။ ခြိုရ် ရင်ထဲ လှုပ်ခတ်စေသည်။

ခရုကို သတိရလာသဖြင့် သူဖုန်းဆက်လိုက်၏။

ခရုအသံလေးက တင်းတင်းပြတ်ပြတ်လေး။

"ကိုခြိုရ်ကို ခရုလက်မခံနိုင်သေးပါဘူး၊ မမခြယ်ဆန္ဒကြောင့် ကိုကြီးကိုပြောလိုက်တာပါ၊ ကိုခြိုရ်နဲ့တွေ့ဖို့ ခရုမှာအကြောင်းမရှိ သေးဘူး ထင်ပါတယ်"

"ခရု ... မင်းက ကိုယ့်ချစ်သူပဲ၊ သုတက ကိုယ့်ကိုလာပြီး ကြိမ်းမောင်းသွားတယ်လေ ... မင်းကိုလက်ထပ်ရမယ်တဲ့"

"ကျွန်မကတော့ ကိုခြိုရ်နဲ့ ဘယ်တော့မှ လက်ထပ်မှာ မဟုတ်လို့ ပတ်သက်စရာလည်း မရှိဘူးထင်ပါတယ်နော်"

"သုတကို မင်းပြောလိုက်တာက ကိုယ်နဲ့ချစ်သူတွေဆို၊ သုတက ပြောတယ် ... ခရုက ဖြူစင်တယ်တဲ့၊ မင်းက ခရုရဲ့အချစ် ဦးပဲတဲ့၊ မင်းကို ချစ်နေတဲ့ မိန်းကလေးဖြစ်လို့ တရားဝင်လက်ထပ် ယူဖို့ပဲ စဉ်းစားထားတဲ့"

"တော်ပါတော့ ကိုခြိုရ် ... ခရုက ရှင်ထင်ထားသလို စိတ် ဆတ်အောက်တန်းမကျပါဘူး ... ရှင့်ဆီက ဘာမှလည်းရယူလိုတာ တွေ မရှိပါဘူး"

"ခရု"

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းချစ်နေတာက သုတမဟုတ်လား"

"ရှင် ... ရှင် ... ဘာတွေလာပြောနေတာလဲ ... ကိုကြီး... ကျွန်မအစ်ကိုပါ။ ကျွန်မချစ်သူထားဖို့လည်း မစဉ်းစားဘူး ... ဒါပဲ"

ခရု ဖုန်းကိုပိတ်ပစ်လိုက်သည်။

ကိုကြီး ဘာတွေလုပ်နေတာလဲ။

ကိုခြိမ်းရဲ့ဆီသွားပြီး ခရုကို တရားဝင်လက်ထပ်ဖို့ တောင်း... နေသည်။

ခရု ရင်တွေနာကျင်ရ၏။

ကိုကြီး အရမ်းခံစားနေရပြီလား။

ကိုခြိမ်းရဲ့ပြောသလိုပဲ။

ခရု ချစ်မိတာက ကိုကြီးပါ။

သူမ ငိုမိသည်။

"သမီးလေး ခရု ... အားရအောင် ငိုပစ်လိုက်ပါကွယ်။ ... ဆိုးမလေးဘဝ မျက်ရည်တွေ ခမ်းခြောက်ပါတော့မလား။ အ... ဘာလုပ်ပေးရမလဲ ... ခရုလေးငိုနေတာကို အမေမကြည့်ရက် ... ရက်တော့ဘူးကွယ်"

အမေက သူမခန္ဓာကိုယ်လေးအား ပွေ့ဖက်နှစ်သိမ့်... ချော့နေသည်။

အမေရှိနေသေးလို့သာပေါ့။

ဖိုးလပြည့်စာပေ



ခရုတစ်ယောက်ထဲဆိုရင် ဘယ်လောက်အထိ အားငယ်... နေရမလဲ။

တစ်ခါတလေလည်း မိုက်မဲစွာဖြင့် ကိုကြီးရင်ခွင်ထဲ တိုးဝင်... ကပ်တွယ်နေချင်တဲ့ဆန္ဒတွေ ပြင်းပြင်းပြပြ ဖြစ်ပေါ်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ဦးညိုမြကတော့ မထင်မှတ်ဘဲ ရွှေနှစ်ကို တွေ့လိုက်ရသဖြင့် ဒီမိန်းမ အဆင်ပြေနေတာပဲ။

ကားနဲ့လာတာ ... သူဌေးအိမ်က အိမ်ဖော်ဖြစ်နေတာလား ဟု တွေးမိသည်။

"မိရွှေနှစ် ... သူဌေးဖြစ်နေတာလား၊ အဝတ်အစားကတော့ သန့်ပြန့်နေတယ် ... "

ရွှေနှစ်ဆီက မတရားယူလာတဲ့ငွေတွေကုန်ပြီ။

မိမိနေစရာပင် မရှိတော့။

သူငယ်ချင်းအိမ်မှာ ခိုကပ်နေရသည်။

"ရွှေနှစ် ... နင့်သမီးရော၊ ချမ်းသာနေတာလားညိုမြ ... ကယ်ပါဦး ... "

ဦးညိုမြ နောက်ယောင်ခံလိုက်လာခဲ့တာ။





တိုက်ခန်းတစ်ခန်းထဲ ဝင်သွားသည်။

ရွှေနှစ်တို့ အဆင်ပြေနေတာပဲ။

အခြေအနေကို သိနိုင်ရန် ပတ်ဝန်းကျင်အား စုံစမ်းထောက်လှမ်းလိုက်သည်။

"ငွေခရုဆိုတဲ့ မိန်းကလေးနေတာ၊ သားအမိနှစ်ယောက် ...သ ကြည့်ရတာတော့ သူဌေးတစ်ယောက်ရဲ့ အငယ်ထင်တာပဲ"

ရွှေနှစ်နဲ့ငွေခရုက အစောကြီးထဲက သူ့သမီးနဲ့အဆက်အသွယ်ရှိနေတာလား။

အဆင်ပြေနေကြတယ်။

ညိုမြ ပျော်သွားသည်။

"ငွေခရု ... နင်က သူဌေးရဲ့အငယ်အနှောင်းဘဝကို ခံယူလိုက်တာပဲ ... လူလည်မ ... နောက်ဆုံးပေါ်ကားတောင်စီးနိုင်နေတယ်"

ပတ်ဝန်းကျင်ကပြောတာတော့ အရမ်းချောတဲ့ ကောင်...သား။ သူဌေးက အရမ်းချစ်တယ်တဲ့။

ညိုမြအတွက် အကွက်ကောင်း ဆိုက်သွားရသည်။

"ငွေခရု ... နင်ကိုတော့ ငါကောင်းကောင်းဒုက္ခပေးရမယ်"

ဦးညိုမြ အခြေအနေကို စောင့်ကြည့်နေစဉ် ငွေခရု ဆင်း...သည်။ မမှတ်မိနိုင်လောက်အောင် ငွေခရုက ပြောင်းလဲနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချောမောလှပလာသည်။

“ဟိုမှာလေ … အဲဒီကောင်မလေးပေါ့၊ အရမ်းချောတယ် … နဲ့ချောစရာကောင်းလိုက်တာ … သူ့အမေကလဲ သမီးကိုပြစားနေပုံပဲ”

ပတ်ဝန်းကျင်မှ ဝေဖန်ကဲ့ရဲ့ပြောဆိုသံတွေက ဦးညိုမြ … ထားတာနှင့်လုံးဝဆန့်ကျင်ဘက်ဖြစ်နေသည်။

ရွှေနှစ်က သမီးကို မြူဆွယ်ပြစားမည့် မိခင်မဟုတ်။

ငွေခရုကလဲ မာနကြီးသူ။

ကိုယ်ကျင့်တရားပျက်ပြားတဲ့အလုပ်ကို လုပ်မှာမဟုတ်ပေ…

ဘာတွေဖြစ် ကုန်ကြပြီလဲ …

ဦးညိုမြ လှေကားအတိုင်း တက်လာခဲ့သည်။

“ဒေါက် … ဒေါက် … ”

“ဒေါက် … ”

အခန်းဝမှာရပ်ပြီး တံခါးခေါက်တော့ လာပြီးဖွင့်ပေးသူ … ရွှေနှစ်ပင်။

“ဟင် … ရှင် … ရှင် … ဘာလာလုပ်တာလဲ၊ အ… ရှင့်ကို ရဲခေါ်ခေါ်ရမယ် … ရှင် ကျွန်မငွေတွေ လိမ်သွားတာ”

“ရွှေနှစ် … နင်စဉ်းစဉ်းစားစားလုပ်နော်၊ ငါ့ကိုဖမ်းပြီး အ… ဖြစ်ရင် နင့်ငွေလည်း ပြန်ရမှာမဟုတ်ဘူး၊ နင့်သမီးလည်း အရှ…





…ခံမှမယ်”

“လူယုတ်မာ … ”

“ဟုတ်တယ် … ငါက လူယုတ်မာပဲလေ … ဘာဖြစ်လဲ”

“ရှင်ထွက်သွားနော် … ကျွန်မတို့ကိုလာပြီး မပတ်သက်ပါနဲ့”

“ရွှေနှစ် … နင့်သမီးက ကိုင်းကြီးကြီးမှာ နားနေတယ်ဆို”

“ရှင် … ဘာတွေလာပြောနေတာလဲ၊ မဟုတ်မဟတ်တွေ … သိစရာလည်းမလိုဘူး … ထွက်သွား … ”

ညိုမြ …

ဒင်း … ဘယ်ကနေသိပြီး ရောက်လာရတာလဲ။

လူယုတ်မာကြီး …

ဒေါ်ရွှေနှစ် ကြောက်လည်းကြောက်မိသည်။

“ငါ ပိုက်ဆံလိုနေတယ် … နင့်ဆီက မတရားရတဲ့ ပိုက်ဆံ … လူလိမ်ခံရလို့ ကုန်ပြီ … တကယ်ပါ ရွှေနှစ်ရယ် … ယုံပါ”

“ရှင့်ဟာရှင် ဘာပဲဖြစ်ဖြစ် ကျွန်မနဲ့မဆိုင်ဘူး … ထွက်သွား … လာမနှောက်ယှက်နဲ့နော်”

“ငွေပေးလေ … ငါသွားမယ်၊ နင့်သမီးအကြောင်းတွေ ငါ … ဝန်းကျင်မှာ လျှောက်ပြောပစ်လိုက်ရမလား၊ ငါ့အကြောင်းသိ … နော် ရွှေနှစ် … ”

ကိုညိုမြကို ခြိမ်းခြောက်ဟိန်းဟောက်ပြောနေလို့ မဖြစ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာကြီးက ကြောက်စရာကောင်းလောက်အောင် ယုတ်မာတော့မှာ။

သမီးလေးကို ပတ်ဝန်းကျင်က ဘာတွေပြောနေကြလဲ။

ဒေါ်ရွှေနှစ် စိတ်ထိခိုက်ကြေကွဲနေရသည်။

"ငွေ … ကျွန်မမှာ ငွေဘယ်ကရှိမှာလဲ၊ သမီးကရော - သူများထောက်ပံ့တာ စားနေရတာလေ"

"မင်းသမီးက သူဌေးကြီးတစ်ယောက်ရဲ့ အငယ်ဆို …"

"ဘာပြောတယ် … ရှင် ပြောရက်လိုက်တာ၊ ကျွန်မ သမီးက ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့ မိန်းကလေးမဟုတ်ဘူး"

ညီမြကို ဘယ်လိုလုပ်ပစ်ရမလဲ။

လူယုတ်မာကြီး မသေမချင်း မိမိတို့သားအမိကို ဒုက္ခပေးတော့မည်ဖြစ်သည်။

"ရွှေနှစ် … ငါ့ကို နည်းနည်းပါးပါးတော့ ထောက်ပံ့ပေး… ငါ ဒီမှာလာမနေပါဘူး။ နင့်သမီးကိုလည်း ဒုက္ခမပေးဘူး၊ ငါ… ပေးပါတယ်ဟာ"

ဒေါ်ရွှေနှစ် ဘာမှပြောမနေတော့ဘဲ ဦးညီမြ တောင်း… ကို ပေးလိုက်သည်။

သမီးက ပေးထားတာပါ။

မောင်သုတ အထောက်အပံ့နှင့် ပြည့်စုံနေသည်။





"ဟဲ … ဟဲ … ရွှေနှစ်ရာ၊ နင်တို့ကောင်းစားနေတာ ငါ …မ်းသာပါတယ်၊ ငါ့လိုကောင်က ငွေပဲမက်တာလေ"

"ရှင် … ထွက်သွားတော့"

ကိုညီမြ ထွက်သွားမှ ဒေါ်ရွှေနှစ် တံခါးကိုပိတ်ပြီး အသက် …ပ ဝဝ ရှူသွင်းနိုင်တော့သည်။

"လူယုတ်မာကြီး နင့်ကိုသတ်ပစ်ရမယ် … ငါ့သမီး ဒုက္ခ …ယ်လောက်အထိ ရောက်ခဲ့ရလဲ၊ အမလေး … နာမည်ပျက်လိုက် … သူဌေးရဲ့အငယ်တဲ့ … "

မောင်သုတနဲ့က မောင်နှမတွေလိုပဲ ဆက်ဆံနေကြတာပါ။

သမီးခရ နာမည်ပျက်ရမှာတော့ သည်းမခံနိုင်ပေ။

ကြောက်စရာ ကောင်းလိုက်တဲ့ ပတ်ဝန်းကျင်။

ညီမြ သိသွားတာကလည်း ကြီးမားတဲ့ အန္တရာယ်ပင်။

"သမီးလေး ခရ … အမေရဲ့မိုက်မဲမှုတွေက သမီးဘဝတစ်ခု … အကျက်အစဲတွေ ဖြစ်စေပြီ"

ဒေါ်ရွှေနှစ်တစ်ယောက်ထဲ ရှိနေတုန်း ပန်းရောင်ခြယ်ရဲ့ … ရောက်လာသည်။

ကြိုတင်ဖုန်းဆက်ထား၍ ဒေါ်ရွှေနှစ် တံခါးဖွင့်ပေး၏။

ဒေါ်မျက်ခြယ်ရဲ့ မျက်နှာထားက မိမိကို မတူမတန်သလို



www.burmeseclassic.com

www.burmeseclassic.com



"ရွှေနှစ် ... နင့်သမီးကို နင်ထိန်းထားနော်၊ ငါ့သမက်နဲ့ ရှုပ်ထွေးထွေး မလုပ်စေနဲ့"

"စိတ်ချပါ မမရယ် ... သမီးခရုလေးက နာမည်ပျက်စ အရမ်းကြောက်တဲ့ ကလေးပါ"

"ငါ့သမက်က ဂုဏ်သရေရှိ လူကြီးလူကောင်းပါ၊ နင့်သမီး ကြောင့် စီးပွားရေးလုပ်ငန်းတွေပါ ထိခိုက်နိုင်တယ် သိလား"

"ဟုတ်ကဲ့ ... သိပါတယ်"

"နင်တို့သားအမိ ထွက်သွားကြ ... ငါ့သမက်ဆီက နင့်သမီး အများကြီးရထားတာပဲ ... ကျေနပ်လိုက်ကြတော့"

"အဲဒါက ... "

"စကားမရှည်နဲ့ ရွှေနှစ် ... နင့်သမီးခေါ်ပြီး အဝေးဆုံး ထွက်သွားကြပါ၊ ယောက်ျားလေးဆိုတာကတော့ အချောင်ရ ယူမှာပဲ"

"သမီးက အဲဒီလို မိန်းကလေးမျိုး မဟုတ်ပါဘူး မမရေ"

"မဟုတ်ဟုတ် ... ဟုတ်ဟုတ် နင်တို့သားအမိ ငါ့သဘော ဝေးရာကိုသွားကြ ... "

ဒေါ်မျက်ခြယ် ပြောချင်တာတွေပြောပြီး ပြန်သွားသည်။

တစ်နေ့လုံး မိမိတို့သားအမိအား ဟိန်းဟောက်ခြိမ်းခြောက် မည့်သူတွေနှင့်ပဲ ဆုံတွေ့နေရသည်။

ဝိုးလပြည့်စာပေ



"ငါ့သမီးလေးမှာ ဘာအပြစ်ရှိလို့လဲ ... မောင်သုတကိုလည်း အစ်ကိုတစ်ယောက်လို ဆက်ဆံနေတာပဲလေ"

ဒေါ်ရွှေနှစ်ကတော့ သမီးကို အကာအကွယ်ပေးချင်သည်။

သမီးလေးခရုနဲ့ အနာဂတ်အေးချမ်းစေချင်နေမိ၏။

ဟိုလူယုတ်မာ ညိုမြကတစ်မျိုး ...

သမီးဘဝအတွက် လူသတ်ဖို့ပင် ဝန်မလေးပဲ ဖြစ်နေသည်။

ညနေ သမီးပြန်လာတော့ ရှိုးသားဖြူစင်တဲ့ သမီးအတွက် ရှုပ်ပင် ခံစားရသည်။

"အမေ"

"ဟင်"

"နေမကောင်းဘူးလားဟင် ... အမေ့မျက်နှာလည်း ကောင်းပါလား"

"ခရု"

"အမေ"

"ညိုမြ လာတယ်"

"ဟင်"

"အမေတို့ ဒီကနေ ထွက်သွားကြရအောင်"

"ဒီလူကြီး လာပြန်ပြီလားအမေ ... ဘာဖြစ်လို့ လက်ခံရတာ သက်ဆိုင်ရာကို တိုင်ရမယ်"

ဝိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမေကတော့ ဒင်းအကျင့်စရိုက်ကိုသိလို့ အချုပ်သတ်ပြီး လွှတ်လိုက်တယ် ... လူယုတ်မာကြီးက အမေတို့ကို ဒုက္ခပေးလိမ့်မယ်"

"သမီးတို့ ဒီကနေ ထွက်သွားကြတာ အကောင်းဆုံးပဲ"

"သမီးလေးဘဝ ကံဆိုးလိုက်တာကွယ် ... အမေ့ကြောင့်ပါ အမေ့ရဲ့ အသုံးမကျမှုတွေက သမီးကို ဒုက္ခတောထဲ ထိုးနှစ်မိသလို ဖြစ်နေတယ်"

"သမီးတို့ အဝေးကို ထွက်သွားကြတာ အကောင်းဆုံးပါ အမေ ... သမီးလေးဘဝကို ရပ်တည်နိုင်ပါပြီ၊ သမီး အလုပ်လုပ်မယ် အမေ"

"ဟုတ်လားကွယ်"

"ပစ္စည်းတွေကတော့ သမီးပိုင်တာတွေ မရှိပါဘူး"

ကိုကြီးနှင့်ဝေးရာကို ခရ ထွက်ပြေးသွားချင်သည်။

ကိုခြံရံရဲ့ အန္တရာယ်ကလဲ ရှိနေသေး၏။

ခရ ကင်းကင်းရှင်းရှင်း နေပစ်ချင်မိသည်။

အမေ့ကို အဝတ်အစားတွေ သိမ်းခိုင်းလိုက်၏။

ကိုကြီးပစ္စည်းတွေ ထားခဲ့မယ်။

ကိုကြီးရဲ့ဂုဏ်သိက္ခာအတွက် ခရအဝေးကို ထွက်သွားတော့မှ ဖြစ်မည်ထင်သည်။





"လူယုတ်မာကြီး ဦးညိုမြကလဲ ခရကို ဒုက္ခပေးတော့မယ်"

"ကဲ ... သမီးလေး သွားကြမယ်၊ လောလောဆယ် ဘယ်ကို သွားကြမလဲ"

ခရတို့ ထွက်သွားဖို့ပြင်ဆင်နေစဉ် မမခြယ်ရောက်လာသည်။

ခရ ထွက်သွားမယ်ဆိုတာကို လက်မခံပေ။

"ညည်း ဘာအကြံတွေနဲ့ထွက်သွားမှာလဲ ငွေခရ ... လက်မခံနိုင်ဘူး၊ ညည်းခြေရာပျောက်သွားပြီး ငါ့ယောက်ျားနဲ့ခြေပုန်းခုတ်မှာ"

"မမခြယ် ... ခရတောင်းပန်ပါတယ်နော်၊ ကိုကြီးနဲ့လုံးဝ ပတ်သက်ပါဘူး"

"နင့်ကို မယုံဘူးငွေခရ ... နင် ခြံရံ့ကို ဘာဖြစ်လို့လက်မခံတာလဲ၊ မချစ်ဘူး ဟုတ်လား ... "

"သမီး ပန်းရောင်ခြယ် ... အဒေါ်သမီးလေးကို အထင်မသေးပါနဲ့၊ ပန်းရောင်ခြယ် အမေကိုယ်တိုင်က ထွက်သွားခိုင်းတာ"

"ခြယ် လက်မခံနိုင်ဘူး၊ ခြယ့်မျက်ကွယ်မှာ ခရကိုမထားနိုင်ဘူး"

ခြယ်နှင့်မောင် ခုထိ အိမ်ထောင်ရေးသုခ ခံစားရခြင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



သေး။

မောင်က ဟန်ဆောင်လိမ်ညာ၍ ခရုနှင့်မပတ်သက်အော

နေထိုင်ခဲ့တာပါ။

ခြယ် မယုံနိုင်ဘူး။

မောင်နဲ့ခရု ပတ်သက်ကို ပတ်သက်နေရမယ်။

ခရု ထွက်သွားတာကိုပင် ခြယ် ကြောက်နေသည်။

"မာမီ ... ဘာသိလို့လဲ၊ ခရု ပျောက်သွားတာနဲ့ မောင်

အရှုံးအမှုးလိုက်ရှာတော့မယ်၊ ညည်း ... ဒီလိုဖြစ်အောင် ဖန်တီး

တာမဟုတ်လား"

"အဒေါ် သမီးလေးကို ဒီလောက်အထိ နှိမ်ချဆက်ဆံ

မလိုပါဘူး ပန်းရောင်ခြယ် ... သမီးက ရိုးသားတယ်၊ အဒေါ်

ပေးပါတယ်၊ မောင်သုတနဲ့ လုံးဝပတ်သက်ခြင်း မရှိစေရပါဘူး"

"စကားမရှည်နဲ့ ... ကျွန်မ ဘယ်သူ့ကိုမှမယုံဘူး၊

ဘာရိုးသားတာလဲ၊ မောင့်ဆီမှာ အတိတ်မေ့ချင်ယောင်ဆော

နေတာလေ၊ ညည်း ... ထွက်မသွားနဲ့၊ ညည်း ခြံရှိန့်တွဲလေ၊

ဘာနစ်နာစရာရှိလဲ ... ခြံရှံက သူ့ငွေး ... "

"ကောင်းပါပြီ မမခြယ် ... ခရု ဘယ်မှမသွားပါဘူး၊ မ

ဆန္ဒကိုပဲပြောပါ"

"ခြံရှံ့ကို လက်ခံ၊ လက်ထပ်တာ လက်မထပ်တာ ညည်း





စားစရာလိုလား ... ခြံရှံ့လိုယောက်ျားမျိုးက ညည်းကိုတရားဝင်

လက်ထပ်မှာမဟုတ်ဘူးဆိုတာ မှတ်ထား ... "

"ပန်းရောင်ခြယ် ... ညည်းဘာစကားပြောတာလဲ၊ မိန်း

ကလေးချင်း မစာမနာ ... အရေးကြီးတာက ညည်းယောက်ျားကို

ထိန်းလေ ... "

"အမေ"

"သမီးရယ် ... ကိုယ့်ကို ဒီလောက်အထိ စော်ကားနေတာ

ကောင်းလား ... အမေတို့ ထွက်သွားတာပဲ အေးပါတယ်၊ ဆင်းရဲ

ချင်လည်း ဆင်းရဲပါစေ"

"ရှင်တို့ ထွက်မသွားနဲ့နော် ... ထွက်သွားတာနဲ့ မြတ်သုတ

ဆိုတဲ့လူ ပြဿနာတက်ပြီပဲ"

ခြယ်ကတော့ မောင့်ဆီက ရသင့်ရထိုက်တဲ့ စီးပွားရေးလုပ်

ငန်းတွေ သူမနာမည်နှင့် မလွှဲမခြင်း ခရုနှင့်တိတ်တိတ်ပုန်း ပတ်

သက်နေတာတွေကို လက်မခံနိုင်ပေ။

ခရုက ခြံရှံ့လို ယောက်ျားမျိုးကို လက်မခံတာကိုက မရိုး

သားတာပဲ။

မောင်ကရော ခြယ့်ကို အေးစက်စက်နှင့်ပြောဆို ဆက်ဆံနေ

သည်။

"နင် ထွက်မသွားနဲ့နော် ခရု ... ငါ လုံးဝ လက်မခံနိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါမျက်စိအောက်မှာပဲ ညည်းနေရမယ်"

"ဟဲ့ ... နင့်အမေက အတင်းမောင်းထုတ်နေတာလေ၊ ငါတို့သားအမိတွေကို ဖွတ်ပဲထွက်သွားဖို့ပြောတာ ... ငါတို့ စိတ်ဆင်းရဲခံပြီး မနေနိုင်တော့ဘူး"

"ခရ ... နင်ထွက်သွားရဲ ထွက်သွားကြည့်၊ နင်တို့နှစ်ယောက်လုံး တိတ်တိတ်ပုန်း ချိန်းတွေ့နေတယ်လို့ ငါပြောမယ်"

ခရ စိတ်ညစ်မိသည်။

အမေကတော့ သည်းမခံနိုင်လောက်အောင် ဒေါသတွေပေါက်ကွဲနေ၏။

ကိုကြီးအတွက် ခရလုပ်ချင်သလို လုပ်လို့ မဖြစ်သေးပါဘူး မမခြယ် စကားကို နာခံလိုက်တာပဲ အကောင်းဆုံးဟု ထင်သည်။

အခန်း ( ၁၆ )

"ခရ"

"ကိုခြံရံ"

"ခရလေးကို ကိုယ် ထောက်ပံ့ပေးပါရစေ"

"ကျွန်မအတွက် မလိုဘူးထင်ပါတယ် ကိုခြံရံ ... ကျွန်မအလုပ်လည်း ရပါပြီ"

မာနကြီးလွန်းတဲ့ ခရကို ခြံရံလျှော့မတွက်ရဲတော့ပေ။

ခရ ဖြူစင်တယ်ဆိုတာ ခြံရံ တဖြည်းဖြည်းသိလာရသည်။

သူ တဖြည်းဖြည်းနှင့် ခရကို ချစ်လာရ၏။

ဒါပေမဲ့ ... တရားဝင်လက်ထပ်ဖို့ အထိတော့ ခြံရံမှာ သတ္တိမရှိပေ။

"ကိုကြီးက ခရရဲ့အစ်ကိုပါ။ ကိုကြီးဝုဏ်သိက္ခာမဲ့ရမယ့်အလုပ်ကို ခရ ဘယ်တော့မှ မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုခြံရဲ့ ... ခရုကို ချစ်ပါတယ်"

"ကျွန်မကတော့ မချစ်ဘူး"

"ခရု"

"ကိုခြံရဲ့ ထောက်ပံ့မှုတွေကို ခရု လုံးဝလက်မခံနိုင်ပါဘူး"

"မင်းမာနတွေ ပြနေတာလားခရု ... ဒါမှမဟုတ် သုတဆို ကြိတ်ပြီး မျှော်လင့်နေတာလား"

"ရှင် ... ရှင် ... တော်တော်ရိုင်းစိုင်းတဲ့ လူတစ်ယော ပဲ ... ကျွန်မအနားကနေ ထွက်သွားပေးပါ"

ခြံရဲတစ်ယောက် မိန်းကလေးတွေနှင့် ပတ်သက်လာလျှ အလွယ်တကူ သူ့ဆန္ဒအတိုင်းဖြစ်စေရာ ခရုဆိုတဲ့ကောင်မလေး မှ ငြင်းပယ်ခံရ၍ ဒေါသတွေ ပေါက်ကွဲနေရသည်။

"မင်း ... မင်း မူယာမာယာတွေ များပြမနေစမ်းပါနဲ့ ငါ့ရဲ့ဆန္ဒကို မင်းလက်ခံလိုက်တာနဲ့ မင်းရဲ့အကျိုးဖြစ်ထွန်းမှုက များ သွားနိုင်တယ်လေ"

"ကျွန်မကို တရားဝင်လက်ထပ်နိုင်တဲ့လူကိုပဲ ချစ်သူအဖြ ရွေးချယ်မယ် ကိုခြံရဲ ... "

သူ ...

ခရုကို တဖြည်းဖြည်းနှင့်ချစ်သူအဖြစ် တန်ဖိုးထား သွားရသည်။





မာမိက ကြီးကျယ်ခမ်းနားသူပါ။

"ပန်းရောင်ခြယ်ကို မင်းဆန့်ကျင်မလို့လား ခရု ... မင်း မြတ်သုတဘဝကို ဖျက်ဆီးပစ်တော့မလို့လား"

"ကျွန်မကို လက်ထပ်မယူနိုင်တဲ့ ယောက်ျားတစ်ယောက် ရဲ့ ရင်ခွင်ထဲမှာ ကျွန်မဘဝကို အနစ်မွှန်းမခံနိုင်တော့ဘူး၊ ရှင်ပြန်ပါ ကိုကြီးနဲ့ကျွန်မ ဘာမှမဆိုင်ဘူး ... ထွက်သွားပေးပါ"

ခြံရဲ့အကြည့်တွေက စူးနင့်စွာဖြင့် ခရုကို ကြည့်မိနေသည်။

ငွေခရု ...

မင်းအရမ်းကို မာနကြီးပြီး ခေါင်းမာတဲ့ မိန်းကလေးပဲ။ ခြံရဲပင် တန်ဖိုးထားချစ်မိနေ၏။

ခရုအနား တိုးကပ်သွားရင်း ရင်ထဲမှာ စူးနစ်နေသည်။

"ငွေခရု ... မင်းကို လက်ထပ်ယူမယ်၊ မိဘတွေသဘော တူလည်း ကိုယ် မင်းကို လက်ထပ်မယ်"

ကိုခြံရဲ စကားတွေကို ခရု ယုံကြည်မိနေပေမယ့် ရင်ထဲမှာ အချစ်တွေက ဖြစ်ပေါ်မလာခဲ့ပေ။

ရင်တွေ ကြိမ်းစပ် နာကျင်နေလေသည်။

ကိုခြံရဲ့ မျက်လုံးတွေက အမှန်တွေ ပြောနေတာကိုတော့ ခရု လက်ခံမိနေ၏။

ကိုကြီးရယ် ...



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ဘာလဲဟင်။

စွန့်လွှတ်အနစ်နာခံချင်းလား။

ပေးဆပ်ရမလား။

ခရုကတော့ အချစ်တွေကို ရင်ထဲမှာ တမြတ်တနိုး သိမ်းဆည်းထားချင်ပါတယ်။ ရယူပိုင်ဆိုင်ခြင်းမရှိပေမယ့်လည်း အချစ်တွေကို ရင်ထဲမှာ သိမ်းထားပစ်ချင်သည်။

"ကိုယ် ... ခရုကို ချစ်တယ်၊ မာမီ လက်မခံလည်း ကိုယ်တို့လက်ထပ်ကြမယ် ... ကိုယ့်နှလုံးသားတွေထဲမှာ မင်းက တန်ဖိုးအကြီးမားဆုံး ရှိနေပါတယ်"

သူ ...

ခရု ပခုံးလေးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

ခံစားမှုကင်းမဲ့စွာ တည်ငြိမ်အေးစက်နေတဲ့ ခရုမျက်ဝန်းတွေက မျက်ရည်တွေ ပြည့်နေ၏။

မင်းချစ်တာ သူတ မဟုတ်လား ငွေစရု။

"ကိုယ်တို့လက်ထပ်ကြမယ်၊ ကိုယ် ... ဘယ်တော့မှ မရှုံးမဖွဲ့တော့ဘူး ... မင်းကို ကတိပေးပါတယ်"

သူက ခရုကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်လိုက်သည်။

ခိုးလပြည့်တာပေ



ခရု မငြင်းပယ်မိ။

ခရုကို လက်ထပ်ယူမည့် ယောက်ျားကိုပဲ ရွေးချယ်မည်ဟု သူမ ပြောထားခဲ့၏။

မမခြယ်ကို ငြင်းပယ်ဖို့အကြောင်း မရှိတော့။

"ချစ်တယ် ... ကိုယ် ဆုံးဖြတ်လိုက်ပါပြီ၊ ခရုကို လက်ထပ်မယ်၊ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝလေးကို တည်ဆောက်ကြမယ်၊ ကိုယ့်အချစ်တွေကို လက်ခံပါ"

ခရု ငြိမ်သက်နေသည်။

ငြင်းပယ်ဖို့ အခွင့်အရေးမှ ခရုမှာမရှိတာဘဲ။

မမခြယ်ရဲ့ အမိန့်ကို ခရုနာခံလိုက်ဖို့ပဲ ရှိနေ၏။

ကိုကြီး အတွက်ပဲလေ။

"ခရု"

"ရှင်"

"ကိုယ့်ကိုချစ်တယ် မဟုတ်လား"

"ကိုမြိုင်ရဲ့ဆန္ဒကို ခရု လိုက်လျှောပါတယ်"

ချစ်သည်ဆိုတဲ့စကားကို ခရုနှုတ်ခမ်းလေးကနေ ထွက်ကျဖို့ [illegible]နေသည်။

ကိုမြိုင်ရဲ့အချစ်ကို ခရု မငြင်းပယ်။

ဒါကိုတော့ ပြောလိုက်၏။

ခိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ခန္ဓာကိုယ်လေးအား တင်းကျပ်စွာပွေ့ဖက်သည်။

အနမ်းမိုးတွေ ရွာချနေ၏။

ခရု ငိုပစ်ချင်နေသည်။

"ကိုယ်လေ ... မိန်းကလေးတွေကို အထင်သေးမိနေတယ် လက်ထပ်ဖို့အထိ ကိုယ်ဘယ်တော့မှ မစဉ်းစားခဲ့ဘူး၊ ကိုယ်က လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်"

"ကျွန်မဘဝက နိမ့်ကျလွန်းပါတယ် ကိုခြိရံ ... တန်ဖိုးမဲ့ တယ်၊ ဒါပေမဲ့ ... ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ကျွန်မ ကို လက်ထပ်စေချင်ပါတယ်၊ အဲဒါက ကျွန်မရဲ့ အကြီးမားဆုံးဆု ပါ"

ခြိရံ ဆုံးဖြတ်လိုက်သည်။

ခရုကို လက်ထပ်မယ်။

မာမီ သဘောမတူလည်း သူလက်ထပ်မည်။

ခရုကို သူချစ်မိနေပြီဖြစ်၏။

ခရုကို ချစ်မြတ်နိုးစွာ ပွေ့ဖက်ထားမိသည်။

"မာမီ့ကို ပြောမယ် ... မာမီသဘောမတူလည်း ကိုယ့် ဆန္ဒအတိုင်း လက်ထပ်မယ်"

ခရု မငြင်းပယ်လိုတော့။

ခရုကို တရားဝင်လက်ထပ်ယူဖို့ပဲ ဖြစ်သည်။





ကိုကြီးကြောင့်ပါ ...

မမခြယ်ပါးစပ်ကို ကြောက်တယ်။

ခရုကို နာမည်ပျက်စေတဲ့အကြောင်း မဟုတ်ပေမယ့် ကိုကြီး အမြှောင်မယားအဖြစ် သတင်းလွှင့်တော့မှာ သေချာနေသည်။

"မြတ်သုတဆီမှာ ခရုကို လက်ထပ်ခွင့် ကိုယ်တောင်းပါ့မယ် ဆန္ဒကို ပြောပါဦး ... "

"ဟုတ်ကဲ့ ... ခရု ငြင်းစရာအကြောင်းမရှိပါဘူး၊ ကိုခြိရံပဲ ဆောင်စီစဉ်ပါနော်"

"ခရုရယ်"

ကိုခြိရံ ရင်ခွင်ထဲမှာ ခရုငြိမ်သက်နေရင်း မျက်ရည်တွေက ချင်နေသည်။

နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်ရင်လာနေ၏။

ကိုခြိရံ့ကို လက်ထပ်ဖို့ မလွဲမသွေ လက်ခံရမည်ဖြစ်သည်။

"ခရု"

"ရှင်"

"ကိုယ်ပြန်မယ် ... ခရုလေးကို မထိခိုက်မနစ်နာစေချင်ပါ ပျော်ရွှင်အောင်လည်း ထားပါ့မယ် ... ယုံပေးပါနော်"

"အင်း"

ကိုခြိရံ ပြန်သွားမှ ခရုဝမ်းနည်းကြေကွဲစွာ တစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ငိုရှိုက်နေမိသည်။

အမေ ဈေးဝယ်ရာမှပြန်လာပြီး ခရုအနား ရောက်လာကာ သမီးလေး ဘာဖြစ်လို့ ဝမ်းနည်းကြေကွဲနေရတာလဲဟု မေးနေသည်။

"ကိုခြိမ့်ရုံက ခရုကို လက်ထပ်မယ်တဲ့ အမေ"

"သမီး ဝမ်းသာလို့ငိုတာလား"

"အင်း ..."

"မောင်ခြိမ့်ရုံကလည်း မဆိုးပါဘူး သမီးရယ် ... အကောင်းဆုံးရွေးချယ်မှုပါပဲ ... အမေကတော့ သမီးလေးဘဝ အေးချမ်းနေချင်ပါပြီ"

ဒေါ်ရွှေနှစ်လည်း သမီးလေးခရုကို ပျော်ရွှင်အေးချမ်းတဲ့ မိသားစုဘဝလေးကို တည်ဆောက်စေချင်ပါသည်။

ကိုညိုမြနှင့်လည်း ဈေးထဲမှာ တွေ့ခဲ့၏။ ပိုက်ဆံပေးရသေးသည်။

ပြီးတော့ ... ပန်းရောင်ခြယ်ကတစ်မျိုး ...

လူတွေက သမီးလေးခရုအပေါ် ထောက်ထားညှာတာမှု ကင်းလွန်းနေကြသည်။

"မငိုပါနဲ့သမီးလေးရယ် ... မောင်ခြိမ့်ရုံကိုပဲ စိတ်ခိုးခိုးချပြီး ရွေးချယ်လိုက်ပါ ... အားလုံးအတွက် အကောင်းဆုံးဖြစ်မှာလေ"





သမီးလေးကိုဖက်၍ ချော့မော့နှစ်သိမ့်ပေးမိသည်။

ပန်းရောင်ခြယ်ကလဲ ရောက်လာပြီး သမီးခရု ရွေးချယ်မှု မှန်ကန်ကြောင်း ပြောဆိုနေ၏။

သမီးလေး ကံကောင်းမှာပါတဲ့။

"ကိုခြိမ့်ရုံက အရမ်းကိုတော်တဲ့ ယောကျ်ားတစ်ယောက်ပါခရု၊ သူက ခရုကို အရမ်းချစ်တာပဲလို့လည်း ပြောနေတယ် ... မမခြယ် ဝမ်းသာလိုက်တာ ခရုရယ် ..."

ကိုကြီးက ဘာပြောမလဲ။

ခရုကို ဒေါသတွေ ပေါက်ကွဲမလား။

ခြိမ့်ရုံနှင့် လုံးဝ မပတ်သက်ရဘူးဟု ပြောထားသည်။

"ခြိမ့်ရုံ မာမီက အမွေဖြတ်ရင်တောင် ခြိမ့်ရုံက အစွမ်းအစရှိတယ်၊ ခရုဘဝ ဘာမှပူစရာမလိုတော့ဘူးလေ ... မမခြယ်ကိုယ်တိုင် ခရုတို့ လက်ထပ်ပွဲကို စီစဉ်ပေးမယ်"

ခရုနှင့်ခြိမ့်ရုံ လက်ထပ်ဖို့က ခြယ့်အတွက် အရေးတကြီးကိစ္စဖြစ်နေသည်။

မောင့်ကြောင့်ပါ ...

ခရုကို မစွန့်ပစ်နိုင်သေးဘဲ သူမအပေါ် အေးစက်နေဆဲပင်။

ခရုကို ကမ္ဘာတစ်ခု ထူထောင်ပေးဖို့ မောင်ကြံစည်နေ၏။

ခြယ့်ကိုလည်း သူ့လုပ်ငန်းတွေထဲမှာ ရင်ခွက်ဖက်ခွင့်မပြု



www.burmeseclassic.com

www.burmeseclassic.com



သေး။ အချစ်မပါတဲ့ အိမ်ထောင်ရေး။

ချစ်သူဘဝသာ ရောက်ခဲ့တာ မောင့်ဘက်ကနေ ခြယ့်အပေါ် အချစ်တွေမဖြစ်ထွန်းခဲ့။

ခရုနှင့်တွေ့ဆုံမိတော့ မောင့်အချစ်တွေက ခရုဆီ ဦးလှည့်သွားစေခဲ့သည်။

"ညည်း အမြန်ဆုံးလက်ထပ်ပါ ငွေခရု ... ငါသည်းမခံနိုင်တော့ဘူး၊ မောင့်စိတ်တွေက နင့်ဆီမှာပဲ ရောက်နေတယ် ... ငါနဲ့ လင်မယားအရာ မမြောက်သေးဘူး"

ခရုဘဝကို တစ်စစီခြေမွ ဖျက်စီးပစ်ချင်ပေမယ့် ခရုအပေါ် မကောင်းကြံလျှင် မင်းနဲ့အပြတ်ပဲဟု မောင်ကပြောထားသည်။

မောင့်လိုယောကျ်ားမျိုးကိုတော့ ခြယ် ဘယ်လိုနည်းနှင့်မှ အဆုံးရှုံး မခံနိုင်ပေ။

ခြံရှံကခရုကို လက်ထပ်မယ်ဆိုတော့လည်း ခြယ် ကျေနပ်ဝမ်းသာရသည်။

"မမခြယ်စကားကို နားထောင်လို့ ခရုလေးကို ကျေးဇူးတင်ပါတယ်ကွယ်"

ခြယ်ကတော့ ဝမ်းသာလွန်း၍ ခရုကိုတောင် ကျေးဇူးတင်မိနေသည်။

ခရုလေး ရိုးသားဖြူစင်တာပဲ ...





ခြယ် အိမ်ပြန်လာခဲ့ပြီး မောင့်ကို ပြောပြလိုက်၏။

ထင်ထားတဲ့အတိုင်းပင် မောင့်မျက်နှာက ဟန်ဆောင်နိုင်ခြင်း မရှိအောင် ပျက်သွားသည်။

"ဘာပြောတယ် ခြယ် ... ဒီကိစ္စ မင်းအတင်းအကြပ်လိုက်ပြီး စီစဉ်နေတာ မဟုတ်လား"

"ခြံရှံနဲ့ခရု တွေ့ဆုံဆွေးနွေးကြတဲ့ ကိစ္စပါ မောင် ... ခြံရှံက ဘယ်မိန်းကလေးကို လက်ထပ်ပါ့မယ်လို့ ပြောခဲ့ဖူးလို့လဲ ... ခရုကို မေတ္တာစစ်နဲ့ချစ်လို့ပဲဟာ မောင် လက်ခံသင့်တယ်"

သူတကာတော့ ခရုလက်ထပ်မယ့်ကိစ္စ ခြံရှံနဲ့ဆိုတော့လည်း ကန့်ကွက်စရာမရှိပေ။

ခြံရှံက အစွမ်းအစရှိတဲ့သူပါ။

မိန်းကလေးတွေကို အထင်သေးပြီး အလွယ်တကူရနေ၍ တန်ဖိုးမထားခဲ့သူ ဖြစ်သည်။

"ခရုကိစ္စတွေမှာ မင်းဝင်မပါစေချင်ဘူးခြယ် ... မောင်နဲ့ ရှုပ်စွဲပုတ်ခတ်ပြီး ခရုဘဝကို ဖျက်စီးနင်းခြေမပြစ်နဲ့"

"မောင်နော် ... ခရုကို ခြံရှံနဲ့ လက်ထပ်ဖြစ်အောင် တိုက်တွန်းပေးပါ။ နောက်မှခြယ့်အဆိုးမဆိုနဲ့နော်"

သုတ ရှောင်ထွက်လာခဲ့သည်။

သူ့ရင်ထဲမှာ ခံစားချက်တွေ ပြင်းပြလောင်မြိုက်စွာ ဖြေမင်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်အောင် ခံစားနေရ၏။

ခရကို တစ်ကယ်တမ်း စွန့်လွှတ်လိုက်ဖို့ သုတ ဝန်လေးနေသည်။

ကိုကြီးကို မင်းစွန့်ခွာဖို့ပဲ ဆုံးဖြတ်လိုက်ပြီလား ခရရယ် ... ပေါင်းစပ်ဖို့မဖြစ်နိုင်ဘူးဆိုတာ သိနေပေမယ့် ကိုကြီး ရှုံးသွပ်မတတ်ပဲ”

သုတတစ်ယောက်ထဲ အရက်ဘားတစ်ခုကိုသွားပြီး အရက်သောက်နေမိသည်။ ခရလေးနဲ့ ဝေးရတော့မယ်ဆိုတဲ့ အသိတွေက သူ့ကို ခြောက်ခြားနေစေသည်။

ကုမ္ပဏီအလုပ်တွေကိုလည်း သုတ စိတ်မဝင်စားနိုင်။

လက်ထောက်တွေနှင့်ပဲ လွှတ်ထားသည်။

“ပန်းရောင်ခြယ် ... မင်းက ငါ့ရဲ့စည်းစိမ် ဥစ္စာတွေကို လိုအပ်နေတာ မဟုတ်လား ... ငါစွန့်လွှတ်မယ်ဆိုရင် မင်းဘက်က ငါ့ကိုကွာရှင်းပေးနိုင်မလားကွာ”

ပန်းရောင်ခြယ်အမေက သူ့သမီး ဂုဏ်သိက္ခာကျဆင်းရမှာ မင်းဘဝရော ငွေခရဘဝရော စုတ်ပြတ်သတ်သွားစေရမယ်တဲ့။

ကိုကြီးကြောင့် ခရလေးကို အထိခိုက်မခံနိုင်ပါဘူး။

သုတအရက်တွေ အလွန်အကျွံသောက်ပြီး ခရဆီ ရောက်သွားသည်။





“ငွေခရ ... မင်းက ခြံရှင်နဲ့လက်ထပ်တော့မယ် မဟုတ်လားကွ”

“ကိုကြီး ... ”

“ငါ့ရဲ့ ခွင့်ပြုချက်ကို ဘာဖြစ်လို့မယူတာလဲ ငွေခရ ... မင်းက စိမ်းစိမ်းကားကား ဖြစ်သွားပြီလားကွာ”

“ကိုကြီး စိတ်ကိုထိန်းပါ။ ကိုခြံရှင်က ခရကိုလက်ထပ်မယ်လို့ ကတိပေးခဲ့တယ်လေ ... ခရ အကောင်းဆုံးကို ရွေးချယ်တာပါ”

“ငါ လက်မခံနိုင်ဘူး ငွေခရ ... မင်းလက်မထပ်ပါနဲ့ မင်းကို ငါ စောင့်ရှောက်ပေးထားနိုင်ပါတယ်”

ကိုကြီး အမူးလွန်ပြီး ခရကို ချစ်တယ်ဆိုတဲ့စကားကို တွတ်တွတ်ပြောနေသည်။ ခရမျက်ရည်တွေ ကျနေ၏။

အမေကလည်း ပန်းရောင်ခြယ်ကို အကြောင်းကြားသင့်တယ်ဆိုပြီး ဖုန်းဆက်ပြောသည်။

“ခရကိုချစ်တယ် ... မင်းဘယ်သူနဲ့မှ လက်မထပ်ပါနဲ့ ... မင်းကို ဘယ်သူမှ မပိုင်ဆိုင်စေရဘူး ခရ”

မမခြယ်ကိုဆက်သွယ်၍ မရပဲဖြစ်နေသည်။

ကိုကြီးက မလှုပ်တော့။

အမေကတော့ နေပါစေ သမီး ... အမေနဲ့လာအိပ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးအနားမှာ ငုတ်တုတ်ထိုင်နေရင် ခုရှုမျက်ရည်တွေကျ လာရသည်။ ကိုကြီးခံစားနေရတာတွေကို ခရုဘယ်လိုနည်းနဲ့ ဖြေသိမ့်ပေးစရာ အကြောင်းမရှိအောင်ဖြစ်နေရသည်။

"ခရု ... ခရုလေးရယ် ကိုကြီးရင်တွေ ကွဲအက်ထွက်တော့မယ် ... ကိုကြီးကို မစွန့်ခွာသွားပါနဲ့ ခရုရယ်"

"အား ... "

"အစ် ... "

"ခရုလေးရယ်"

ခရုဘာဆက်လုပ်ရမှန်းမသိပဲ။ ကိုကြီးအနားမှာ ထိုင်နေ စိုးရိမ်တကြီး ဖြစ်နေမိသည်။

❀

အခန်း ( ၁၇ )

"ခရု မင်း ... မင်း ငိုနေတာလား တစ်ညလုံးထိုင်နေတာလားကွာ၊ ကိုကြီးအရမ်းမူးသွားတယ် ထင်တယ်"

"ပြန်ပါတော့ ကိုကြီးရယ် ... မမခြယ် ရောက်လာလိမ့်မယ်။ ခရုကို ထပ်ပြီးမပတ်သက်ပါနဲ့တော့ ... "

"ခရု"

"ရှင်"

"ကိုကြီး တောင်းပန်ပါတယ် ... မင်းဂုဏ်သိက္ခာအတွက် ကိုကြီးဆင်ခြင်သင့်ပါတယ်"

သူမှားသွားသည် ခရုဘဝရှေ့ရေးအတွက် မလုပ်သင့်ဘူးဟု ဆင်မိသည်။

တစ်ညလုံးထိုင်ငိုနေတဲ့ ခရုမျက်နှာလေး မျက်ရည်တွေ ငြိမ်းကျဲ့နေကာ အစ်ထမို့ဖောင်းနေသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခရုကို သူ ... ညီမလေးတစ်ယောက်လိုပဲ ချစ်သင့်ပါတယ်။

သူ အိပ်နေရာကနေ ထလိုက်သည်။

"ကိုကြီးပြန်တော့မယ် ... ခရုလေး ပျော်သလိုနေပါ။ ခရုလေး ဆန္ဒအတိုင်း ဆုံးဖြတ်ပါ ... "

"ကို ခြံရုံကို လက်ထပ်ပါရစေ၊ ကိုကြီး ... အေးချမ်းတဲ့ မိသားစု ဘဝလေး ခရု ထူထောင်ချင်တယ်"

"ကိုကြီး လက်ခံပေးရမှာပေါ့ ခရုလေး ဆန္ဒပါပဲ"

"ခရုရဲ့ အကြီးမားဆုံးဆန္ဒဘဝလေ ကိုကြီးလည်း မမခြယ် နဲ့ အေးချမ်းသာယာတဲ့ မိသားစုဘဝလေးကို ထူထောင်နိုင်ဖို့ပါ"

"ခရုရယ် ... ညီမလေးရယ် ... ကိုကြီး ဆင်ခြင်ပါတယ် ညီမလေးဘဝဖြောင့်ဖြူးဖို့ ကိုကြီးတာဝန်ယူပေးသင့်ပါတယ်"

သူ ...

ထလိုက်သည်။

အရက်မူးလွန်သွားတဲ့အရှိန်ကြောင့် သူ လဲပြိုကျသွားတော့မလို ယိမ်းယိုင်သွား၍ ခရုက ထိန်းထားပေးသည်။

"ဟင် ... ရှင်တို့နှစ်ယောက်က ဒီမှာနစ်ပါးသွားနေကြတာပဲ၊ ဘာလဲ မောင်နှမလို ခရု ... နင် ... နင် ... သစ္စာမရှိဘူး ငါ့ယောကျ်ား ညအိပ်တယ်ပေါ့လေ"

"မဟုတ်ပါဘူး ... မမခြယ် ... တစ်မျိုးမထင်ပါနဲ့နော်





ကိုကြီးမူးပြီး အိပ်နေတာပါ၊ ခရုတို့ဘာမှမဖြစ်ကြပါဘူး ... ယုံပေးပါနော်"

"ဖြန်း"

"အား"

"ခြယ် ... မင်းဘာလုပ်တာလဲ ... ငါက မူးပြီးလာအိပ်နေတာကွ၊ မင်းထင်သလို မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ ကိုသုတ ... လက်ပူးလက်ကြပ်မိနေတာတောင် ငြင်းဖြစ်သေးတယ် ... ရှင်တို့နှစ်ယောက်ဖက်နေကြတယ်လေ"

ခြယ့်ကို ရှင်းပြနေလို့လည်း ယုံမှာမဟုတ်ဘူး။

သုတ ထွက်လာခဲ့သည်။

သူ ...

မှားသွားတယ်။

ငွေခရုအနာဂတ်ကို သူ ဖျက်ဆီးပစ်လိုက်သလိုပင်။

ခြယ့်ကိုလည်း လက်ဆွဲပြီး ပြန်ကြဖို့ ပြင်ဆင်သည်။

"ကျွန်မလက်ကို လွှတ်ပါ ကိုသုတ၊ ရှင်တို့နှစ်ယောက်လုံး ခြိမ်းခုတ်နေကြတာပဲ၊ ငွေခရု နင့်ကိုလုံးဝခွင့်မလွှတ်ဘူး"

"မမခြယ်ရယ် ... အထင်မလွဲပါနဲ့ ခရုမလိမ်ပါဘူး၊ ကိုကြီး အရက်မူးပြီး အိပ်နေတာပဲ ရှိတာပါ၊ မမခြယ်ရဲ့ ဖုန်းကိုဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ မရလို့ပါ”

“ဘာ ... နင်ဉာဏ်များတာပဲ၊ နင်ကိုယ်တိုင် ကားနဲ့လာ

ပေးလို့ရတာပဲ၊ နင့်အမေရော နင်ရောအကျင့်တွေမှ မကောင်း

တာ၊ ငါ့ယောကျ်ားကို လက်ခံထားစရာ ဘာအကြောင်းရှိလို့လဲ”

“ခရုလည်း ကြောက်ပြီး သတိမေ့နေတာပါ”

“နင့်တို့ကို မယုံဘူး ... နင့်မျက်နှာက ဘာဖြစ်နေတာ

အစ်မို့ပြီး ... ငါ့ယောကျ်ားကို နင်ကျုံးသွင်းပြီး ကြံစည်တာ”

“ခြယ် ... မင်းကိုတောင်းပန်ပါတယ်ကွာ ဒီမှာ အော်ပြီး

ဟစ်ကျယ် ပြဿနာမရှာပါနဲ့ ... နောက်ဆိုမင်းဆန္ဒအတိုင်း

မပတ်သက်တော့ပါဘူး ... ငါ ကတိပေးပါတယ်”

“မယုံဘူး ... မယုံဘူး ... ရှင့်ရင်ထဲမှာ ခရုပဲရှိနေ

ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်ကြောင့်

ဂုဏ်သိက္ခာတွေအထိခိုက်မခံနိုင်ဘူး”

“ခြယ် ... ပြန်ကြမယ်၊ အိမ်ရောက်မှ မင်းကိုငါရှင်းပြ

“မပြန်ဘူး၊ ဒီကောင်မကို အရှက်ခွဲပြစ်မယ်၊ ရှင်ရော

ပျက်ဖို့ ပြင်ထားပါ၊ ကိုသုတ ... ကုတ်ကမြင်းတွေ”

“လာစမ်း၊ ပန်းရောင်ခြယ် ကျန်တာတွေ မင်းလုပ်ချင်

လုပ်ပါ၊ ငွေခရုကို ထိလို့ကတော့ မင်းနဲ့ငါကွာရှင်းပြီးသာ

“ရှင့်ကော ရှင့်မယားအငယ်ကိုထိလို့ နာတာလား”





“မင်း”

“ကိုကြီး ... မလုပ်ပါနဲ့ဆို တောင်းပန်ပါတယ်နော် ပြန်ပါ

တော့ မမခြယ် မမှားပါဘူး ကိုကြီးပြန်ပါ”

ကိုကြီးအား တောင်းတောင်းပန်ပန်နှင့် ပြန်ခိုင်းပြီး မမခြယ်

ကိုလည်း တောင်းပန်နေမိသည်။

“မမခြယ်ရယ် ... ခရုကိုကြိုက်သလိုပြောပါ၊ ရိုက်နှက်ပါ

ကြီးကိုတော့ ဂုဏ်သိက္ခာကျအောင် မပြောပါနဲ့ တောင်းပန်ပါ

ယ်”

ခြယ်ကတော့ ဒေါသတွေနှင့် ပေါက်ကွဲနေသည်။

မာမီက မြတ်သုတဆီက နစ်နာကြေးတောင်းပြီး ကွာရှင်း

တဲ့။

ခြယ်ကလဲ ကိုမြတ်သုတနှင့် မပေါင်းချင်တော့ပါဘူး။

သူ့ဆီကနေ ရသင့်ရထိုက်တာတွေကိုပဲရအောင် တောင်းဆို

ဆုံးဖြတ်ထားသည်။

“နင်ငါ့ယောကျ်ားကို အရမ်းယူချင်နေလား ငွေခရု”

“မယူချင်ပါဘူး ... ခရု နဲ့ ကိုမြဲရုံက လက်ထပ်တော့မှာလေ

ခြယ် နားလည်လိုက်ပါ”

“အရှက်မရှိတဲ့ အိမ်ထောင်ရေးကို ငါကဘာလုပ်ရမှာလဲ၊

နင်တို့တွေ ကြီးကြီးမားမား ပေးဆပ်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ခရ ... တောင်းပန်ပါတယ်နော်၊ ခရဒီကနေ ထွက်သွား မယ်ဆိုရင်လည်း ခရ ဘာတစ်ခုမှမယူပဲ ထွက်သွားပေးပါမယ် မမခြယ် ... အားလုံးယူပါ"

ခြယ်ကတော့ ဒီအမှားကို ခုတုန်းလုပ်ပြီး ကိုမြတ်သုတဆီက ရပိုင်ခွင့်တွေတောင်းဖို့ ကြံစည်ထားသည်။

ခြယ်ကိုယ်တိုင် ယောကျ်ားတစ်ယောက်ကို ဘဝနှင့်နှစ်ပြီး မချစ်ခဲ့။ စီးပွားရေး အရှာကောင်းတဲ့ ယောကျ်ားတစ်ယောက်ဖြစ်၍ အရယူခြင်း ဖြစ်သည်။

"နင် ဒီကနေ ထွက်မသွားနဲ့ခရ ... နင်တို့ကို မယုံဘူး သွားမယ်၊ ပန်းရောင်ခြယ်အကြောင်း ကောင်းကောင်းသိစေရမယ်"

မမခြယ် ... သောင်းကျန်းပြီး ပြန်သွားသည်။

မထင်မှတ်ဘဲ ပြဿနာတွေက ပိုပင်ရှုပ်ထွေးလာနေခဲ့၏။

အမေကတော့ ခရကိုခေါ်ပြီး မွေးရပ်မြေကိုပြန်ဖို့ စဉ်းစား၏။

ခရကို ကိုကြီးကားနှင့်တိုက်ပြီး ခရကလဲ ခိုကိုးစရာမရှိ အတိတ်မေ့ချင်ယောင် ဆောင်ရာကနေ ကိုကြီးဘဝမှာ ထိနိုး နစ်နာ ဆုံးရှုံးမှုတွေ ဖြစ်လာရသည်။

"အမေတို့ ထွက်သွားကြမယ်၊ ညီမြရန်ကလဲရှိသေးတယ် သမီး ... ခရ ... အမေတို့ ဆင်းရဲတဲ့ဘဝလေးမှာပဲ နေသွားအောင်"

"ကိုကြီးကို ... ကိုကြီးကို မမခြယ်က ဘာတွေလုပ်အုံးမလဲ မသိဘူးအမေ ... ခရတို့ထွက်သွားရင်လည်း မမခြယ်က ပိုပြီး ပြဿနာရှာနေမလားပဲ"

"အားလုံးကို သံယောဇဉ်ဖြတ်လိုက်တာ အကောင်းဆုံးပဲ၊ ခရ ... သွားကြမယ်၊ ကြာလာရင် ဒင်းတို့ကို အမေသတ်မိမယ် ထင်တယ်"

မိမိတို့သားအမိ အတိတ်မြို့လေးကို ပြန်ဖို့ ဆုံးဖြတ်ထား သည်။

ညီမြရန်ကလည်းရှိ၊ ငွေတွေမတရားတောင်းနေသည်။ ပန်းရောင်ခြယ်ကိုလည်း ဒေါသွေးနှစ် သတ်ပြစ်ချင်စိတ်တွေ ပေါ်နေသည်။

"အမေတို့ ပြန်ကြတာပဲ ကောင်းတယ် ခရ ... ဇာတိမြို့ လေးကိုပဲ ပြန်ကြမယ်"

"သမီး ကိုခြံရှန့်နဲ့လက်ထပ်မယ်အမေ ... ကိုကြီးသံယောဇဉ် ပြတ်သွားအောင်ပါ၊ မမခြယ်လည်း ယုံကြည်သွားစေချင်ပါတယ်"

"သမီးလေးခရ ဘယ်အထိများ ကံဆိုးနေမှာလဲကွယ် ... ကံဆိုးစရာကောင်းလိုက်တာ ... အမေ့ရင်တွေကွဲအက်ကြေမွသွား







www.burmeseclassic.com

www.burmeseclassic.com



မတတ် ခံစားနေရတယ် ... ”

အမေက ခရုကို ဖက်၍ငိုသည်။

မမခြယ် ခွင့်မပြုဘဲ ခရု မပြန်ရဲပေ။

ကိုခြိမ်ရုံနှင့် လက်ထပ်လိုက်တာ အကောင်းဆုံးပဲဖြစ်နိုင်၏။

ခရုနှင့်ကိုခြိမ်ရုံတွေ့တော့ သူ့မာမီက လက်မခံဘဲ ကန့်ကွက်နေသဖြင့် လက်ထပ်ဖို့ အချိန်ပေးပါတဲ့။

“မင်းနဲ့သုတတို့က နာမည်တော်တော်ထွက်နေတယ်ရေ ရယ် ... မာမီလည်း သိနေတယ်၊ ခြယ်မာမီနဲ့ကိုယ့်မာမီက မိတ်ဆွေတွေလေ”

“ကိုခြိမ်ရုံ မာမီ့က ကန့်ကွက်ရင်လည်း ခရုကိုလက်ထပ်မေ ဆို ... ”

“မင်းကဖြူစင်တဲ့ကောင်မလေးဆိုတာ ကိုယ်သိတယ်ရေ မင်းကိုလည်း ကိုယ်ချစ်တယ် ... လောလောဆယ်တော့ ကိုယ့်ဘ နေမကောင်းသေးဘူး ... စောင့်ပေးပါကွာ”

ခရု ဘာဆက်လုပ်ရမှန်းပင် မသိတော့။

ယောကျ်ားလေးတစ်ယောက်ကို အတင်းအကြပ် လက်ထ ယူနိုင်းဖို့ဆိုတာက မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ အကြီးအကျယ် ထိခိုက်စေသည်။

ဖိုးလပြည့်စာပေ



“ကိုခြိမ်ရုံ ... လက်ထပ်ဖို့ကိစ္စကိုရွှေ့တာ ခရုလက်ခံပါတယ်၊ ဒါပေမဲ့ ... ချစ်သူလိုတော့ နေခွင့်မပြုနိုင်ပါဘူး”

ခြိမ်ရုံက ခရုကိုချစ်သူတစ်ယောက်လို တွေးပွေ့ယုယချင်ပေမယ့် ခရုက ငြင်းဆန်နေသည်။

မာမီက ပြင်းပြင်းထန်ထန် ဆန့်ကျင် ကန့်ကွက်နေ၏။

နာမည်ပျက်နေတဲ့ သူမျှားခြေတော်တင်ပြီးသားတဲ့။

ခရု ဖြူစင်တာကိုတော့ ခြိမ်ရုံ လက်ခံနေသည်။

“သုတနဲ့ခရုတို့ ဖြူစင်ကြတယ်ဆိုတာ ကိုခြိမ်ရုံ လက်ခံပါ တယ် ... ဒါပေမဲ့ ... ကိုယ့်မာမီက ကျန်းမာရေးမကောင်းဘူးလေ”

“ခရု အတင်းအကြပ် မတောင်းဆိုပါဘူး ... ကိုခြိမ်ရုံ အဆင် ပြေတဲ့နေ့ စီစဉ်ပါ”

“ခရုလေးရယ် ... ”

ခြိမ်ရုံကိုယ်တိုင် ခရုလေးကို သနားကြင်နာမိသည်။

သူ ... မိန်းကလေးတွေ အများကြီးနှင့်ရှုပ်ပွေခဲ့မိပေမယ့် ခရုနှင့်တွေ့မှ အချစ်ဆိုတာကို နားလည်သွားခဲ့ရ၏။

ခရုအား သူကိုယ်တိုင်လည်း မစွန့်လွှတ်နိုင်ပါဘူး။

“ကိုခြိမ်ရုံ ပြန်ပါတော့ ... ခရု စောင့်နေပါ့မယ်နော်၊ ပတ်ဝန်း ကျင်မှာ ခရု အရှမ်းနာမည်ပျက်နေရပါတယ်၊ ဒီကနေ ထွက်သွားဖို့ပဲ ဆုံးဖြတ်ထားပါတယ်”

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခရ ... မင်း ထွက်မသွားပါနဲ့ ကိုခြံရဲ လက်ထပ်မှာပါ၊ ခရ ကိုလည်း ကိုယ်လုံးဝ မစွန့်လွှတ်နိုင်ဘူး ... အချိန်လေးပေးပါ"

ခရ ကိုယ်လုံးလေးကို ခြံရဲ တင်းကြပ်စွာဖက်ထားမိသည်။

ဘယ်သူတွေဘာပဲပြောပြော ခြံရဲ နားလည်ထားတာက ခရ ဖြူစင်သည်ဟုပင်။

ခြယ်မှာမီကြောင့် သူမာမီက ခရအား အထင်သေးပြီး သား နှင့်ပတ်သက်မှာပင် ကြောက်နေသည်။

"ငွေခရဆိုတဲ့ကောင်မလေးနဲ့ မင်းလက်ထပ်ရင် မာမီအသေ ပဲ ... သားကို မာမီမျှော်လင့်ချက်တွေ အများကြီးနဲ့ ပြည့်ပြည့်စုံစုံ ကျွေးမွေးစောင့်ရှောက်လာခဲ့ရတာပါ၊ ဒီလိုအဆင့်မရှိတဲ့ မိန်းကလေး တစ်ယောက်ကို ချွေးမတော်ရမှာလား သားရယ် ... "

မာမီ အိပ်ရာထဲမှာပင် လဲနေ၍ ခြံရဲ ခက်နေသည်။

ခရကိုလည်း ချစ်တယ်။

ခြံရဲ ရင်ထဲသို့ အချစ်တွေ စတင်ဝင်ရောက်စေခဲ့တဲ့ မိန်းကလေးပါ။

"ကိုယ့်အချစ်တွေကို ယုံရဲ့လား ခရလေးရယ် ... မင်း ဘာ တွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ ... ကိုယ်လက်ထပ်မယ် ... ခရလေးကို ချစ်တယ်"

ခရကတော့ ကိုခြံရဲကိုချစ်လား မချစ်လားဆိုတာ ဒေါ တော့။





ကိုကြီး အဆင်ပြေရေးအတွက်ပဲ စဉ်းစားနေမိသည်။

ကိုခြံရဲ ရင်ခွင်ထဲမှာ သူမ ကြေကွဲဝမ်းနည်းနေ၏။

ကိုကြီးရယ် ...

ခရဘဝအတွက် ကိုခြံရဲကို မျက်စိမှိတ် လက်ထပ်ရပါတော့ မယ်။

ကိုခြံရဲကလည်း ခရကိုချစ်နေပါတယ်လေ။

စိတ်တွေကို လျှော့ထားပစ်မိသည်။

မဖြစ်မနေ ခရ ဆုံးဖြတ်ရတော့မည် ဖြစ်၏။

ကိုခြံရဲက ခရပျော်ရွှင်စေရန် အပြင်သို့ ခေါ်သွားပြီး ညစာ ကျွေးသည်။

ခရ ငြင်းပယ်နေသည့်ကြားမှ အသုံးအဆောင်ပစ္စည်းတွေ ယ်ပေးခဲ့၏။

လောကကြီးထဲမှာ ယောင်ချာချာနှင့် ခရ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေသည်။

ကိုခြံရဲနှင့် အပြင်ထွက်ပြီး ပြန်လာတော့ သူမ ရင်ဆိုင်လိုက် သူက ပထွေး ဦးညိုမြပင်။

"ငွေခရ ... နင်က အရမ်းကိုအဆင်ပြေနေတာပါလား၊ သူဌေးတွေနဲ့ပဲတွေ့နေတယ် ... ဦးလေးညိုမြကိုတော့ ပစ်မထားနဲ့



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ဟင်"

"ကြောက်သွားတာလား ငွေခရ ... မကြောက်ပါနဲ့၊ ဦးလေး ညီမြမှာ ငွေအသုံးလိုနေလို့ပါ၊ ညည်းအမေက ချွေးမောင်းသလို မောင်းထုတ်နေတယ်၊ ဦးလေးညီမြကို ကူညီပါဦး ... ဆယ်သိန်း လောက်ပဲ ပေးပါ"

ပထွေးညီမြနှင့် စကားမပြောချင်တော့၍ ခရရှောင်ထွက် လာခဲ့သည်။

"နင်တို့ ငါ့ကိုမကူညီရင် နင်ပဲ အရှက်ရမှာနော် ငွေခရ၊ ငါက ဘယ်လောက်ရက်စက်တတ်လည်းဆိုတာ နင်သိပါတယ်နော်"

ခရ လှည့်မကြည့်တော့ဘဲ သူမ အခန်းထဲကိုပဲ ပြေးဝင်လာ ခဲ့သည်။

"သမီးခရ ... ဘာဖြစ်လာတာလဲ၊ ဟိုလူယုတ်မာနဲ့တွေ့ခဲ့ တာလား၊ အမေ ... အခုပဲ မောင်းထုတ်ပစ်လိုက်တာလေ"

"အမေ"

"သမီး ခရ"

"ခရဘဝ ဘာဖြစ်လို့များ ဒီလောက်အထိ ကံဆိုးနေရတာလဲ ဟင် ... ဘယ်ဘဝက အကုသိုလ်တွေကြောင့် ခရဘဝတစ်လျှောက်





လုံး ဒုက္ခတွေနဲ့ပဲ ရင်ဆိုင်ကြုံတွေ့နေရတာလဲ ... ခရအရမ်းကြောက် တယ်၊ ခရမှာ ရပ်တည်နိုင်စွမ်းတောင် မရှိတော့ပါဘူးအမေရယ်"

ခရ အင်အားတွေ ချိနဲ့ကုန်ခမ်းနေသလို ရပ်တည်နိုင်စွမ်းပင် မရှိတော့။

အမေ့ရင်ခွင်ထဲ တိုးဝင်လဲပြိုကျသွားသည်။

www.burmeseclassic.com

အခန်း ( ၁၈ )

"ရှင့်ရဲ့လုပ်ငန်းတွေအားလုံး ကျွန်မလက်ထဲကိုလွှဲပေး

ကိုသုတ ... ရှင့်ကိုမယုံကြည်တော့ဘူး"

"ကောင်းပြီ ပန်းရောင်ခြယ် ... မင်းကိုအားလုံးလွှဲပေးမ

ငါ့ကို ကွာရှင်းပေးပါ"

"ဘာပြောတယ်"

"ငါပိုင်ဆိုင်မှုတွေ မင်းကိုပေးပြီးရင် မင်းနဲ့ဆက်ပေါင်း

အကြောင်းမှ မရှိတော့တာဘဲ ... ဘယ်လိုလဲ ... "

ပန်းရောင်ခြယ်လို အတ္တကြီးတဲ့ မိန်းမတစ်ယောက်ကို

ဘဝတစ်သက်တာလုံး လက်တွဲဖို့မဖြစ်နိုင်ပေ။

သူ့ဘက်ကမှားတယ် ဆိုပေမယ့်လည်း ဇနီးမယား

ယောက်အနေနှင့် အားပေးနှစ်သိမ့်မှုတွေနှင့် လက်ခံနားလည်

သင့်သည်ဟု သူထင်သည်။





"ပန်းရောင်ခြယ် ... မင်းလိုအပ်တာက စည်းစိမ်ဥစ္စာတွေ

ဟုတ်လား"

"ဟုတ်တယ်လေ ... ပန်းရောင်ခြယ်က အချစ်ကိုဦးစား

ပေးဘူးဆိုတာ ရှင်သိပါတယ်"

"မင်းကိုပေးမယ် ... မင်းလဲ ငါ့ကိုမပေါင်းချင်တော့ဘူး

ဟုတ်လား"

ပန်းရောင်ခြယ်ကတော့ ကိုသုတအား ရုတ်တရက်ကြီး ကွာ

င်းမပေးလိုပေ။

ဘာကြောင့်လဲဆိုတော့ ငွေခရုကြောင့်ပဲ။

ကိုသုတက အရည်အချင်းရှိသည်။

ငွေခရုနှင့်လက်ထပ်မှာကို မနာလိုဝန်တို ဖြစ်နေသေးသည်။

"မင်းထွက်သွားတော့ ... ငါတစ်ယောက်ထဲနေပါရစေ ပန်း

ောင်ခြယ် ... မင်းလိုမိန်းမမျိုးကို ငါအရင်ထဲက မချစ်ခဲ့ရင်ကောင်း

"

"ငွေခရုကြောင့်လား"

"ငွေခရုက မင်းလိုမိန်းမမျိုး မဟုတ်ဘူးကွ"

"အရမ်းတန်ဖိုးထားနေတယ်ပေါ့လေ ... ရှင့်ဟာမက မကြာ

ခင်ရဲ့နဲ့လက်ထပ်တော့မယ်"

"ငွေခရုနဲ့ ဘာမှမဆိုင်ဘူးကွ ... ခရုဆန့်ပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



ငွေခရ လက်ထပ်ဖို့ ဆုံးဖြတ်ရင်လည်း ကိုကြီးမကန့်ကွက်ပါဘူး။

ခြိမ့်ကိုပဲ စိတ်မချတာပါ။

ခြိမ့်က မိန်းမပွေလွန်းသည်။

ခရကိုတော့ ချစ်သွားနိုင်တာပဲ။

မင်္ဂလာကောင်းပါစေ ခရ။

"ငါ့လုပ်ငန်းတွေ လွှဲပြောင်းပေးတဲ့စာချုပ်ရော ကွာရှင်း[illegible] ချုပ်ကိုရော မင်းတစ်ခါထဲ လက်မှတ်ထိုးရမယ်"

"ကောင်းပြီလေ ... ကျွန်မတို့ ကွာရှင်းမယ်"

ကိုမြတ်သုတ ...

ရှင့်ဘဝကြီးတစ်ခုလုံး စုတ်ပြတ် သတ်သွားအောင်လုပ်[illegible] မယ်။

ပန်းရောင်ခြယ်ကို ဘာမှတ်နေလဲ။

သူမ ဒေါသတွေ အကြီးအကျယ် ထွက်နေရသည်။

"ရှင် စီစဉ်လိုက်လေ ... ပန်းရောင်ခြယ်အတွက် ငွေ[illegible] ဥစ္စာတွေပဲ လိုအပ်တယ်"

သုတအတွက် စိတ်အေးချမ်းလွတ်လပ်မှုတွေပဲ အလိုအ[illegible] ဖြစ်နေသည်။

ပန်းရောင်ခြယ်နှင့်သူ ...





ယခုအချိန်အထိ လင်မယား အရာမမြောက်ခဲ့ကြ။

သူ့စိတ်တွေထဲမှာ ပန်းရောင်ခြယ်နှင့်တယုတယ နေထိုင်ဖို့ ပင် ဆန္ဒတွေ ကုန်ခမ်းနေသည်။

သူ နိုင်ငံခြားသို့ အပြီးအပိုင်ထွက်သွားဖို့ပဲ စဉ်းစားထားမိ၏။

ခရအတွက်လည်း လိုအပ်တာတွေ ပြည့်စုံစေရန် စီစဉ်ပေးလို သည်။

"ကျွန်မ သွားတော့မယ် ကိုသုတ ... ကျွန်မဘဝကို ရှင် ဝဋ်သိက္ခာမဲ့အောင် လုပ်သွားတာပဲ ... ရှင်ကောင်းကောင်း နောင်တရစေရမယ်"

ပန်းရောင်ခြယ် ထွက်လာခဲ့သည်။

ကိုသုတလို ယောကျ်ားတစ်ယောက်ကို စွန့်လွှတ်ရတာ တော့ သူမနှလုံးသားတွေ နာကျင်နေ၏။

မိန်းမတစ်ယောက်အတွက် ဆုံးရှုံးမှုပါပဲ။

ငွေခရ ...

နင့်ကြောင့်ပဲ။

နင့်လိုမိန်းမကို ငါဘာဖြစ်လို့ မယုံနိုင်ရတာလဲ။

ငါ့ဘဝမှာ အရှုံးဆိုတာ မရှိခဲ့ဘူး။

သူမ ခြိမ့်နှင့်တွေ့သည်။

"ခြိမ့် ... ရှင်တကယ်ပဲ ငွေခရကို လက်ထပ်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ပန်းရောင်ခြယ် ... မာမီသဘောမတူလည်း ကိုယ် လက်ထပ်မယ်"

ငွေခရအတွက် ယောကျ်ားတွေက ဒီလောက်အထိ သစ္စာ တွေရှိနေကြပါလား။

ခြံရံက အမေချစ်သူ။

တစ်ဦးတည်းသောသား။

"ကိုယ် နှောင်တတွေရနေတယ် ပန်းရောင်ခြယ် ... မိန်း ကလေးကို အလေးအနက် မထားခဲ့တာ၊ ကိုယ်အပျော်ကြံခဲ့တာ တွေ ကိုယ် ခရကို အရမ်းချစ်တယ် ... "

"ဟား ... ဟား ... ဟား ... "

"ဘာရယ်တာလဲ ပန်းရောင်ခြယ် ... မင်းအတွက် ရယ်စရာ ကောင်းနေပေမယ့် ကိုယ်ကတော့ ခရအတွက် အရမ်းခံစားရတယ် ခရကို မစွန့်လွှတ်နိုင်ဘူး"

"ဒါဆို ရှင် ... ခရနဲ့အမြန် လက်ထပ်လိုက်ပါ"

"ဘာဖြစ်လို့လဲ ပန်းရောင်ခြယ် ... "

"ခြယ်နဲ့ကိုသုတတို့ ကွာရှင်းတော့မယ်"

"ဟင်"

"တစ်ပတ်အတွင်းလေ"

"ခရကြောင့်လား"





"မောင်က ခရမှခရဖြစ်နေတယ်၊ ခြယ်နဲ့ခုထိ လင်မယားအရာမမြောက်ကြသေးဘူး"

"ပန်းရောင်ခြယ် ... မင်းစိတ်လိုက်မာန်ပါ မလုပ်ပါနဲ့၊ ကိုသုတဘက်ကို မပြောလိုပေမယ့် ခရက ဖြူစင်တယ် ... "

"ရှင်တို့အားလုံးက ငွေခရဆို အကောင်းမြင်လိုက်ကြတာ"

ခြံရံလည်း ပန်းရောင်ခြယ်တို့ ကွာရှင်းမှုအတွက် ခရကို စိတ် မချနိုင်တော့။

ခရရင်ထဲမှာလည်း ကိုသုတက ရှိနေသည်။

ကိုသုတကြောင့်လည်း သူ့ကိုလက်ထပ်ဖို့ သဘောတူ လက်ခံခြင်းပါ။

"သစ္စာမရှိတဲ့ ယောကျ်ားတွေ ... ကိုသုတလိုယောကျ်ား တောင် ငွေခရကြောင့် ချစ်သူကို သစ္စာဖောက်သွားတယ်လေ၊ ဟား ... ဟား ... ဟား ... "

ပန်းရောင်ခြယ် အုံ့လိုက်သဲလိုက် ရယ်ပစ်သည်။

ငွေခရက ဘာမို့လို့လဲ။ ရုပ်ရည်လေး ချောတာပဲရှိပြီး တခြား ဘာမှတန်ဖိုး မရှိတဲ့ မိန်းမ။

နင့်ကို ငါဘယ်တော့မှ အရှုံးမပေးဘူး ငွေခရ။

"ခြံရံရယ် ... ရှင့်လိုယောကျ်ားတစ်ယောက်နဲ့ ငွေခရလို အဆင့်အတန်းမရှိတဲ့ မိန်းမ ... လုံးဝ မတန်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းရောင်ခြယ် ... မင်းပြန်ပါ၊ ကိုယ်အလုပ်တွေရှိသေး
တယ်၊ တစ်ခုတော့ မင်းကိုအသေအချာပြောလိုက်မယ် ... ကိုယ်
ခရုကို လက်ထပ်မယ် ... "

"အရှုံးပဲ"

သူမ အော်ဟစ်ပစ်သည်။

ဒေါသတွေက ပေါက်ကွဲချင်နေ၏။

ငွေခရုကို နှစ်သက်မြတ်နိုးနေတဲ့ ယောကျ်ားတွေ အ
ကောင်တွေပဲ။

မိန်းမ ဒီလောက်ရှားသလား ...

ပန်းရောင်ခြယ် နာကျင်ရသည်။

မာမီကတော့ ပန်းရောင်ခြယ် မဟုတ်သလိုပဲတဲ့။

"သမီး ဘာဖြစ်လို့ အရှုံးပေးခဲ့ရတာလဲ ... မောင်မြတ်သူ
ကို မကျွာဘဲ ဒုက္ခပေးနေရမှာ ... ဖောက်ပြန်ပါစေ၊ ငွေခရုက
အဆင့်ရှိနေလို့လဲ ... "

"အချစ်မရှိ အိမ်ထောင်ရေးကြီးကို ခြယ်ရှေ့မဆက်ချင်
ဘူး မာမီ ... ငွေခရုဘဝကို စုတ်ပြတ်သတ်သွားအောင် ခြယ်
ပစ်မယ်"

ဒေါ်မျက်ခြယ်ကလဲ သမီးအတွက် ဒေါသတွေဖြစ်နေ
သမီးအိမ်ထောင်ရေး ပြိုကွဲသွားမှာတော့ စိုးရိမ်မိ၏။ လက်ထပ်





ဘယ်လောက်များကြာသေးလို့လဲ။

ငွေခရုကြောင့်တဲ့။

မောင်ခြိမ့်ရုံနှင့်လက်ထပ်ဖို့လည်း မိမိတားဆီးရမယ်။

မောင်ခြိမ့်ရုံက အစွမ်းအစရှိတဲ့ယောကျ်ား ဖြစ်သည်။

"မာမီနဲ့မောင်ခြိမ့်ရုံ မာမီတွေ့ရင် ငွေခရုအကြောင်း ပြောပစ်
မယ် ... မောင်ခြိမ့်ရုံ လက်မထပ်စေရဘူး"

ဒေါ်မျက်ခြယ် တွေးမိတိုင်း ဒေါသတွေထွက်ပြီး မောင်ခြိမ့်ရုံ
ခင်ထံ ဖုန်းဆက်သည်။

"မောင်ခြိမ့်ရုံ ချစ်နေတဲ့ကောင်မလေးက သမီးယောကျ်ားနဲ့
လွှတ်ဘူးမေ ... မင်းသားကို ဒီအတိုင်းလွှတ်ထားတော့မှာလား၊
ခု ... သမီးကိုတောင် သမီးခင်ပွန်းက လိုချင်တာတွေပေးပြီး
ရှင်းတော့မယ်"

"ဟင် ... ဟုတ်လား မမ ... ဒုက္ခပါပဲ၊ သား ခြိမ့်ရုံကလည်း
ဒီကောင်မလေးမှ အဲဒီကောင်မလေးဖြစ်နေတယ် ... မေ့ဆီ
ကောင် မလာတော့ဘူး၊ မေလည်း နှလုံးရောဂါပြန်ထနေတယ်
ယ် ... "

"အဲဒါကြောင့် မမပြောတာလေ ... မင်းသားဘဝနစ်နာလိမ့်
အိမ်ဖော်မရဲ့သမီး ပညာမတတ် ဘာမတတ်နဲ့လေ"

"မေ လက်မခံနိုင်ဘူး၊ ဒင်းကို သွားပြီး ပြဿနာရှာပစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အရှက်ခွဲရမယ် ... ”

“ယောကျ်ားတွေကို မြူဆွယ်ဖြားယောင်းတဲ့နေရာမှာ နံပါတ်တစ်ပဲမေ ... ကြောက်စရာကောင်းတယ်၊ မမသမက်တိုက်မှာ လိမ်ညာလှည့်ဖြားပြီးနေတာ ... အတိတ်မေ့ချင်ယောင်ဆောင်နေတာတဲ့လေ”

“အမလေး မမရယ် ... ကြောက်စရာကောင်းလိုက်တဲ့ မိန်းမပဲ ... သားက အရမ်းစွဲလမ်းနှစ်သက်နေတယ်”

ဒေါ်မေသက်ထား စိတ်တွေပူလောင်လာသည်။ သားနဲ့တန်လို့လား။ အခြေအမြစ်မရှိတဲ့ဟာမလေးပါ။

မဖြစ်ဘူး ...

သားအတွက် တားဆီးသင့်တာတွေ တားဆီးပစ်ရမည်။

သားက မိခင်စကားကိုပင် ဆန့်ကျင်လာသည်။

“ငွေခရုက အပြစ်မရှိတဲ့ မိန်းကလေးပါ မာမီရာ ... သားချစ်တယ်၊ သားကိုလည်း ဘယ်တုန်းကမှ မြူဆွယ်ဖြားယောင်းတာမျိုး မလုပ်ခဲ့ပါဘူး ... သူ့ကို သားအရမ်းချစ်တယ်၊ ပိုင်ဆိုင်ချင်တယ် မာမီ ခွင့်ပြုပေးပါ”

“သား ... ရူးနေပြီလား၊ မင်းမှာ ဆင်ခြင်တုံတရားတွေ မရှိတော့ဘူးလားခြိမ်ရဲ့ ... မာမီရဲ့ တစ်ဦးတည်းသော သားလေး အဖိုးတန်မိုးထားရတဲ့ အမွေခံသားကို သူများခြေတော်တင်ပြီးသား မိန်း





ကလေးနဲ့ လက်ထပ်ခွင့်ပြုရမှာလား သားရယ် ... ”

ဒေါ်မေသက်ထား မျက်ရည်တွေ လိမ့်ဆင်းကျလာတော့။ သားခြိမ်ရဲ့ တွေဝေသွားသည်။

မိခင်ကလွဲပြီး ဘယ်မိန်းမကိုမှ မချစ်တတ်တဲ့သားပါ။

ငွေခရုနဲ့တော့ ဒေါ်မေသက်ထား ဘယ်လိုမှ သဘောမတူနိုင်ပါဘူး။

“သားခြိမ်ရဲ့ ... မာမီ တောင်းပန်ပါတယ်၊ ဘာမှတန်ဖိုးမရှိတဲ့ မိန်းကလေးအတွက် မာမီ့ကို စွန့်ခွာသွားတော့မလား”

သားမိန်းကလေးတွေနဲ့ ရှုပ်ချင်သလောက် ရှုပ်ပါ။ တရားဝင် မိန်းမကိုတော့ မာမီရွေးချယ်မည်ဟု ပြောထားခဲ့သည်။

“မာမီ့ရွေးမလောင်းကို မာမီကိုယ်တိုင်ရွေးချယ်ပါ့မယ်၊ မာမီမှာ ရောဂါရှိတာ သားသိတယ်နော် ... ငွေခရုနဲ့တော့ လုံးဝသဘောမတူဘူး”

ခြိမ်ရဲ့လည်း မာမီကြောင့် ဘယ်လိုဆက်လုပ်ရမှန်းပင် မသိတော့။

ကိုသုတနှင့်ခရု ကင်းရှင်းရဲ့လားပဲ။

ခြယ်ကတော့ ငြိစွန်းထားပြီးပြီတဲ့။

ခရုကိုလည်း ခြိမ်ရဲ့ ယုံကြည်သည်။

ဘယ်လိုအတိတ်က အကြောင်းတွေရှိရှိ သူ ချစ်မိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထာဝရ ပိုင်ဆိုင်ထားလိုသည်။

"သား ... လောလောဆယ်တော့ ခရုကို လက်မထပ်သေးပါဘူး မာမီ ... ဒါပေမဲ့ သားလက်ထပ်မယ် မာမီရယ် ... သားကို နားလည်ပေးပါဗျာ၊ လက်ခံပေးပါ ... "

"မဖြစ်ဘူး ... လုံးဝမဖြစ်ဘူးနော်သား ... ပန်းရောင်ခြယ် ယောက်ျားရဲ့အငယ်တွဲလေ ... "

"ခရုက အဲဒီလို မိန်းကလေးမျိုးမဟုတ်ပါဘူး ... သန့်ရှင်းတယ်၊ သားကတော့ ယုံတယ်မာမီ ... "

"အမလေး သားရယ် ... မာမီ ရင်ကျိုးရတော့မယ်၊ မာမီသေမှ အဲဒီဟာမကို လက်ထပ်ပါ ... အမလေး ... အသက်ရှူလို့တောင် မဝတော့ဘူး"

"မာမီ"

"အင်း ... ဟင်း ... အား ... "

သူ မာမီ့ကို ဆေးခန်းပို့ပေးရသည်။

သူကိုယ်တိုင် ဝဋ်လည်နေပြီလားပဲ။

အရင်က မိန်းကလေးတွေကို အပျော်ပဲကြံ၍ ရှုပ်ပွေလာသလောက် ငွေခရုကျမှ တန်ဖိုးကြီးမားကာ ချစ်မိနေသည်။

မာမီ့ကျန်းမာရေးအရကိုတော့ လက်လွှတ်အဆုံးရှုံး မခံနိုင်ပါဘူး။





မာမီ့အခြေအနေကလဲ မကောင်းသေးပေ။ သူ့စိတ်တွေကခရုဆီ ရောက်နေသည်။

မာမီကို ခဏထားခဲ့ပြီး ခရုကို သွားတွေ့ခဲ့၏။

ခရုကတော့ ကိုခြံရဲ့ အဆင်ပြေအောင်နေပါတဲ့။ ခရုအတွက် စိတ်မပူပါနဲ့။ ကိုခြံရဲ့ကို စောင့်နေမှာပါတဲ့။

ခရုကို ခြံရဲ့ တောင်းပန်မိသည်အထိ ချစ်ရသည်။

"ခရုကို ချစ်တယ် ... ကိုယ်အရင်လို မရှုပ်ပွေတော့ပါဘူး ခရုရယ် ... မင်းကို ကတိပေးပါတယ်၊ ကိုယ့်ကို စောင့်နေပေးပါ"

"ကိုခြံရဲ့ရယ် ... ခရုကိုယုံပါ၊ ရှင့်ကိုစောင့်နေပါ့မယ်"

မာမီ့ဆီရောက်တော့လည်း ခရုနှင့်လက်မထပ်ဖို့ဘဲ တတွတ်တွတ် တောင်းဆိုနေသည်။

ခြံရဲ့ လက်မခံနိုင်ပေ။

သူ့ဘဝ လက်တွဲဖော်က သူအချစ်မြတ်နိုးဆုံး မိန်းကလေးတစ်ယောက်ပဲ ဖြစ်သင့်သည်ဟု ထင်မိ၏။

မာမီ ဘာဖြစ်လို့ နားလည်မှုမပေးနိုင်ရတာလဲ။

"မာမီ့အနားကနေ ထွက်ခွာမသွားပါနဲ့သားရယ် ... သံယောဇဉ်တွယ်စရာဆိုလို့ သားပဲရှိတာလေ၊ မာမီ့ကို သနားပါဦးသားရယ်"

မာမီစိတ်ကို ပျော်ရွှင်အောင်ထားပေးဖို့ ဆရာဝန်က ညွှန်ကြားထားသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိခင် သေဆုံးရမှုက သူ့ရဲ့ တာဝန်မဲ့မှုကြောင့်တော့ အဖြစ်မခံနိုင်။

မာမီ့မျက်စိရှေ့မှာပဲ ခြိမ်ရုံ နေရသည်။

"ပန်းရောင်ခြယ်လေး သနားစရာကောင်းလိုက်တာ သားရယ် ... လက်ထပ်တာ ဘယ်လောက်များကြာသေးလို့လဲ၊ အခုကွာရှင်းကြပြီ ... ပန်းရောင်ခြယ် ရသင့်ရထိုက်တာတွေ ရပေမယ့် တစ်ခုလပ်တစ်လင်ကွာဆိုတဲ့ နာမည်ကပျက်ရပြီလေ"

ပန်းရောင်ခြယ်နှင့်ကိုသုတ ကွာရှင်းလိုက်မှုအတွက်လည်း ခြိမ်ရုံ စိတ်ပူရသည်။

ကိုသုတမှာ ဘယ်လိုအကြံအစည်တွေ ရှိနေတာလဲ။ စီးပွားရေးလုပ်ငန်းတွေအားလုံး လွှဲပေးလိုက်တာ ခရုအတွက်လား။

"သူများ အိမ်ထောင်ရေးကို ပျက်စီးအောင်လုပ်တဲ့ဟာမအရှက်မရှိလိုက်တာ ... မာမီတို့ ဘယ်လောက်အထိ ဂုဏ်သိက္ခာမဲ့ရမလဲ၊ မာမီ့သား ခြိမ်ရုံ အသုံးချခံရတာပါကွယ်"

မာမီ ဘယ်လိုပဲပြောနေပါစေ ခြိမ်ရုံကတော့ ငွေခရုကို အထင်မသေးပါဘူး။

ငွေခရုရဲ့စိတ်ကို ခြိမ်ရုံ သိနေသည်။

"မာမီ ... ကျန်းမာရေးကောင်းအောင်ပဲ နေထိုင်ပါ။ သားကတော့ ဝဋ်လည်တာပဲထင်တယ် ... ခရုကို ဘယ်လိုအကြောင်း





တွေပဲရှိနေ ရှိနေ ... အရမ်းချစ်မိနေတယ်၊ ပိုင်ဆိုင်ချင်နေတယ် တမ်"

ငွေခရုကို လက်မထပ်ပါနဲ့ဟု မာမီ တတွတ်တွတ် တောင်းဆိုနေပေမယ့်လည်း ခြိမ်ရုံကတော့ ကတိမပေးနိုင်ပေ။ ခရုကလဲ ကိုခြိမ်ရုံကို စောင့်နေပါ့မယ်တဲ့။

မိခင် နေမကောင်းသေးတဲ့အချိန်မှာ ခရု နားလည်ပေးပါ့ယ်တဲ့။ ခရုကို တန်ဖိုးထားတဲ့ ကိုခြိမ်ရုံကလွဲပြီး ခရု ဘယ်သူ့ကိုမှ လက်ထပ်မှာမဟုတ်ပါဘူးတဲ့။

"ကိုသုတက ခရုအစ်ကိုပါ၊ ချစ်သူအဖြစ်လည်း မရောက်ခဲ့ပါဘူး ... ခရုကိုယ်ကျင့်တရားတွေကို ယုံကြည်ပေးပါ ကိုခြိမ်ရုံ ယ်"

"ခရုကို ချစ်တယ်"

ခရုကတော့ ကိုခြိမ်ရုံကို ချစ်တယ်ဟု မပြောခဲ့ပေ။ ခြိမ်ရုံ စိတ်မှာ သံသယတွေရှိခဲ့ပေမယ့် ခရု အဆုံးရှုံးမခံနိုင်လို့ လက်ထပ်ဖို့ ဆုံးဖြတ်ထားခဲ့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"ခရ ... ကိုကြီးကို စွန့်ပစ်မသွားပါနဲ့ မင်း ... ဘယ်သူ့ကို လက်မထပ်ရဘူး၊ မြို့ရဲ့နဲ့လိုက်မသွားပါနဲ့၊ ကိုကြီးနဲ့အတူတူနေပါ ... ကိုကြီးဘဝမှာ မင်းမရှိလို့ မဖြစ်ဘူး၊ ခရလေး ... ငွေခရ"

"အား ... "

သူ့ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲနေသည်။ ရင်ထဲမှာ မီးတောက်နေသလိုပဲ။

ခေါင်းတွေထဲမှာ ချာချာလည်နေသလိုပင်။

သူ သတိရ တမ်းတနေမိတာက ငွေခရကိုပင်။

"အား ... ကျွတ် ... ကျွတ် ... ခရလေးရယ်၊ ကိုကြီးကို မရက်စက်ပါနဲ့၊ လာပါ ... ကိုကြီး အနားလာခဲ့ပါကွာ"

"အား"

"ခရ ... "





"မောင်သုတ ... မင်းအရမ်းဖျားနေတယ် ထင်တယ်၊ သတိထားပါဦး"

သူ့နာမည်ကိုခေါ်ပြီး သူ့ခန္ဓာကိုယ်အား ဆွဲကိုင်လှုပ်ခါနေသည်။

ဘယ်သူလဲ ...

ငွေခရလား။

သူ့ခန္ဓာကိုယ်က လှုပ်ရှားမရ။

"မောင်သုတ ... မောင်သုတ ... သတိထားပါဦး၊ ကိုယ်တွေ ခြစ်ခြစ်တောက်အောင် ပူနေတာပဲ"

"မောင်သုတ ... "

"ဟင် ... "

သူ့မျက်လုံးတွေက ဖြတ်ခနဲ ဖွင့်သွားသည်။

သူ့အပေါ် အုပ်မိုးနေတဲ့ အရိပ်တစ်ခု။

ဘယ်သူလဲ ... ငွေခရလား။

အသိတွေ ဝင်လာသည်။

"မောင်သုတ ... သတိထားပါဦး၊ မင်းအရမ်းဖျားနေတယ်လေ ... ဦးလေး ဆရာဝန်ကို ဖုန်းဆက်ခေါ်ထားတယ်"

"ဦးလေးကျော်"

"အေး ... မင်းတစ်ညလုံး မြို့ထဲမှာ ထိုင်နေတယ်၊ ညဉ့်နက်"



www.burmeseclassic.com

www.burmeseclassic.com



မှ ဦးလေးကျော်တွေ့လို့ အိပ်ခန်းထဲ ပို့ပေးထားတာ၊ မနက်လာကြည့်တော့ ... မင်းကယောင်ကတမ်းတွေ အော်နေတယ်လေ"

သူ ကောင်းကောင်းသတိရပါပြီ။

မနေ့က သူနှင့်ပန်းရောင်ခြယ်တို့ တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြသည်။

သူပိုင်တဲ့ စီးပွားရေး လုပ်ငန်းတွေ လွှဲပြောင်းပေးခဲ့ရမိန်းမတစ်ယောက်ကို လက်ထပ်မိတဲ့ အကျိုးဆက်က သူ့မှာ စီးပွားရေးလုပ်ငန်းတွေ လက်မဲ့ ဖြစ်သွားရသည်။

"မောင်သုတ"

"ဗျာ"

"ငွေခရူဆီ အကြောင်းကြားပေးရမလား"

"အကြောင်းမကြားပါနဲ့၊ ဦးလေးကျော် ... ခရူမသိပါစေနဲ့ ကျွန်တော့်အိမ်ထောင်ရေး ပြိုကွဲရတာ ခရူကြောင့် မဖြစ်စေချင်ဘူး"

ခရူကို မထိခိုက်စေချင်ပေ။

ပန်းရောင်ခြယ်တို့ သားအမိက သတင်းတွေ မဟုတ်မဟတ် လွှင့်နေကြသည်။

အငြိုးကြီးလွန်း၏။

သူ့နာမည်က အဖတ်ဆယ်လို့ပင် မရတော့။

ခရူလည်း ထိခိုက်နစ်နာနိုင်သည်။





"ငွေခရူကို မင်းအရမ်းတမ်းတနေတယ်၊ မင်းစိတ်ကို ထိန်းပါ ... ဦးလေးကျော်လည်း သိပါတယ်၊ မင်းက လူကြီးလူကောင်းတစ်ယောက်လေ ... "

သူ သတိရတမ်းတလွန်းနေတာကတော့ ငွေခရူကိုပင်။ အရမ်းလည်း တွေ့ဆုံချင်နေခဲ့သည်။

သူ့အသိစိတ်တွေထဲမှာတော့ မတွေ့သင့်ဘူးဆိုတာ သိနေခဲ့၏။

ငွေခရူကိုယ်တိုင် သူ့ရဲ့ကွာရှင်းမှု ကို လက်ခံနိုင်မှာ မဟုတ်ပေ။

ခရူဘဝလေး အမြဲတမ်း ဒဏ်ရာဒဏ်ချက်တွေနှင့် ဖြစ်ခဲ့ရသည်။

"မောင်သုတအနေနဲ့ စီးပွားရေးတွေ ပြန်ထူထောင်သင့်ပါတယ် ... ကလေးမဟုတ်တော့ဘူးကွာ"

"ကျွန်တော် ခရူကို တမ်းတမိနေတယ်၊ ကျွန်တော်ပိုင်ဆိုင်ချင်တယ် ... ပန်းရောင်ခြယ်နဲ့ ကွာရှင်းတာ၊ ခရူကြောင့်မဟုတ်ပေမယ့် ကျွန်တော် လွတ်လပ်နေတဲ့ယောက်ျားတစ်ယောက် ဖြစ်ချင်နေတယ် ... ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"မင်း ... ငွေခရူကို မထိခိုက်စေချင်ဘူးဆိုရင် မင်းဘဝကို တည်ငြိမ်တည့်မတ်အောင် အရင်ဆုံးလုပ်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ရောက်လာသည်။

သူ ... အအေးပတ်တာတဲ့။ ဆေးထိုးလိုက်၍ အဖျားေ ကျသွား၏။

ခြံစောင့်ကြီး ဦးလေးကျော်ကတော့ သူ့ကို အားပေးနှစ်သိ ရင်း ဖြောင်းဖျစကားတွေ ပြောနေသည်။

"ကျွန်တော် နိုင်ငံခြားကို ထွက်သွားမယ် ... ငွေခရုနဲ့အဒေ ဆုံးမှာနေမှဖြစ်မယ်ထင်တယ် ... ပန်းရောင်ခြယ်တို့ သားအမိ တ်တွေးခွက်မှာ ကျွန်တော်ရော ခရုရော မျောကြရတော့မှာ ဘေ ချာတယ်လေ ... "

ခြံရံကရော ခရုကို သူနှင့်တစ်မျိုးထင်နေပြီလား။

ခရု လက်ထပ်သင့်တာက ခြံရံပါ။

ကိုကြီး ရှင်းပေးပါ့မယ် ခရုရယ်။

မင်းလေး ဘဝတစ်လျှောက်လုံး ဒုက္ခတွေ အခက်အခဲေ ဝမ်းနည်းပူဆွေးမှုတွေ မရှိစေချင်တော့ပါဘူး။

ခြံရံနှင့်လည်း တွေ့ဆုံပြီး၊ ခရုလေး ဖြူစင်ကြောင်း ရှင်းပြ သည်။

"မင်း နေကောင်းအောင်နေပါ၊ ပြီးမှ မင်းလုပ်စရာရှိတာေ ဖြည်းဖြည်းချင်းလုပ်လေ ... မောင်သုတ ဘဝကြီးတစ်ခုလုံး ပျက်စီ နစ်မွန်းသွားမှာ ဦးလေးကျော် မကြည့်ရက်ဘူးကွာ"





ခရုရယ် ...

ကိုကြီးစိတ်တွေ လုံးဝကို ရပ်တည်လို့မရဘူး။

မင်းကို ချစ်တယ်။

ကိုကြီးတို့ နိုင်ငံခြားကို ထွက်ပြေးကြမလား။

မင်းနဲ့ တွေ့ချင်တယ်။

ကိုကြီးဆီ လာခဲ့ပါလား ခရုရယ်။

"ကျွန်တော် နေကောင်းသွားပါပြီ ဦးလေးကျော် ... စိတ်မပူ ပါနဲ့"

"မောင်သုတကို ဦးလေးကျော် ငယ်စဉ်လေးထဲက ထိန်း ကျောင်းလာခဲ့တာ၊ လိမ်မာတဲ့ကလေးပါ ... မိဖမဲ့လေ၊ မင်းဘဝ လေး အပျက်စီးမခံနိုင်ဘူးလေ"

ဦးလေးကျော် ပြန်ထွက်သွားသည်။

သူ့စိတ်တွေက လေးလံ နေ၏။ အစားအစာတွေကို စား ချင်တဲ့ ဆန္ဒမရှိ။

ထမင်းဟင်းချက်တဲ့ အဒေါ်ကြီးက သူ့ကိုစားချင်တာတွေ ချက်ပြုတ်ပေးပေမယ့် သူမျိုချလို့ပင် မရ။

သူ့ရင်ထဲမှာ ခရုကို တွေ့မြင်ချင်တဲ့ ဆန္ဒနှင့်ပြည့်ကျပ်နေ သည်။

"မောင်သုတ ... အဲဒီလို မစားမသောက်ဘဲ မနေပါနဲ့၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



အရမ်းပိန်ချုံးသွားတယ်၊ မင်းက လူတော်တစ်ယောက်ပါ"

ဒေါ်ခင်ခင်ကလဲ သူ့အတွက် စိတ်မကောင်းဖြစ်နေသည်။

မတတ်နိုင်ဘူးလေ။

သူ့စိတ်တွေပြန်၍ မတ်တည်မရခဲ့။

ညစဥ်အိပ် မပျော်ဘဲ သူ့မျက်လုံးတွေက ကြောင်နေသည်။

"ခရ … ကိုကြီး အရမ်းသတိရနေတယ်၊ ကိုကြီးအနားမှာ နေပေးစေချင်တယ်"

ခရကိုလည်း အသိမပေးချင်။

သူ့အိမ်ထောင်ရေး ပြိုကွဲခဲ့တာပင် ခရသိမှာမဟုတ်။

သူ့စိတ်တွေကို ထိန်းချုပ်နေမိသည်။

"ကိုကြီး"

"ဟင် … ခရ"

"နေမကောင်းဖြစ်နေတာ၊ ဘာဖြစ်လို့ ခရကို အကြောင်း မကြားရတာလဲ"

သူတ လုံးဝမထင်မှတ်ခဲ့။

သူ့အနောက်မှာ ခရက ရပ်နေသည်။

ပြတင်းပေါက်ကို ငေးမောကြည့်နေမိတဲ့ သူ့စိတ်တွေ ဆတ်ခနဲ လှုပ်ခတ်သွားရကာ ခရဘက် လှည့်မိသည်။

"ခရ … မင်းကို ဘယ်သူပြောလိုက်တာလဲ"





"ဒေါ်ခင်ခင်လေ"

"မင်းကို စိတ်ဒုက္ခတွေရောက်အောင် ကိုကြီးမလုပ်ချင်ပါဘူး၊ လောလောဆယ်တော့ ကိုကြီးစိတ်တွေ မတည်ငြိမ်သေးဘူး"

"ကိုကြီးရယ် … အရမ်းကို ပိန်ချုံးသွားတာပဲ၊ အစားတွေလည်း မစားဘူးဆို … ဘာပဲဖြစ်ဖြစ် ခရကို အသိပေးသင့်ပါတယ်"

"ခရ"

"ရှင်"

"ကိုကြီးနဲ့ပန်းရောင်ခြယ်တို့ ကွာရှင်းလိုက်ပြီ၊ အဲဒါ … ခရ သိလား"

"ဒီမနက်မှ သိတာပါ … ခရကြောင့်လားဟင်"

"အချစ်မပါလို့"

"ကိုကြီးကလား … အဲဒါတော့ ကိုကြီးမှားတယ်၊ မမခြယ်က ကိုကြီးချစ်သူလေ … "

"မင်းကို ရှင်းပြမနေတော့ဘူး ခရ … မင်းကြောင့်လည်း မဟုတ်ဘူး"

ကိုကြီးကို ဒီလိုအဖြစ်မျိုးနှင့်တွေ့လိုက်ရတော့ ခရကိုယ်ခရ ခွင့်မလွှတ်နိုင်လောက်အောင် မုန်းတီးမိသည်။

ခရက အတိတ်မေ့ချင်ယောင်ဆောင်ပြီး ကိုကြီးအနားမှာ နေခဲ့မိ၍ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်း ဖြစ်ရသည်။

"ကိုကြီး ခဏပါ ... ခရုကြောင့်လို့ မသတ်မှတ်ပါနဲ့၊ ခရုစိတ် ထိခိုက်ရင် ကိုကြီး ပိုပြီးခံစားရလိမ့်မယ်"

"ကိုကြီး"

"ခရု"

"ခရုနဲ့ကိုခြံရဲ့ လက်ထပ်မယ် ကိုကြီး ... ညီမလေးရဲ့ မင်္ဂလာပွဲမှာ ကိုကြီး ရှိနေသင့်တယ်"

ကိုကြီးစိတ်တွေ ရှင်းလင်းပြတ်သားသွားစေချင်သည်။

ခရုဘက်က ဖြူစင်စွာ ပြုစုပေးချင်ခဲ့၏။

ကိုကြီး လူလွတ်ဖြစ်နေရင်လည်း ခရုက ကိုကြီးညီမလေးပါပဲ။

"ကိုကြီး စီးပွားရေးလုပ်ငန်းတွေ ပြန်လုပ်သင့်တယ်လေ၊ ခရုလည်း ကိုခြံရဲ့နဲ့ လက်ထပ်ပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်တော့မယ်"

ခရု အပြုံးလေးတွေ ဝေဝေနှင့်ကိုကြီးအနားမှာ ရှိနေရင်း ညီမတစ်ယောက်လိုပဲ နေမကောင်းတဲ့အစ်ကိုအား ပြုစုပေးနေသလို ခရု ပြုစုပေးနေသည်။

ကိုကြီးကြိုက်တတ်တဲ့ အစားအစာတွေ ခရု ကိုယ်တိုင် ချက်ပြုတ်ပေးခဲ့၏။

ဖိုးလပြည့်စာပေ



ကိုကြီးစိတ်တွေ ပျော်ရွှင်လာစေရန် ခရုစကားတွေ အမျိုးမျိုး ပြောနေသည်။

"ကိုကြီး ဘာစီးပွားရေးလုပ်မှာလဲဟင် ... ခရု အတွင်းရေးမှူးမလေး လာလုပ်ရမလားကိုကြီးရဲ့ ... စီးပွားရေးတွေလုပ်ရင် ခရု အစွမ်းကုန်ကြိုးစားမှာပါ"

ခရု ...

မင်းတော်တယ်။

ကိုကြီး စိတ်တွေ ပေါ့ပါးသွားအောင် စွမ်းဆောင်နိုင်တာပဲ။

အခုမှ ကိုကြီးအမြင်တွေ ရှင်းလင်းသွားသလိုပဲကွာ။

ညီမလေး ...

ခရုက ကိုကြီး ညီမလေးပဲ။

"ကိုကြီး ... ကြက်သားစွပ်ပြုတ်လေး သောက်ရမယ်နော်၊ လောကကြီးကို အရှုံးမပေးချင်စမ်းပါနဲ့ ... ကြိုးစားပါဦး ... "

ကိုကြီး အားအင်တွေပြည့်စေရန် ခရု ပြုစုကျွေးမွေးနေသည်။ ခရုကို ချစ်နေတဲ့ ကိုကြီး ခံစားချက်တွေကို ပြောင်းပစ်ဖို့ ခရုဆုံးဖြတ်သား၏။

ကိုကြီးနဲ့ခရုကြားမှာ မောင်နှမသံယောဇဉ်တွေနဲ့ပဲ ချည်နှောင်ထားကြရအောင်ပါ။

ကိုခြံရဲ့ဆီက ဖုန်းလာသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုခြိမ်ရဲလား ... အခု ကိုကြီးနေမကောင်းလို့ ခရုရောက်နေတယ်၊ ကိုခြိမ်ရဲ လာခဲ့ပါလားဟင်"

ကိုခြိမ်ရဲအသံက ခေတ္တတော့ တိတ်ဆိတ်သွားသည်။

ဘယ်လိုပဲဖြစ်ဖြစ် ... ကိုကြီးအပေါ်တော့ ခရု ဥပေက္ခာပြုမထားနိုင်ပေ။

"ခရု"

"ရှင် ... "

"ကိုယ် လာခဲ့မယ် ... ကိုသုတ ဘာတွေဖြစ်နေလဲ၊ မင်းပြုစုပေးသင့်ပါတယ် ... ကိုယ် လက်ခံတယ်၊ မင်းကျေးဇူးရှင်ပဲ ... "

"ကျေးဇူးပါပဲ ကိုခြိမ်ရဲ ... လာခဲ့ပါနော်၊ အခုချိန်မှာ ကိုခြိမ်ရဲရော ခရုရော ကိုကြီးအနားမှာ နေသင့်ပါတယ်"

"အိုကေ ခရု ... ကိုယ် လာခဲ့မယ်"

ခြိမ်ရဲ စိတ်ထဲမှာ နည်းနည်းလေးတော့ အဖုအထစ်လေးဖြစ်သွားရသည်။

ကိုသုတနဲ့ပန်းရောင်ခြယ်တို့က ကွာရှင်းထားကြပြီ ဖြစ်သည်။

ခရု သွားသင့်လား။

ဒါပေမဲ့လည်း ...

သူက ယောက်ျားပဲ။





သဘောထားသေးသိမ်တာမျိုး အဖြစ်မခံနိုင်။

ကိုသုတ ဘာတွေဖြစ်နေလဲ။

ကျန်းမာရေးမကောင်းတာတော့ သူသိထားသည်။

"ခြယ့်ကြောင့် ခံစားနေရတာလို့ မထင်နဲ့ခြိမ်ရဲ ... သူခံစားနေရတာက ငွေခရုကြောင့်ပဲ ... ဘယ်လောက်အထိ စွန့်လွှတ်နိုင်လဲ၊ ငွေခရုကြောင့် သူပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို စွန့်လွှတ်ပြီး ခြယ့်ကို ကွာရှင်းတာ"

ပန်းရောင်ခြယ်က သူ့ကိုရော မာမီ့ကိုပါ ပြောခဲ့သည်။

သူ ကိုယ်တိုင်ပင် ခရုကို မစွန့်လွှတ်နိုင်ခဲ့။

မာမီ သေမယ်ဆိုတာတောင် ငွေခရုအား ပိုင်ဆိုင်လိုနေခဲ့၏။

ကိုသုတအနားမှာ ခရုရှိနေတာကို သူလုံးဝ မနှစ်သက်မိ။

ခရုကို မမုန်းနိုင်။

မနာလိုဝန်တိုစိတ်တွေနှင့်အတူ ခရုကို စိတ်မချ၍ သူ လိုက်သွားခဲ့သည်။

"ခြိမ်ရဲ ... မင်း ခရုကို တာဝန်ယူခဲ့လို့ ကိုကြီးဝမ်းသာပါတယ်ကွာ၊ ခရုက ကိုကြီးညီမလေးပါ၊ မင်းတို့မင်္ဂလာပွဲအတွက် ကိုကြီး အကောင်းဆုံး စီစဉ်ပေးချင်တယ်"

"ကျွန်တော့်မာမီက လုံးဝလက်မခံဘူး ကိုကြီး ... ဒါပေမဲ့ ကျွန်တော် ခရုကိုချစ်တယ် ... ဘယ်လိုမှအဆုံးရှုံး မခံနိုင်ဘူး၊ မာမီ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူတူ မတူတူ ကျွန်တော်လက်ထပ်မယ်"

ပန်းရောင်ခြယ် မင်းတို့သားအမိ တော်တော်လေး စိတ်ပုတ်တာပဲ။

ခရုဘဝလေးကို ချိုးနှိမ်ဖျက်စီးပစ်ဖို့ ပန်းရောင်ခြယ် အစွမ်းကုန် ကြိုးစားနေသည်။

"ကိုသုတ ... ကျန်းမာရေးကောင်းအောင်နေပါ၊ ခရုအတွက် မပူပါနဲ့နော်၊ ကျွန်တော် တာဝန်ယူမှာပါ"

"ခရုကို မင်းလက်ထဲအပ်ခဲ့ပါတယ်၊ ကိုကြီး နိုင်ငံခြားကို အပြီးထွက်သွားတော့မယ် ... ဟိုမှာ ကိုကြီးနာမည်နဲ့ငွေစာရင်းတွေ ရှိတယ်"

"စိတ်ချပါ ... ကျွန်တော် ခရုကို စိတ်ချမ်းသာအောင်ထား ပါ့မယ် ... မပူပါနဲ့"

ကိုသုတ ...

ခင်ဗျား အရှမ်းခံစားနေရတာ ကျုပ်သိပါတယ်။

ခင်ဗျား မျက်လုံးတွေက သိသာလွန်းပါတယ်ဗျာ။

ခြိမ့်ကလဲ ခရုကို စိတ်ချ။

သူ့စိတ်ထဲမှာ ခရုအပေါ် ယုံကြည်နေပေမယ့် အောင့်သက်သက်ကြီး ဖြစ်နေသည်။

"ကိုယ်တို့ပြန်သင့်နေပြီထင်တယ် ခရု ... "





"ကိုကြီးကျန်းမာရေး မကောင်းသေးလို့ ခရု ဒီမှာပဲနေပေးဦး မယ်ကိုခြိမ့် ... အမေ့ကိုလည်း ခေါ်ထားပါတယ်"

"ခရု"

"ရှင်"

"ကိုယ် လက်မခံနိုင်ဘူး၊ ကိုယ့်မာမိက သံသယတွေဖြစ်နေတယ်၊ ခရုနဲ့ကိုသုတတို့ အတူတူရှိနေတာ မသင့်တော်ဘူးထင်တယ်၊ ခနက်မှလာပါ"

ကိုခြိမ့်က သဘောမတူဘူးဆိုရင်လည်း ခရုဆက်ပြီး အတင်းအကြပ် နေထိုင်ခွင့်တောင်းမနေလိုတော့။

ကိုကြီးအား လုပ်ပေး စရာရှိတာတွေ လုပ်ပေးပြီး ကိုခြိမ့်နှင့် အတူတူ ခရု ပြန်ခဲ့သည်။

"ခရု"

"ပြောပါ ကိုခြိမ့်"

"ကိုသုတနဲ့ပတ်သက်နေတာ မသင့်တော်ဘူးထင်တယ်၊ တော်ဝန်းကျင်က ပြောစရာတွေ ဖြစ်လိမ့်မယ်"

"ကိုသုတက ခရုကိုကြီးပါ ... ပြီးတော့ ကိုယ်ကျင့်တရားကောင်းတဲ့သူလေ၊ ခရု ဥပေက္ခာ မပြုထားနိုင်ဘူး ကိုခြိမ့် ... ခရုကို ယုံကြည်မှ လက်ထပ်ပါ"

"ဘာပြောတယ်ခရု ... မင်းက ကိုသုတဓနိုးနဲ့ ကွာရှင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဒီစကားပြောတာလား"

"ကျွန်မကို အထင်မသေးပါနဲ့ ကိုခြိရဲ့ ... တခြားပြောစရာ စကားမရှိတော့ဘူးထင်ပါတယ် ... ကိုခြိရဲ့ ဆန္ဒရှိရင် ယုံကြည်ရင် ကျွန်မဘက်က လက်ထပ်ဖို့ အဆင်သင့်ပါပဲနော်"

"ကိုယ် တောင်းပန်ပါတယ်ခရ ... မင်းကို ယုံကြည်ပါတယ် ကိုယ် အမြန်ဆုံးလက်ထပ်နိုင်အောင် ကြိုးစားပါ့မယ်ကွာ"

ခရကို သူဘယ်လိုအကြောင်းမျိုးနဲ့မှ မစွန့်လွှတ်နိုင်သော သံသယတွေ ဝင်လာတာပင် သူ့ကိုယ်သူ အပြစ်တင်မိသည်။

ခရကို ထာဝရပိုင်ဆိုင်ထားချင်ခဲ့တာပါ။ ခရကို တောင်းပန်မိနေ၏။ အမြန်ဆုံး လက်ထပ်နိုင်ဖို့ ခြိရဲ့ ကြိုးစားမည်ဖြစ်သည်။

အခန်း ( ၂၀ )

"ငွေခရ ... နင် သူဌေးဖြစ်နေပြီပဲ၊ ငါ့ကို ထောက်ပံ့သင့်တယ်၊ သိန်းငါးဆယ်ပေးရင် ငါထွက်သွားတော့မယ်"

"ဟဲ့ ... လူယုတ်မာ၊ နင် ဘာကြောင့် ငါ့သမီးဆီက တောင်းနေရတာလဲ ... နင့်ကို မထောက်ပံ့နိုင်တော့ဘူး ... ထွက်သွား"

"ရွှေနှစ် ... ငါ့အကြောင်း သိတယ်နော်၊ ငါ ဘယ်သူ့ကိုမှ ညှာတာထောက်ထားမှာ မဟုတ်ဘူးနော်"

ခရကတော့ စကားမပြောချင်တော့၍ သူမ အိပ်ခန်းထဲပဲ ဝင်နေလိုက်သည်။ ပထွေးက သူမတိုက်ခန်းရောက်လာပြီး မညှာမတာ ငွေတွေ တောင်းနေသည်။

"ငါတို့မှာ ပေးစရာမရှိဘူး၊ နင်လုပ်ချင်တာလုပ်တော့"

"နင့်သမီး သူဌေးတွေနဲ့ တွေ့နေတာပဲဟာ ... ငါဘာညာ တွေ လျှောက်ပြောမှာနော် ..."

ဝိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လူယုတ်မာကြီး ... ဘယ်လောက်အထိ ဒုက္ခတွေလိုက်ပေးနေမှာလဲ"

"ဒီတစ်ခါ နောက်ဆုံးပါပဲ ရွှေနှစ်ရာ ... ငွေခရု အခုလက်ထပ်မယ့်ခြံရှိတဲ့ ကောင်လေးရဲ့အမေလေ ... ငါသိတယ်၊ နှင့်သမီးကို သဘောမတူဘူး မဟုတ်လား၊ ငါကပါ ထပ်ပြောလိုက်ရင် နှင့်သမီးဘဝ ဆုံးပြီ ..."

"လူစိတ်မရှိတဲ့ ကောင်ကြီး ..."

"ငါမှာ ငွေလိုနေတယ်၊ ဒီတစ်ခါ နင်တို့နဲ့အဝေးဆုံးကို ထွက်သွားမှာပါ ... ပေးစမ်း ..."

"မပေးဘူး"

ဒေါ်ရွှေနှစ် ဘယ်လိုမှ သည်းမခံနိုင်တော့ပေ။ မိမိတို့ သားအမိဘဝကို အမြဲတမ်း ဒုက္ခရောက်အောင် နည်းအမျိုးမျိုးနှင့် နှောက်ယှက်နေတဲ့ လူကြီးပဲ။ သမီးခရုဘဝ မအေးချမ်းရတော့ဘူးကံဆိုးရှာတဲ့ သမီးခရုအတွက် ရွှေနှစ် တစ်ခုခုတော့ လုပ်မှဖြစ်တော့မည်။ ဦးညိုမြကတော့ အခန်းထဲမှာ သောင်းကျန်းဖို့ ကြံစည်နေသည်။

"ဘယ်လိုလဲ ရွှေနှစ် ... မပေးဘူးလား၊ နှင့်သမီးက သူဌေးနှင့်သမီး လက်ထပ်မယ့်ခြံရှိတဲ့ကောင်လေးကို ငါပြောရမလား မင်းလက်ထပ်မယ့် ငွေခရုက ငါနဲ့မကင်းဘူးလို့ ..."





"လူယုတ်မာ ... ခွေးကြီး ..."

"ကဲဟယ် ..."

"ဒုတ် ... ဒုတ် ..."

"အား ..."

"ဒုတ် ... ဒုတ် ..."

"သေစမ်း ... နင်သေမှ ငါတို့ဘဝ အေးချမ်းမယ်"

"ဒုတ်"

"အမေ ..."

"ဟာင်"

"တော်ပါတော့ ... ဆက်မရိုက်ပါနဲ့တော့အမေရယ်၊ အဲဒီဘုတ် ခရုကိုပေးပါ ... အမေက အသက်ကြီးပါပြီ၊ ခရု လုပ်တယ်ပဲ အပြစ်ခံပါရစေ"

"မရဘူး ခရု ... ငါထောင်ထဲဝင်မယ်၊ ညည်းဘဝရှေ့ရေးအတွက် ငါထောင်ထဲဝင်ပြီး အပြစ်ခံမယ် ... ဒီလူယုတ်မာ သေရင်အေးပြီ"

ကိုညိုမြက သွေးအိုင်ထဲမှာ ငြိမ်သက်သွားသည်။ ဒေါ်ရွှေနှစ်သည်းမခံနိုင်တော့လို့ပါ။

"အမေ ခံမယ်"

"အဲဒီတုတ် ခရုကိုပေးစမ်းပါ၊ အမေ အသက်ကြီးပြီလေ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီလူယုတ်မာကြီးကို သတ်ချင်နေတာပါ"

"မဝင်ရဘူး ... ငါလုပ်တာပဲ၊ သမီးခရဲ့ အနာဂတ်က အများကြီးရှိသေးတယ်၊ အမေပဲ ခံမယ် ... "

ပထွေးညိုမြ မလှုပ်တော့။ ခရ ဘာဆက်လုပ်ရမှန်းပင် မသိတော့။ ပတ်ဝန်းကျင်မှ တိုင်တောမှုကြောင့် ရဲတွေရောက်လာကြသည်။

"ကျွန်မ လုပ်တာပါ ... ဒီလူ ဒုက္ခပေးလွန်းလို့ပါ၊ ကျွန်မခင်ပွန်းဟောင်းပါ ... "

အမေက တုတ်ကြီးကိုင်လျက်သားဆိုတော့ အမေ့ကိုပဲ ဖမ်းကြသည်။ ခရအတွက် အမေ ရှင်းပေးလိုက်တာပါတဲ့။

"ခရ အားမငယ်ပါနဲ့၊ သမီးအတွက် အမေ နောက်ဆုံးတစ်ခုလုပ်ပေးနိုင်လို့ ကျေနပ်တယ် ... အမေ့အမှုကို သမီးမလိုက်နဲ့ ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို အမေကျေကျေနပ်နပ် ခံမယ် ... "

"အမေ"

"ကံဆိုးမလေး ... ဘယ်သူတွေဘာပဲပြောပြော သမီးမောင်သုတကိုပဲ အားကိုးနေပါကွယ်"

အမေ့ကို လက်ထိပ်ခတ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ခရတစ်ယောက်ထဲ အားကိုးရာမဲ့စွာ ကျန်ခဲ့၏။ ကိုကြီးနှင့် မပတ်သက်ချင်တော့ပေ။ ကိုခြံရံဆီ ဖုန်းဆက်လိုက်သည်။





"ခရ ... ပြဿနာတွေနဲ့ ရင်ဆိုင်နေရပါပြီ ကိုခြံရံ ... လာခဲ့ပါနော်၊ ခရအမေကို ရဲက လူသတ်မှုနဲ့ ဖမ်းသွားပါပြီ"

ကိုခြံရံ ရောက်လာသည်။ ခရ လိုအပ်တာတွေ ကူညီမယ်ဘာမှမပူနဲ့တဲ့။ ခရအားငယ်စွာဖြင့် ကိုခြံရံ ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားမိသည်။

"အမေ့ကို ကယ်တင်ပေးပါ ကိုခြံရံ ... ခရကြောင့် အမေလူသတ်မှု ကျူးလွန်ခဲ့တာပါ"

ခြံရံကတော့ ခရနှင့်ပတ်သက်ပြီး စိတ်သောကရောက်စရာတွေနှင့်ပဲ ရင်ဆိုင်ကြုံတွေ့နေရသည်။ မာမီကလည်း အကြီးအကျယ်ကန့်ကွက်နေ၏။ ခရနှင့်လက်ထပ်ဖို့အတွက် ခြံရံ စိတ်ပျက်စပြုလာသည်။

"မင်းမှာ နာမည်ပျက်တွေ အရမ်းများနေတယ် ခရရယ် ... ကိုခြံရံ ဘာဆက်လုပ်ရမလဲ"

"ကိုခြံရံ ... "

"ခရ ... ကိုယ် အရမ်းခံစားနေရတယ်၊ မင်းရဲ့သတင်းတွေက ရှုပ်ထွေးနေပြီထင်တယ်"

ကိုခြံရံအား ခရ နားမလည်နိုင်သော အကြည့်တွေနှင့်ကြည့်မိသည်။ ခရလုပ်တာတွေ တစ်ခုမှ မဟုတ်ပါဘူး။ ကံကြမ္မာဆိုးတွေကြောင့်ပါ။ ခရ ရှင်းပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရ လုပ်တာတွေ တစ်ခုမှမရှိပါဘူး ကိုခြံရံ ... ခရ ကံဆိုးခြင်းတွေပါ၊ အမေ့ကို ကယ်တင်ပေးပါနော်"

ကိုကြီးဆီ ခရအကြောင်းမကြားခဲ့။ ကိုခြံရံ တစ်မျိုးမြင်မှာကြောက်မိသလို ခရ အရှုပ်တော်ပုံထဲ ကိုကြီး မပါဝင်စေလိုပေ။ အမေ့အတွက်တော့ ခရအကောင်းဆုံးတွေ လုပ်ပေးချင်သည်။

"ကိုခြံရံကတော့ ခရကို လက်ထပ်မှာပါ၊ ကိုယ်ယောကျ်ားလေ ... ခရကိုလည်း ချစ်တယ်၊ မင်းဘာတွေပဲ မဟုတ်တာတွေလုပ်ခဲ့ပါစေ ကိုယ်ခွင့်လွှတ်ပါတယ်"

"ကိုခြံရံ ... မဟုတ်တာတွေ ဟုတ်လား၊ ခရ ဘာတစ်ခုမှမလုပ်ခဲ့ရပါဘူး ... ယုံပေးပါ"

"ခရရယ်"

ကိုခြံရံက သူမအား မယုံကြည်နိုင်တဲ့အကြည့်တွေ ကြည့်နေခဲ့ပေမယ့် ခရကို လက်ထပ်ယူမည်ဟု ပြောတာကိုတော့ ခရခံပြင်းနေရသည်။ ကိုခြံရံကတောင် ခရအပေါ် စိတ်ပျက်စပြုနေပြီလား။ ခရကို လက်မထပ်ချင်လည်းနေပါ။ အမေ့ကိစ္စကို တာဝန်ယူပေးနေတာကိုပဲ ခရ ကျေးဇူးတင်သည်။

"ကိုယ် ခရကို ချစ်တယ်၊ မစွန့်လွှတ်နိုင်ပါဘူး၊ မင်းဘက်ကသာ တခြားသူတွေနဲ့ မပတ်သက်ဖို့ တောင်းဆိုပါတယ်"

"ကိုခြံရံ ... ခရ ဘယ်သူနဲ့မှ မပတ်သက်ပါဘူး၊ ခရ ကတိ





ပေးပါတယ် ... ခရဘဝမှာ ကိုခြံရံပဲ ရှိစေရပါ့မယ်"

ကိုကြီးနှင့်လည်း သူမ လုံးဝမဆက်သွယ်ခဲ့ပေ။ ကိုကြီး နိုင်ငံခြားသို့ အပြီးထွက်သွားဖို့ ပြင်ဆင်နေသည်ဟုတော့ သူမ သတင်းကြားထား၏။ ခရ မပတ်သက်တာ အကောင်းဆုံးပါပဲလေ။ သူမ ကိုခြံရံရဲ့စိတ်တိုင်းကျ နေထိုင်ရန် ဆုံးဖြတ်ထားသည်။ အမေကတော့ ခရကို သတ္တိရှိရှိနေထိုင်ရန် ပြောနေ၏။ အမေကို ကြည့်ရတာ စိတ်ဓာတ်တွေ ခိုင်မာနေသည်။

"အမေ ကျေနပ်ပါတယ် ခရ ... လူယုတ်မာတစ်ယောက်ကို လူ့လောကထဲကနေ မောင်းထုတ်ပစ်လိုက်နိုင်လို့လေ ... အမေတို့ သားအမိ ဒုက္ခတွေနဲ့ ရင်ဆိုင်ခဲ့ရတာပါ ... အပြစ်ကင်းစင်တဲ့ သမီးလေး ကံဆိုးရှာတယ်ကွယ်"

"အမေ ... ခရကို စိတ်ချပါ၊ အမေ ကျန်းမာအောင်နေနော်"

"ခရ ... "

"ရှင်"

"မောင်ခြံရံနဲ့ လက်ထပ်ဖို့ရော ... "

"အမေ့ကိစ္စပဲ အရေးကြီးပါတယ်၊ ကိုခြံရံက ခရကိုချစ်တယ် တာဝန်ယူမှာပါ ... စိတ်မပူနဲ့နော် ... "

ဒေါ်ရွှေနှစ်ကတော့ မောင်ခြံရံနှင့် သမီးခရကို စိတ်မချနိုင် မိမိထောင်ကျမှာ သေချာတယ်။ အမေကြောင့် ခရလေး ကံဆိုး



www.burmeseclassic.com

www.burmeseclassic.com



နေရတာပဲလေ။ အမေ နောက်အိမ်ထောင်ပြုခဲ့တဲ့ အမှုကြောင့်ပါ။

"မောင်သုတကိုတော့ သမီးအားကိုးသင့်တယ်ထင်တယ်၊ မောင်ခြိမ့်ရဲ့ကိုတော့ အမေ စိတ်မချဘူး ..."

"ကိုခြိမ့်ရဲ့က ခရကို အရမ်းချစ်ပါတယ် အမေ ... ခရဘဝမှာ ကံဆိုးမှုတွေ ကုန်ခမ်းသွားပါပြီ"

"သမီးလေး စိတ်ခါတ်နိုင်နိုင်ထားနော်၊ အမေ့အတွက်မပူနဲ့ ခရက လိမ်မာသူလေးပါကွယ်"

ခရကတော့ အမေ့အမှုအတွက် အစွမ်းကုန်လုပ်ပေးနေသည်။ ကိုကြီးပေးထားတဲ့ ငွေတွေ အသုံးပြုနေရ၏။ ခရ စိတ်မလုံပါဘူး။ တိုက်ခန်းလေးထဲမှာ ခရတစ်ယောက်ထဲ တစ်ခါတစ်ရံ စိတ်တွေ အရမ်းပဲချောက်ချားနေရသည်။ အမေ့အမှု စီရင်ချက်ချကာနီး၊ ကိုကြီးက အမေ့ကိစ္စသိသွားရသဖြင့် ခရဆီ ရောက်လာပြီး ဆူသည်။

"ခရ ... မင်းတစ်ယောက်ထဲ ဘာဖြစ်လို့ ရင်ဆိုင်နေရတာလဲကွာ၊ ကိုကြီးကို နည်းနည်းပါးပါးတော့ ပြောသင့်တာပေါ့ ... မင်း အရမ်းစိမ်းလွန်းတယ်"

ကိုကြီးကိုတွေ့တော့ ခရ ငိုပစ်ချင်သည်။ အားကိုးတကြီးနှင့် ကိုကြီးရင်ခွင်ထဲသို့ ပြေးဝင်ဖက်တွယ်ချင်ခဲ့၏။ သူမလက်ထပ်ရမှာက ကိုခြိမ့်ရဲ့ပဲ။ ကိုကြီးနှင့်ခပ်စိမ်းစိမ်းပဲ နေထိုင်ရမည်ဖြစ်သည်။

"ကိုကြီးအပေါ် အစ်ကိုတစ်ယောက်အဖြစ်နဲ့တောင် မင်းမှာ





ပတ်သက်ခွင့် မရှိတော့ဘူးလား ခရ ..."

"ကိုခြိမ့်ရဲ့ အထင်လွဲမယ့်ကိစ္စတွေ ခရမလုပ်နိုင်ဘူး ကိုကြီး"

"ဘာပြောတယ် ခရ ..."

"ကိုကြီးလုပ်စရာရှိတာတွေကိုပဲ နောက်ဆံမတင်းဘဲလုပ်ပါ ခရအတွက် မစဉ်းစားပါနဲ့တော့၊ သံယောဇဉ်တွေ ဖြတ်ပစ်လိုက်ကြရအောင်နော် ကိုကြီး ..."

ခရ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားရင်း ကိုကြီးနာကျင်ကြေကွဲနေရသည်။ ခရ မငိုမိအောင် ထိန်းချုပ်ထားရ၏။ ကိုကြီး ဘဝ တစ်ခုလုံး ခရကြောင့် ပျက်စီးသွားခဲ့ရပြီပဲ။ ခရကို ဘယ်လိုတာဝန်မျိုးမှ မယူပါနဲ့ ကိုကြီးရယ်။

"မင်းနဲ့ခြိမ့်ရဲ့ လက်ထပ်ပွဲမှာ ကိုကြီးရှိနေချင်တယ်၊ ခရအတွက် လုပ်ပေးနိုင်တာတွေအားလုံး လုပ်ပေးခဲ့ချင်သေးတယ်"

ကိုခြိမ့်ရဲ့ ရောက်လာသည်။ ကိုကြီးက နှုတ်ဆက်ပေမယ့် ကိုခြိမ့်ရဲ့ မျက်နှာက တည့်တင်းမာထန်နေသည်။ ကိုကြီးက အစ်ကိုတစ်ယောက်အနေဖြင့် လာရောက်တာဖြစ်ကြောင်း ရှင်းပြသည်။

"ကိုသုတ ... ခင်ဗျား လုပ်စရာရှိတာပဲလုပ်ပါ၊ ခရကိစ္စတွေမှာ ဝင်မပါပါနဲ့ဗျာ ... သွားပါတော့ ..."

"ခြိမ့်ရဲ့ ... မင်းပြောတာ ငါလက်ခံတယ်၊ ဒါပေမဲ့ ... ခရအမှုကိစ္စတွေဖြစ်နေတဲ့ အချိန်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရှိနေတာပဲဗျာ၊ မလိုပါဘူး ... ခရုကိစ္စတွေအားလုံး ကျုပ်ပဲ တာဝန်ယူမယ်၊ ခင်ဗျား မလာပါနဲ့ ... "

"ကိုခြံရံ ... ကိုကြီးကို အဲဒီလိုမပြောပါနဲ့၊ ခရု ကျေးဇူးရှင်ပါ"

"ခရု ... မင်းအသာနေစမ်းပါ၊ ခြံရံ ပြောချင်တာတွေပြောပါစေ၊ ပြောသင့်ပါတယ် ... ကိုကြီးမလာသင့်ဘူးလေ ... ပတ်ဝန်းကျင်က ဘယ်လိုထင်နေမလဲ"

"ခရု ... မင်းဘာပြောထားလဲ၊ ကိုခြံရံ အထင်လွဲစေမယ့် အပြုအမူမျိုးတွေ မလုပ်ပါဘူးဆို"

"ကိုကြီးက ခရုအစ်ကိုပါ"

"ဟား ... ဟား ... ဟား ... "

"ရှင် ... ရှင် ... ကိုခြံရံ ... "

ကိုကြီးနှင့်ခရုကို မသင်္ကာသလိုမျိုး လှောင်ရယ် ရယ်နေတဲ့ ကိုခြံရံ့ အပြုအမူကို ခရု မနှစ်သက်မိပေ။ ကိုကြီးကို အားနာမိသည်။ ခရုနှင့်ကိုကြီးတို့က ရိုးသားဖြူစင်စွာ ဆက်ဆံနေပါလျက်နှင့် မရိုင်းစိုင်းသင့်ဟု ခရု ထင်မှတ်မိသည်။

"ကိုကြီး ပြန်မယ် ခရု ... ဘာမှ စိတ်ထဲမထားနဲ့၊ ကိုကြီး မင်းကလဲ သူများပြောစရာ သွေးသားမှမတော်စပ်ကြတာပဲ၊ ခရု အတွက် ခြံရံက အရေးအကြီးဆုံးပဲလေ"

ကိုကြီး ပြန်သွားသည်။ မင်းဘာဖြစ်လို့ ဆက်သွယ်နေရတာ





လဲ၊ ကိုခြံရံက ပြောနေ၏။ ခရု မရှင်းပြချင်။ ကိုကြီးနောက်သို့ ပြေးလိုက်သွားချင်တဲ့ဆန္ဒတွေကို ထိန်းချုပ်ထားရသည်။

"ခရု"

"ဟင်"

"ကိုသုတနဲ့ ပတ်သက်ဆက်ဆံတာတွေ ကိုယ်မကြိုက်ဘူး"

"ကျွန်မတို့ ... "

"မောင်နှမဆိုတဲ့စကားတွေကို ခုတုံးမလုပ်ပါနဲ့၊ ကိုယ့်စကားကိုပဲ လိုက်နာပါ"

ခရု မပြောလိုတော့ပေ။ ခရုဘဝမှာ ကိုခြံရံနှင့်လက်ထပ်လိုက်ဖို့ကလွဲပြီး တခြားမရှိတော့။ ဘဝကို တည်ငြိမ်အေးချမ်းချင်နေပြီလေ။ သူမ နာခံရုံပဲရှိသည်။ အမေ့အမူက ထောင်ဒဏ်ငါးနှစ်ကျသွားခဲ့၏။ ခရုကို အမေက ဘဝမှာ ကြံ့ကြံ့ခံဖို့ မှာသွားခဲ့သည်။

"ညည်းလို ထောင်ကျသွားတဲ့ လူသတ်သမားရဲ့သမီးက ငါ့သားကို လက်ထပ်မလို့လား ငွေခရု ... ငါ့သားဘဝကို မနှစ်ပါနဲ့၊ ငါ့သားကို အမွေဖြတ်မှာနော်၊ ညည်းကိုယ်တိုင်ကပဲ ပထွေးနဲ့တောင် လွှတ်တာ"

ကိုခြံရံ့အမေက လာရောက်၍ ခရုအား ချိုးချိုးနှိမ်နှိမ် ပက်ပက်စက်စက် ပြောဆိုခဲ့သည်။

"ကျုပ်သားဘဝကို မနှစ်ပါနဲ့၊ ကျုပ် တောင်းပန်ပါတယ်အေ၊



www.burmeseclassic.com

www.burmeseclassic.com



ညည်းဘက်က လက်မခံပါနဲ့ ... ကျုပ် ဘယ်လောက်ပေးရမလဲ ကျုပ်သားက ညည်းမှညည်းဖြစ်နေတယ်လေ ... ကျုပ်သား ခြံရုံက တန်ဖိုးရှိတဲ့သားအေ့ ... ”

ကိုခြံရုံကိုယ်တိုင်လည်း မိန်းမတွေနှင့် ရှုပ်ပွေနေခဲ့သူပါ။ တန်ဖိုးရှိတယ်ဆိုတာ ဘာလဲဟင်။ ခရု ဘယ်သူနှင့်မှ မငြိစွန်းခဲ့ရပါ ဘဲနှင့် မိန်းကလေးချင်း ကိုယ်ချင်းမစာမနာ ခရုနှင့်မတန်ကြောင်း လက်မထပ်ဘဲ နောက်ဆုပ်ပေးဖို့ ဖြစ်သည်။

“ငါ့သားကို လက်မခံပါနဲ့ ငွေခရု ... ညည်းနဲ့တန်လို့လား ညည်းမှာ မြတ်သုတလို နွားတစ်ကောင်ရှိနေတာပဲ”

“အန်တီ ... ကျေးဇူးပြုပြီး ကိုကြီးကို မပုတ်ခတ်ပါနဲ့”

“ငါ့သားကို လက်မခံပါနဲ့၊ ညည်းနောက်ဆုတ်ပေးပါ၊ ငါသေလိမ့်မယ် ... နင့်လို နှာမည်ပျက်တွေနဲ့ မိန်းမကို ငါချွေးမအဖြစ် လက်မခံနိုင်ဘူး”

“ကောင်းပြီလေ ... ကျွန်မ လုံးဝလက်မခံတော့ပါဘူး အန်တီ့သားကိုလည်း ခရုနဲ့ လာမပတ်သက်ဖို့ ပြောပေးပါ”

“ညည်းဘက်က လက်မခံနဲ့လေ၊ ငါ့သားက ယောက်ျားလေးပဲ ... ညည်းရဲ့ မာယာညွတ်ကွင်းမှာ မိနေပြီဟဲ့”

ခရု မျက်ရည်တွေ မကျတော့။ ဘဝမှာ ကြိတ်ကြိတ်ခံနိုင်စွမ်း ကြိုးစားရမည်။ ကိုခြံရုံကို ခရုနှင့်လာမပတ်သက်ဖို့ ပြောသည်





ဒါပေမဲ့လည်း ကိုခြံရုံက လက်မခံဘဲ ခရုကို လက်ထပ်ဖို့ စီစဉ်နေ၏။ မာမီ ဘာပဲပြောပြော ကိုခြံရုံက ခရုကို လက်လွှတ်အဆုံးရှုံးမခံနိုင်ပါဘူးတဲ့။ ခရုကတော့ ကိုခြံရုံ့ဆန္ဒတွေအတိုင်းပဲ လိုက်လျောဖို့က လွဲပြီး ရွေးချယ်စရာလမ်းမရှိတော့သလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

ကိုခြိမ့်ရှံနှင့်ခရုတို့ လက်ထပ်ပွဲအတွက် မင်္ဂလာဦးဆွမ်းကျွေးပွဲကို ခရုနေတဲ့ အခန်းမှာပဲ စီစဉ်သည်။ ထိုနေ့မှာပဲ တရားဝင်လက်မှတ်ထိုးဖို့ပါ။ ကိုခြိမ့်ရှံက စီစဉ်ထားခဲ့၏။ ခရုကတော့ စိတ်လှုပ်ရှားမှုတွေ ကင်းမဲ့စွာ ကိုခြိမ့်ရှံ ထားရာနေ စေရာသွားသူ ဖြစ်နေသည်။

"ကိုခြိမ့်ရှံ့မာမီက သဘောမတူတော့ ကျွန်းမာရေးကို ထိခိုက်သွားရင် ခက်မယ်နော် ... ခရုတို့ လက်ထပ်ပွဲကို အလျှင်စလိုမလုပ်ကြရင် ကောင်းမယ်ထင်တယ်"

"ဘာဖြစ်လို့လဲ ခရု ... ဒီကိစ္စက ကိုခြိမ့်ရှံ ပူရမှာလေ၊ တကယ်တမ်းကျတော့ မင်းကိုယ့်ကို လက်မထပ်ချင်ဘူး မဟုတ်လား"

"မဟုတ်ပါဘူး ... ခရုက နိမ့်ကျသူလေ၊ ကိုခြိမ့်ရှံ့မာမီက မတန်ဘူးလို့ သတ်မှတ်ထားတယ်လေ၊ ရှင့်မာမီ တစ်ခုခုဖြစ်သွားရင် ... "





"ကိုယ့်မာမီ့အကြောင်းကို ဆက်မပြောနဲ့တော့ခရု ... အခုက ကိုယ်က မင်းကို မစွန့်ခွာနိုင်တာဘဲ၊ မင်းရဲ့ဖြားယောင်းမြူဆွယ်မှုကြားမှာ ကိုယ် ရုန်းမထွက်နိုင်တော့ဘူး"

"ကျွန်မကလား ... "

ရှင့်ကို ကျွန်မ ဘယ်တုန်းကမှ ဖြားယောင်းသွေးဆောင်ဖို့ မကြိုးစားခဲ့ပါဘူး ကိုခြိမ့်ရှံ။ မလွှဲသာ မရှောင်သာလို့ပါ။ ခရုဘဝက ဘယ်တော့များမှ အေးချမ်းနိုင်မလဲ။ ရှင်နဲ့လက်ထပ်ရင်လည်း ပိုပြီး ပူလောင်ရတော့မှာပါ။ မင်္ဂလာမဆောင်ခင် တစ်ညက ခရုနှင့်အိပ်ဖို့ ကိုခြိမ့်ရှံ ကြိုးစားခဲ့သည်။ ခရု လက်မခံခဲ့။ သူ ဒေါသတွေပေါက်ကွဲခဲ့သည်။

"မင်း အိုက်တင်တွေပေးမနေစမ်းပါနဲ့ ငွေခရု ... မနက်ဖြန်ပဲ မင်္ဂလာဆွမ်းကျွေးမှာလေ၊ မင်းနဲ့တရားဝင် လက်မှတ်ထိုးမှာပါ၊ မင်းကိုယ့်ကို မယုံဘူးလား"

"ဟင့်အင်း ... ကျွန်မ လက်မခံနိုင်ဘူး၊ ရှင်နဲ့မှ တရားဝင် လက်မထပ်ရသေးတာဘဲ"

"ငွေခရု"

"တစ်ရက်လေးဆိုပေမယ့်လည်း ကျွန်မ ကြောက်တယ်၊ ကံကြမ္မာတွေကို ကျွန်မ အရမ်းကြောက်တယ် ... အပျိုစင်ဘဝလေးကို တစ်ရက်ပဲဖြစ်ဖြစ် စောင့်ရှောက်ထားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း … ကိုသုတနဲ့ရော … ပြီးတော့ မင်းပထွေး … "

"တော်ပါတော့ ကိုခြံရဲ … ကျွန်မကို မယုံကြည်ရင်လည်း မင်္ဂလာဦးဆွမ်းကျွေးပွဲကို ရှင် ဖျက်သိမ်းလိုက်ပါ"

ကိုခြံရဲ စကားတွေက ခရုအသက်ရှင်လျက် ရှိနေတဲ့ ကာလ ပတ်လုံး နာကျင်ဖွယ် ထိုးနှက်မှုအဖြစ် ရင်ဆိုင်ဖြတ်သန်းရမှာပဲ ဖြစ် သည်။ ကိုကြီးကိုလည်း မဖိတ်ရဘူးတဲ့။ ခရု လက်ထပ်ပွဲမှာကိုကြီး က ရှိနေချင်သည်။

"မင်္ဂလာပွဲက လူတွေ ဖိတ်စရာမလိုဘူး ခရု … ဘုန်းကြီး ဆွမ်းကျွေးမယ်၊ ပြီးရင် … ရုံးတက်လက်မှတ်ထိုးမယ်၊ မင်းသဘော ကျတယ် မဟုတ်လား"

"ဟုတ်ကဲ့"

ကိုခြံရဲက ပြန်သွားသည်။ ခရုတစ်ယောက်ထဲ ကျန်ရစ်ခဲ့ သည်။ ခရု လက်ထပ်မယ့်အကြောင်း အမေ့ကိုတော့ ထောင်ဝင်စာ သွားတွေ့ရင်း ပြောပြလိုက်၏။ အမေက သမီးခရု စိတ်ဓာတ်ရော ပါနဲ့တဲ့။ လောကဒဏ်တရားတွေကို ကြံ့ကြံ့ခံနေပါတဲ့။ ကိုခြံရဲ လက် ထဲမှာ ခရုကို အမေစိတ်မချ။ ခရုလေးတစ်ယောက်ထဲ နေရလို့လည်း မသင့်တော်တော့ မောင်ခြံရဲနဲ့လက်ထပ်တာ ကောင်းပါတယ်တဲ့။ အမေ့ကို ထောင်ဝင်စာလာတွေ့သူက ကိုကြီးလည်းလာသည်။ ခရုအပေါ် သံယောဇဉ်ကြီးတဲ့ ကိုကြီးပါ။





"ခရုမှာ ရွေးချယ်စရာလမ်းက မရှိတော့ဘူးလေ၊ ကိုခြံရဲက လက်ထပ်တာ ခရု ကျေးဇူးတင်ပါတယ် … ကိုကြီးရယ် … "

သူမ သတိရဆုံးက အမေနှင့်ကိုကြီး ဖြစ်နေသည်။ ခရု အတွက် အများကြီးပေးဆပ်လိုက်ရတာက ကိုကြီးပါ။ အစ်ကိုတစ် ယောက်အဖြစ်တောင်မှ ပတ်သက်ခွင့်မရှိတော့ဘူးလား။ နောက် တစ်နေ့ မင်္ဂလာဆွမ်းကျွေးပွဲကို အော်ဒါတွေမှာထားသဖြင့် အားလုံး ပြီးလင်းသည်နှင့် ရောက်လာသည်။ ခရုတစ်ယောက်ထဲ ပြင်ဆင်နေ ၏။ ကိုကြီးရဲ့ အစီအစဉ်နှင့် ကိုကြီးအိမ်က ဒေါ်ခင်ခင် ရောက်လာ သည်။

"မောင်သုတက လွှတ်လိုက်တာပါ၊ ခရုလေးတစ်ယောက် ထဲ ဒုက္ခရောက်နေမယ်တဲ့၊ ဒီလောက်တော့ ကူညီလို့ရတယ် မဟုတ် လား"

"ဟုတ်ကဲ့ … ကိုကြီးက ခရု လက်ထပ်မယ့်နေ့ကိုသိနေ တာလား ဒေါ်ခင်ခင် … "

"ခရုအကြောင်းကို နေ့တိုင်းအချိန်ပြည့် စုံစမ်းနေတာလေ၊ ခရု အဆင်မပြေမှာ စိတ်ပူနေတယ်၊ ခရုလက်ထပ်ပြီးတာနဲ့ မောင် သုတက နိုင်ငံခြားကို ထွက်တော့မယ် … "

"ကိုကြီးရယ်"

"မင်းတစ်ယောက်ထဲ မောင်ခြံရဲက လွှတ်ထားရလား"



www.burmeseclassic.com

www.burmeseclassic.com



ညက သူအိပ်ဖို့တောင်းဆိုတာ ခရု လက်မခံခဲ့လို့ ပြန်သွား
ကြောင်း ပြောပြမိသည်။ ဒေါ်ခင်ခင် ရောက်လာ၍ ခရုအဖော
လေး အဆင်ပြေခဲ့သည်။ ဘုန်းကြီးတွေကြွလာတဲ့အထိ ကိုခြ
ရောက်မလာခဲ့ပေ။ ခရု ဖုန်းဆက်ကြည့်တော့ ဖုန်းပိတ်ထားပါသ
တဲ့။

"ဘယ်လိုလုပ်မလဲ ငွေခရု ... မောင်ခြိမ့်ရဲ့ မလာတော့
ထင်တယ်"

ခရုတစ်ယောက်ထဲ သတို့သားလောင်းက မလာခဲ့။
ကြီးတွေကို ခရုတစ်ယောက်ထဲပဲ ဆွမ်းကပ်လိုက်ရသည်။

"ဒေါ်လေးခင် ရောက်လာလို့ပေါ့ ... ခရုတစ်ယော
ဘာလုပ်လို့လုပ်ရမှန်းတောင် မသိတော့ပါဘူး"

"ဖြစ်မှဖြစ်ရလေ ခရုလေးရယ် ... မင်းကံဆိုးလိုက်
ဒါကြောင့်ပဲ မောင်သုတက မင်းကို စိတ်မချတာဘဲ ... ဒေါ်လေး
တို့ကတော့ မင်းတို့နှစ်ယောက်ကို ယုံကြည်တယ်၊ တကယ့်ကိုခြ
ကြတဲ့သူတွေပဲ ... "

ကိုခြိမ့်ရဲ့ ယောကျ်ားမပီသတဲ့အလုပ်တွေကို ဘာဖြစ်လို့
လုပ်ချင်ရတာလဲ။ ရှင်က ခရုကို တရားဝင် ဇနီးမယားအဖြစ်
မှတ်ဖို့ တကယ်တမ်းကျတော့ သတ္တိမရှိဘူး မဟုတ်လား။

"ဒေါ်လေးခင်ခင် ... "





"ပြောလေ ... ခရု"

"ကိုကြီးကို ပြောမပြပါနဲ့ ... "

"ဘာဖြစ်လို့လဲ ခရုလေး ... "

"နေပါစေတော့ ခရုလက်ထပ်လိုက်တယ်ပဲ ကိုကြီးသိပါစေ၊
င်ခြားကို နောက်ဆံမတင်းဘဲနဲ့ ကိုကြီးထွက်သွားပါစေ"

"ခရုတစ်ယောက်ထဲ မနေသင့်တော့ပါဘူးကွယ် ... မောင်
တနောက် လိုက်သွားပါ"

"ရှင်"

"ဘယ်သူတွေ ဘာပဲပြောပြောလေ ... ခရုနဲ့မောင်သုတ
ယ်လိုပဲနေနေ ပြောဆိုနေကြတာပဲ မဟုတ်လား ... "

"ဟင့်အင်း ... ခရုဘယ်တော့မှ ကိုကြီးနောက် လိုက်မသွား
ပါဘူး၊ ခရုကြောင့် ကိုကြီးဘဝ နိမ့်ကျခဲ့ရတာပါ၊ ဒေါ်ခင်ခင်သာ
ပြောပြပါနဲ့ ... ခရုတို့ တရားဝင်လက်ထပ်လိုက်ကြပြီလို့ပဲ ပြော
ပါနော်"

ဒေါ်လေးခင်ခင်အား ခရု အနူးအညွတ် တောင်းပန်မိသည်။
ကြီး သွားပါစေ။ မနက်ဖြန် သွားဖို့စီစဥ်ထားတယ်ဆိုတာ ခရု
သား၏။ ကိုခြိမ့်ရဲ့ ... ရှင် ဘာဖြစ်လို့ ဒီလို လူမဆန်တဲ့အလုပ်တွေ
ခဲ့ရတာလဲ။ ခရု ကံဆိုးခြင်းလား။ ကိုခြိမ့်ရဲ့က ခရုနှင့် လုံးဝ
က်အသွယ်မလုပ်တော့ပေ။ ခရု သတင်းတစ်ခု ထပ်ကြားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာက မိခင်သဘောတူတဲ့ မိန်းမကို လက်ထပ်ယူလိုက်ခြင်းပင် ဖြစ်သည်။

"မောင်ခြိမ့်ရဲ့က ခရုကို လက်မထပ်တာက ခရုကံကောင်းခြင်းပဲနော် … ခရုနဲ့အတူတူနေနိုင်မယ့်သူမှ မဟုတ်တာ၊ ဒေါ်လေး ခင်တို့ စောင့်ရှောက်ပေးပါ့မယ်"

"ကိုကြီး စိတ်အေးပါစေ … တောင်းပန်ပါတယ်၊ ဒေါ်လေး ခင်ခင်ရယ် … ခရုကိစ္စ လုံးဝမပြောပါနဲ့နော်"

"အင်းလေ … ခရုဆန္ဒဆိုတော့ ဒေါ်လေးခင်ခင် ကတိပေး ပါတယ်၊ မောင်သုတ လုပ်ငန်းတွေ စရဦးမယ် … စိတ်ဖြောင့်ဖြောင့် လုပ်နိုင်ပါစေလေ"

နောက်နေ့တွင် ကိုကြီးနိုင်ငံခြားကို ထွက်သွားကြောင်း ခရု သိလိုက်ရသည်။ ခရု ဝမ်းသာကျေနပ်သွားခဲ့ရ၏။ ခရု အားမငယ် ဘူး။ ကံကြမ္မာက ဒီလိုပဲဆိုရင်လည်း ဒီလိုပဲပေါ့လေ။ အမေပင် ခရု လက်မထပ်ဖြစ်ဘူးဆိုတာ မသိပေ။

"သမီးအိမ်ထောင်ရေး အဆင်ပြေရဲ့လားကွယ်၊ ယောကျ်ား ကရော လာနောက်ယှက်သေးလား"

"အဆင်ပြေပါတယ် အမေ … ကိုခြိမ့်ရဲ့က ခရုကိုချစ်တယ် အရမ်းလည်း အလိုလိုက်ပါတယ်"

"အမေ့သမီးလေး ကံကောင်းလာပါပြီ၊ လိမ်မာတဲ့ခရုလေး





တစ်နေ့နေ့တော့ ပျော်ရွှင်စရာတွေကို ပိုင်ဆိုင်ရမှာပါ"

ခရုမှာ တခြားအနှောက်အယှက်တွေ လုံးဝရှိမနေတော့။ ကိုကြီးက ကုမ္ပဏီတစ်ခု ထူထောင်နိုင်တဲ့ ငွေကြေးတွေ လက်ခွဲ ထားခဲ့သည်။ ခရုတစ်ယောက်ထဲ အင်အားတွေအပြည့်နှင့် ဘဝကို ကြိုးစားရုန်းကန်နေခဲ့၏။

အချိန်တွေကြာလာသည်နှင့်အမျှ ခရုရဲ့ စီးပွားရေးလုပ်ငန်း တွေ အောင်မြင်လာခဲ့သည်။

ကိုခြိမ့်ရဲ့ကတော့ ထုံးစံအတိုင်း ရှုပ်ပွေတဲ့သတင်းတွေ မကြာ ခဏ ကြားနေခဲ့ရ၏။ သူ့မာမီ သေဆုံးတဲ့သတင်းကိုလည်း ခရု ကြားခဲ့ရသည်။

"ငွေခရု … မင်းကို ကိုယ်အထင်သေးမိတာ မှားတယ် … ကိုယ့်မာမီရှာပေးတဲ့ ဇနီးက အရမ်းမာနကြီးပြီး မာမီ့ကိုတောင် လေးမစားနဲ့ ရန်သူလိုပဲ … မင်းနဲ့လက်ထပ်ခဲ့ရမှာပါ"

ငွေခရုက အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်သွား တော့ ကျဆုံးရသူက ကိုခြိမ့်ရဲ့ပင်။ ခရုကို အထင်သေးပြီး မသင့်တာ စိတ်တွေ များလာ၍ မာမီ့စကားကိုပဲ နားထောင်လိုက်သည်။

"မင်းနဲ့ကိုသုတကို လုံးဝမသင့်တာဖြစ်မိတယ်၊ မင်းပန်တော် ဘူလို့ ကိုယ့်မာမီက တတွတ်တွတ်ပြောနေတယ်၊ ကိုယ်လည်း နား



www.burmeseclassic.com

www.burmeseclassic.com



ယောင်မိသွားတယ် ခရုရယ် ... ”

“ကျေးဇူးတင်ပါတယ် ကိုခြိမ့်ရယ် ... ကျွန်မဘဝတစ်လျှောက်လုံး ရှင့်ရဲ့ အထင်သေးစကားတွေနဲ့ စွပ်စွဲပုတ်ခတ်မှုတွေက လွတ်ကင်းခဲ့ရလို့လေ ... ”

ခရု လက်မထပ်ဖြစ်ခဲ့တာကို တစ်နှစ် နှစ်နှစ်အထိ ကိုကြီးလုံးဝ မသိခဲ့။ ကိုကြီး စီးပွားရေးလုပ်ငန်းတွေ အောင်မြင်နေတဲ့သတင်းတွေလည်း ကိုကြီးအလုပ်သမားတွေကတစ်ဆင့် ခရု ကြားနေရသည်။

“ခရုရယ် ... မောင်သုတကိုတော့ အသိပေးသင့်ပါပြီ၊ နှစ်တွေလည်း ကြာနေပြီပဲ ... ပတ်ဝန်းကျင်က ဘာပဲပြောပြော ခရုလေးတို့ ပျော်ရွှင်စေချင်တယ်လေ ... ”

မမ ပန်းရောင်ခြယ်ကိုယ်တိုင် ခရုကို လာရောက်တောင်းပန်ခဲ့သည်။ မောင့်ကို နားလည်မှုမပေးနိုင်ခဲ့တာ မမခြယ်ရဲ့ အကြီးမားဆုံး အမှားပါတဲ့။ မမခြယ် အိမ်ထောင် ထပ်ပြုခဲ့တာလည်း အဆင်မပြေခဲ့ပေ။ ကိုကြီးလုပ်ငန်းတွေလည်း ကျဆုံးပျက်စီးသွားခဲ့ရသည်။ လောကကြီးထဲမှာ အမှန်တရားတွေဆိုတာလည်း ရှိနေခဲ့တာပဲလေ။ ကိုကြီးကို ခရုသတိရတမ်းတနေမိပေမယ့် အစ်ကိုတစ်ယောက်ကဲ့သို့ပင် ခရု ဖြူစင်စွာ ပတ်သက်ချင်ခဲ့၏။ အချစ်ဆိုတာ





က ပူလောင်မှုပဲ မဟုတ်လား။ ဒေါ်လေးခင်ခင်တို့ကရော မမခြယ်ရော ကိုခြိမ့်ရဲ့တို့ကရော ခရုကို တိုက်တွန်းပြောဆိုနေခဲ့ကြပေမယ့် ကိုကြီးနှင့်တွေ့ဆုံဖို့ ရှက်ရွံ့ကြောက်လန့်တုန်လှုပ်နေဆဲပင် ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၂ )

အမေ ထောင်ကလွတ်တဲ့နေ့တွင် ခရု သွားရောက်ကြိုဆိုခဲ့သည်။ ထောင်ဒဏ် ငါးနှစ်အပြစ်ဒဏ်ကျတဲ့ အမေ။ လေးနှစ်နှင့်လွတ်လာခဲ့၏။ ခရုကို လန်းဆန်းတက်ကြွပြီး ကိုယ်တိုင်ကားအကောင်းစားကြီး မောင်းလာတော့ အမေက ပျော်ရွှင်ကျေနပ်သွားသည်။

"အမေ့သမီးလေး ခရု ... တကယ့်ကို တည်ငြိမ်ရင့်ကျက်သွားခဲ့တာပဲ၊ အမေ ဝမ်းသာလိုက်တာကွယ် ... ဒါနဲ့ သမီးနဲ့အတူရှိ မောင်ခြိမ်ရဲ့ရော လိုက်မလာဘူးလား၊ သမီးတို့ ကလေးလည်း မရကြ ဘူးနော်"

အမေ့ကို ခရု ဘာမှမပြောဘဲ ခရုပိုင်ဆိုင်တဲ့ ခြံကြီးထဲခေါ်လာခဲ့သည်။

"ခရုလေး အရမ်းကိုချမ်းသာနေတာပဲ ... အမေ စိတ်ချမ်းသာလိုက်တာကွယ်"





ဒေါ်ရွှေနှစ်ကတော့ သမီးရဲ့အောင်မြင်မှုအတွက် စိတ်ချမ်းသာနေရသည်။ ခြံကလည်း အကျယ်ကြီးပဲ။ တိုက်ကြီးကလည်း လှလိုက်တာ။ ဒေါ်ရွှေနှစ် စိတ်ထဲမှာ အလိုမကျမိတာက မောင်ခြိမ်ရဲ့ကို မတွေ့တာဘဲ။

"သမီးခရု ... မောင်ခြိမ်ရဲ့ရောဟင် ... ခရီးထွက်နေတာလား၊ ထောင်ထွက်အမေ့ကို လက်ခံချင်တဲ့ဆန္ဒတွေရော ရှိရဲ့လားကွယ်၊ အမေ့ကို မငဲ့နဲ့နော်၊ အမေရိပ်သာမှာပဲ သွားနေမှာပါ"

"အမေ"

"ဟင်"

"ကိုခြိမ်ရဲ့နဲ့ခရု လက်မထပ်ဖြစ်ခဲ့ကြပါဘူး"

"ဘာပြောတယ် သမီး"

"သူက သူ့အမေစကားကို နားထောင်ပြီး တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်ဖြစ်သွားတယ်၊ ခရုတစ်ယောက်ထဲ ဘဝကို ကြံ့ကြံ့ခံ ရုန်းကန်ခဲ့တာပါ"

"ခရုလေးရယ်"

"အမေ့ကို အသိမပေးတာပါ၊ ခရုအတွက် အမေစိတ်ထိခိုက်ကြေကွဲရမှာစိုးရိမ်လို့ပါ"

"အမလေး သမီးအလိမ္မာလေး ခရု ... အမေဝမ်းသာလိုက်တာ"

"ခရု လက်မထပ်ဖြစ်တာ ကိုကြီးတောင် အခုထိမသိပါဘူး"

www.burmeseclassic.com



"ဟုတ်လားကွယ် ... မောင်သုတကိုတော့ သမီးခရု ဥပေက္ခာ ပြုမထားသင့်ဘူးထင်တယ်"

ခရု ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့အဖြစ်တွေကို ပြောပြလိုက်သည်။ အမေက ရင်သပ်ရှုမော နားထောင်ရင်း ခရုကို တင်းကြပ်စွာပွေ့ဖက်ထားခဲ့၏။ ခရုအတွက် အမေ ထောင်ကျရကျိုး နပ်ပါတယ်ဟု ပြောခဲ့သည်။

"ခရုတို့မှာ စိတ်ဆင်းရဲစိတ်သောကရောက်စရာ ဘာမှမရှိတော့ပါဘူးအမေ ... "

"ခရုလေး"

"ရှင်"

"အမေတို့ ပျော်ရွှင်ရမယ့်အချိန်တွေကို မောင်သုတလည်း ပါဝင်ဖြတ်သန်းသင့်တယ်လို့ အမေထင်တယ်"

ခရုကတော့ ကိုကြီး သူ့ဟာသူနေတာပဲ စိတ်လုံသည်။ ကိုကြီးအကြောင်း စဉ်းစားမိတိုင်း ရင်တွေ တဆတ်ဆတ်တုန်ရီလာရကာ ရှက်လည်း ရှက်နေခဲ့၏။ ခရု လက်မထပ်ဖြစ်ဘူးဆိုတာကို ပြောမယ် တကဲကဲလုပ်နေတဲ့ ဒေါ်လေးခင်ခင်ကိုလည်း ခရု အနူးအညွတ် တောင်းပန်ထားရသည်။

"မောင်သုတက ခရုတို့အိမ်ထောင်ရေး အဆင်ပြေရဲ့လားလို့ မကြာခဏ မေးနေတယ်၊ ကလေးတွေကို ရပြီလားတဲ့လေ"

"ကိုကြီးကို ဒီအတိုင်းပဲ ထားပေးပါ ဒေါ်လေးရယ် ... ခရု

ဖိုးလပြည့်စာပေ



အရမ်းရှက်တယ်၊ မပြောပါနဲ့ဦးနော်"

အမေနှင့်ခရု စိတ်သောကတွေ ကင်းဝေးစွာဖြင့် စည်းစိမ်ချမ်းသာတွေ ပြည့်စုံနေတဲ့ ဘဝလေးမှာ ခရုနေထိုင်ဖြတ်သန်းရင်း ကိုကြီးကိုလည်း သတိရမိသည်။ လေးနှစ်ဆိုတဲ့ ကာလအပိုင်းအခြားက ကိုကြီးနှင့်ခရုတို့ ပြန်ဆုံဖို့ သင့်ပြီဟု အမေက ပြောနေခဲ့၏။ ကိုကြီး မကြာခင် မြန်မာပြည်ကို ပြန်လာစရာရှိသည်ဟု ဒေါ်လေးခင်က ပြောသည်။

"မောင်သုတ ပြန်လာလိမ့်မယ်၊ ခရုကိုယ်တိုင် သွားကြိုသင့်တယ်ကွယ်"

အမေကလည်း ကိုကြီးအားအဖြစ်မှန်တွေ ထုတ်ဖော်ပြောဆိုဖို့ အချိန်တန်ပြီဟု ပြောခဲ့သည်။

"အမေလည်း အသက်ကြီးပြီ ခရုလေးရယ် ... လောကဓံတွေက ကြမ်းတမ်းလွန်းလို့ ကျန်းမာရေးတွေ ထိခိုက်လာရတယ်၊ သမီးကို တစ်ယောက်ထဲ မထားချင်ဘူး"

အမေပြောတဲ့စကားတွေရဲ့ အဓိပ္ပာယ်ကို ခရုသိနေသည်။ ကိုကြီးနှင့်လက်ထပ်စေချင်သည့် သဘောပဲ။ ဟင့်အင်း ခရု ရှက်ပါတယ်။ ကိုကြီးနှင့်မျက်နှာချင်းဆိုင်ရမှာပင် ခရု ဝန်လေးနေသည်။

"ကိုမြဲ့ရဲ့နဲ့ခရုကို ကိုကြီးက သဲသဲယဝင်နေနိုင်တယ်အမေ"

"မောင်သုတက သဘောထားသေးသိမ်တဲ့ ယောက်ျားတစ်ယောက် မဟုတ်ပါဘူး သမီးရယ် ... "

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခရုလည်း ကိုကြီးနှင့်အမြန်ဆုံး တွေ့ချင်နေသည်။ သွားကြို ဖို့ သတ္တိမရှိပေမယ့် အမေရဲ့ တိုက်တွန်းမှုနှင့် ကိုကြီးရှိနေတဲ့ ခြံကြီးတွင် သွားရောက်တွေ့ဆုံဖို့တော့ ဆုံးဖြတ်ထားသည်။

"မောင်သုတ မနက်ရောက်မယ်၊ ခရုလေး သွားမကြိုချင်ဘူးဆိုရင်တောင် ခြံကြီးထဲမှာ သွားစောင့်နေသင့်တယ်ကွယ်"

ကိုကြီးအား လေယာဉ်ကွင်းမှာ သွားကြိုနေတဲ့ အချိန်တွင် ခရုကတော့ ကိုကြီးနှင့်အတူတူနေထိုင်ခဲ့တဲ့ ကိုကြီးပိုင်ခြံကြီးထဲမှာ သွားရောက်စောင့်ဆိုင်းနေမိသည်။

"ကိုကြီးရယ် ... ခရု ရင်တွေအရမ်းတုန်နေတယ်၊ ကိုကြီးကို အတိတ်မေ့ချင်ယောင်ဆောင်ပြီး နေခဲ့တဲ့အချိန်လေးတွေကို လွမ်းဆွတ်တမ်းတနေပါတယ်"

ခရုတစ်ယောက်ထဲ ခြံကြီးထဲမှာ ရပ်နေရင်း ကိုကြီးပြန်အလာကို စိတ်လှုပ်ရှားလွမ်းမောစွာဖြင့် စောင့်နေစဉ်မှာပင် ကိုကြီးအားကြိုတဲ့ ကားက ခြံကြီးထဲဝင်လာသည်။ ကားပေါ်မှ ဆင်းဆင်းခြင်းပင် ခရုအနားသို့ လျှောက်လာသည်။

"ငွေခရု ... မင်းက ဘာဖြစ်လို့ လာမကြိုရတာလဲ၊ မင်းယောက်ျားခြံရဲ့က မကြိုနိုင်းလို့လား၊ ဘယ်မှာလဲ ခြံရဲ့ ... ဒီကောင် ဒီအချိန်အထိ သဝန်ကြောင်နေတုန်းပဲလား"

ကိုကြီး ... အရမ်းကို ပြောင်းလဲသွားခဲ့တာပဲ။ ရင့်ကျက်တည်ငြိမ်မှုတွေနှင့်အတူ အရမ်းလည်း ချောမောခန့်ညားနေသည်။ ကိုကြီး





အား သွားကြိုတဲ့ ခြံစောင့်ကြီးနှင့် ဒေါ်လေးခင်တို့က တိုက်ကြီးထဲဝင်သွားကြသည်။

"ကိုကြီး"

"ဟင်"

"ခရုနဲ့ကိုခြံရဲ့ လုံးဝ လက်မထပ်ဖြစ်ခဲ့ကြပါဘူး"

"ဟင် ... ဘာပြောတယ် ခရု"

"ကိုကြီး အလုပ်တွေဖြောင့်ဖြောင့်တန်းတန်း လုပ်နိုင်ဖို့ပါ၊ မင်္ဂလာဆွမ်းကျွေးတဲ့နေ့မှာ သတို့သားလောင်း ကိုခြံရဲ့က ရောက်မလာခဲ့ပါဘူး"

"ဒီကောင် ဘာလုပ်တာလဲ၊ လူမဆန်တဲ့ကောင် ... ခရု အစောကြီးထဲက ကိုကြီးကို ပြောသင့်တယ်"

"ပြီးတာတွေ ပြီးပါစေတော့ ကိုကြီးရယ် ... အမေလည်း လွတ်လာပါပြီ၊ ခရုလည်း ဘဝကို အကောင်းဆုံးတည်ဆောက်နိုင်ခဲ့ပါတယ်"

"ကြည့်စမ်း ... ခရုလေး မင်းတော်တော် ရက်စက်တာပဲ၊ ကိုကြီးကို ဘာဖြစ်လို့ မပြောရတာလဲကွာ ... အစောကြီးကသာ သိခဲ့ရင် ... "

သုတစကားကို မဆက်ဖြစ်တော့။ သူ ချစ်ရတဲ့ခရုကို လွမ်းရင်း နာကျင်ကြေကွဲမှုတွေ ခံစားရင်း အချိန်တွေကို ကြိုး[illegible] သန်းနေခဲ့ရသည်။ ခရုလေးက သူ့ထက်ပင် အသိတရား[illegible]



www.burmeseclassic.com

www.burmeseclassic.com



လူကြီးဆန်သည်။

"ခရုလေးရယ် ... တော်ပါသေးရဲ့ကွာ၊ ကိုကြီး လူပျိုကြီးဖြစ်နေသေးလို့ပေါ့"

"ကိုကြီးနော် ... ဘာတွေလာပြောနေတာလဲ၊ ရှက်တယ်"

"ဘာရှက်စရာရှိလဲ ခရုရာ ... ကိုကြီးတို့နှစ်ယောက်က အတိတ်ဘဝက ရေစက်တွေရှိခဲ့တဲ့ ဖူးစာရှင်တွေ ဖြစ်နိုင်တယ်လေ၊ ကိုကြီးတို့နှစ်ယောက် ပေါင်းဖက်ဖို့အတွက် အချိန်တွေက လုံလောက်ပါပြီ၊ ရှက်ကြောက်ဖို့ စိုးထိတ်နေစရာ မလိုတော့ပါဘူးကွာ"

"ကိုကြီးရယ်"

ခရု ဘယ်လိုမှ ထိန်းချုပ်ဟန်ဆောင်မာယာများပြမနေတော့ဘဲ ကိုကြီးအနား တိုးကပ်သွားကာ ကိုကြီးရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားပစ်လိုက်သည်။ ကြားလေသွေးရင်တောင် ဝေးသွားမှာ အရမ်းကြောက်တာပဲ ကိုကြီးရယ်။ ကိုကြီးလက်တွေကလဲ ခရုကိုယ်လုံးလေးအား တင်းကြပ်စွာ ပွေ့ဖက်ထားသည်။

ရှင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com